# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**တပ်မက်မှုကိုစွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၃)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၄၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ရောက်ရှိ

## ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး ၁၂ ဦးနှင့်တွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး ၁၂ ဦးတို့နှင့် တွေ့ဆုံစဉ် (သတင်းစဉ်)

**ဟီသရိုး(လန်ဒန်) စက်တင်ဘာ ၁၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့ခရီးစဉ်၊ အမေရိကန်နိုင်ငံ တရားဝင်ခရီးစဉ်နှင့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် စက်တင်ဘာ ၁၀ ရက်က ရန်ကုန်မြို့မှ ထွက်ခွာလာရာ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဟီသရိုးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အန်ဒရူးပက်ထရစ်တို့က ဟီသရိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ပုဂံငလျင်၊ သဘာဝရဲ့ ငြင်းပယ်မှုနဲ့ အင်းဝပုဏ္ဏာ**

စာမျက်နှာ-၆

**အမေရိကန်သမ္မတအိုဘားမား၏အရေးယူပိတ်ဆို့မှုများကို အရေးမစိုက်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ပြောကြား**

စာမျက်နှာ-၁၀


KBZ BANK

STRENGTH OF MYANMAR

သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# လမ်းပန်းဆက်သွယ်ရေးနှင့် ပြဿနာအထွေထွေ

ပြီးခဲ့သောလအတွင်းကစ၍ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ ကလေးငယ်များ ဝက်သက်ရောဂါနှင့် အခြားကူးစက်ရောဂါများကြောင့် တဖြုတ်ဖြုတ်သေဆုံးမှုများဖြစ်နေခဲ့ပါသည်။ ယခုအချိန်အထိ ကလေးငယ် ၈၀ ခန့် သေဆုံးခဲ့သည်ဟု သိရရာ အတော်ပင်များပြားလှသော ပမာဏဟုဆိုရပါမည်။

ထိုနာဂဒေသကလေးငယ်များ သေဆုံးရမှုအကြောင်းရင်းမှာ ပထမ ၂၀ ခန့်သာ ဝက်သက်ရောဂါလက္ခဏာကို တွေ့ရပြီး အခြားသူများကတော့ အခြားကူးစက်ရောဂါလက္ခဏာတွေနဲ့ သေဆုံးရခြင်းဖြစ်သည်ဟု ဒေသခံများက ပြောကြောင်းလည်း သိရသည်။ နာဂဒေသကလေးငယ်အများစုမှာ အာဟာရဓာတ်မပြည့်ဝမှုများနေသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် တောင်ယာသီးနှံများ အပြည့်အဝမရသည်မှာ နှစ်အတန်ကြာခဲ့ပြီး ဆန်ကို ပုံမှန်မစားရသည်မှာ နှစ်နှင့်ချီ၍ကြာခဲ့ပြီဟုလည်း ဆိုပါသည်။

ဤအဖြစ်အပျက်များမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏မြို့နယ်သုံးခုဖြစ်သော လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များ၌ ဖြစ်ပွားနေခြင်းဖြစ်သည်။ ၎င်းမြို့နယ်သုံးခုမှာ ကျေးရွာများသို့ချိတ်ဆက်သော လမ်းများမှာ လုံးဝအဆင်မပြေသော အခြေအနေဖြစ်သည်။ ထိုမြို့နယ် သုံးခုသို့လည်း လမ်းကြောင်းသုံးခုမှသွားရခြင်းဖြစ်သည်။ ယခု ထိုဒေသသို့ အစားအသောက်များထောက်ပံ့ရန်သွားကြသော တာဝန်ရှိသူများနှင့် ပရဟိတအဖွဲ့များပင် ဒုက္ခရောက်နေသောရွာများသို့ရောက်ရန် ခက်ခက်ခဲခဲသွားကြရသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းက ပြဿနာများကို ပိုမိုဆိုးရွားစေခြင်းဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ လိုအပ်နေသော ပြဿနာဖြစ်ပြီး ဝေးလံခေါင်ဖျား တောင်တန်းဒေသများတွင် ပို၍လိုအပ်နေပါသည်။ ကမ္ဘာ့ဘဏ်က ထုတ်ပြန်ချက်တစ်ခုတွင် မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍသည် အရှေ့တောင်အာရှတွင် အနိမ့်ဆုံးဖြစ်နေသည်ဟု ဖော်ပြထားသည်။ ၂၀၁၄ ခုနှစ်စာရင်းများအရ မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးအခြေခံအဆောက်အအုံသည် နိုင်ငံပေါင်း ၁၆၀ တွင် အဆင့် ၁၃၇ သာရှိသည်။

ဝေးလံသော တောင်တန်းဒေသများတွင် သေဆုံးရမှုများမှာမြို့ကြီးများမှာကဲ့သို့ သွေးတိုး၊ နှလုံး၊ ဆီးချို စသောရောဂါများမဟုတ်ဘဲ မသေဆုံးသင့်ဘဲ သေဆုံးရသောကိစ္စများက ပို၍များသည်။ ငှက်ဖျား၊ ဝမ်းပျက်ဝမ်းလျှော၊ မေးခိုင်ရောဂါစသော ရောဂါများအပြင် အခြားသောကူးစက်ရောဂါများကြောင့် အရွယ်မတိုင်မီသေဆုံးရမှုက များပြားလှသည်။ အဓိအားဖြင့် လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် လိုအပ်သော အသိအမြင်ဗဟုသုတနည်းပါးခြင်း၊ အချိန်မီ ဆေးဝါးကုသရန် မလွယ်ကူခြင်း၊ စီးပွားရေးအဆင်မပြေမှု၊ ဆင်းရဲနွမ်းပါးမှုများကြောင့် ဆေးဝါးကုသဖို့မတတ်နိုင်ခြင်းစသော ပြဿနာအထွေထွေဖြစ်လာရသည်။

ယခုအစိုးရလက်ထက်တွင် လူကယ်ပြန်ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ကပ်ဘေးကိစ္စများ၊ ကျန်းမာရေးကိစ္စများ အထိုက်အလျောက်ဖြေရှင်းနိုင်သော်လည်း တကယ်တမ်းပြီးမြောက်အောင်မြင်ဖို့ အလှမ်းဝေးနေသေးသည်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်များ တဖြည်းဖြည်းတိုးမြှင့်လာခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပညာရေးအသုံးစရိတ်မှာ စုစုပေါင်းဘတ်ဂျက်၏ ၆ ဒသမ ၇၉ ရာခိုင်နှုန်း၊ ကျန်းမာရေးအသုံးစရိတ် ၃ ဒသမ ၆၅ ရာခိုင်နှုန်း၊ လူမှုဝန်ထမ်းအတွက် ၀ ဒသမ ၀၇ ရာခိုင်နှုန်း စုစုပေါင်း ၁၀ ဒသမ ၅၀ ရာခိုင်နှုန်းခန့်ရှိလာခဲ့သည်။ GDP အချိုးနှင့်တွက်လျှင် သုံးရာခိုင်နှုန်းသာရှိသည်။ ထိုင်းနိုင်ငံ၏ပညာရေး၊ ကျန်းမာရေးအသုံးစရိတ်မှာ GDP ၏ ၁၀ ရာခိုင်နှုန်းလောက်ရှိသည်မှာ ကြာပြီဖြစ်ရာ မြန်မာနိုင်ငံအခြေအနေနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

ဝေးလံသော တောင်တန်းဒေသများသို့ ဆယ့်နှစ်ရာသီသွားနိုင်သော လမ်းများရှိရေးနှင့် ဒေသတွင်းကျေးရွာချင်းဆက်လမ်းများအတိရှိရေးမှာ အစိုးရများအတွက် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများဖြစ်ပါသည်။ အသွားအလာခက်ခြင်းအားဖြင့် အနေဝေးခြင်းဖြစ်စေပြီး တိုင်းရင်းသားချင်းနားလည်မှု၊ ချစ်ခင်စည်းလုံးမှုကိုပါ ထိခိုက်စေပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်ကိစ္စမှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပါ ဆက်စပ်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။




## ကမ္ဘာ့ငြိမ်းချမ်းရေးအထိမ်းအမှတ်ညီလာခံကြီး မိတ္ထီလာမြို့၌ စုပေါင်းကျင်းပမည်

**မိတ္ထီလာ စက်တင်ဘာ ၁၁**

မိတ္ထီလာမြို့တွင် ငြိမ်းချမ်းရေးကို လိုလားကြသော မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူများ၊ အသင်းအဖွဲ့များက စုပေါင်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးအထိမ်းအမှတ် ညီလာခံကြီးကို စက်တင်ဘာ ၂၁ ရက်တွင် တော်ဝင်နန်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေးအထိမ်းအမှတ်ညီလာခံကြီးကို မိတ္ထီလာ၊ ဝမ်းတွင်း၊ သာစည်၊ မြင်းခြံ၊ တောင်သာ၊ ပုဂံညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်ကြီး၊ အောင်ပန်း၊ ကလော၊ ယင်းမာပင်မြို့များမှ တစ်မြို့လျှင် ညီလာခံကိုယ်စားလှယ် ၂၀ မှ ၃၀ အထိ စုပေါင်းတက်ရောက်ကြမည်ဖြစ်သည်။ ညီလာခံကြီးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ညီလာခံကိုယ်စားလှယ်များ ၅၀၀ ခန့် တက် ရောက်ကြမည်ဖြစ်သည်။ **တင်လှိုင်-မိတ္ထီလာ**

# ခရမ်းမြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၁**



ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပိန်းကန်စံပြကျေးရွာတွင် တည်ဆောက်ပြီးစီးသည့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ဖွင့်လှစ်ပွဲကို စက်တင်ဘာ ၉ ရက်က အဆိုပါဆေးရုံရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးမြတ်ဝဏ္ဏထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**(ယာပုံ)**

ထို့နောက် ဆေးရုံခန်းမ၌ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကို ကျင်းပရာ ပိန်းကန်ကျေးရွာနေပြည်သူများက တိုက်နယ်ဆေးရုံသစ်တွင် အသုံးပြုရန်အတွက် တန်ဖိုးငွေကျပ် ၅၅ သိန်းတန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းမျိုးစုံကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ ပိန်းကန်စံပြ ကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်မှုကြောင့် တိုက်နယ်အတွင်း ကျေးရွာအုပ်စု ၈ အုပ်စု ကျေးရွာပေါင်း ၃၃ ရွာ ကျေးရွာနေပြည်သူ ၂၆၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုများ လွှမ်းခြုံကုသပေးနိုင်တော့မည်ဖြစ်၍ ကျေးရွာနေပြည်သူများမှာ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ကျေးရွာချင်းဆက်တံတား ပြန်လည်ပြုပြင်ရန်လုပ်ငန်း စတင်ဆောင်ရွက်

**ဖဲ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဖဲမြို့နယ် မန်းဆုံ-အောင်ပင်လယ် ကျေးရွာချင်းဆက်သွယ်သော အရှည်ပေ ၂၀၀၊အကျယ် ၁၂ ပေရှိ ကွန်ကရစ်တံတားသည် ဇူလိုင် ၃၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ပန်းတိမ်းမန်းချောင်း ရေတိုက်စားမှုကြောင့် မန်းဆုံဘက်ခြမ်း ရေလယ်တိုင်နိမ့်ကျသွားသည့်အတွက် ပေ ၃၀ ခန့် ပြုတ်ကျသွားခဲ့ရာ ဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စက်တင်ဘာ ၁၁ ရက်တွင် မန်းဆုံ-အောင်ပင်လယ် ကျေးရွာချင်းဆက်တံတားပြန်လည်ပြုပြင်ရန်အတွက် ရေစီးလမ်းကြောင်း လွှဲပြောင်းခြင်း လုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ဖဲ)**



## ဇီကာပိုင်းရပ်စ် အသိပညာပေးဟောပြော

**ဗန်းမော် စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒွေ့ဖုန်းယန်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဇီကာပိုင်းရပ်စ်ရောဂါကာကွယ်ရေးနှင့်ပတ်သက်သည့် ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အမှာစကားပြောကြားပြီး မိုးမောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့် (၁) ဦးအောင်ကျော်စိုးက ဇီကာပိုင်းရပ်စ် ရောဂါကာကွယ်ရေး နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၆.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပြီး ဘက်မလိုက်သည့်မူဝါဒကို ကျင့်သုံးနေ

*✻ ရှေ့ဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လန်ဒန်မြို့ရှိ ခေတ္တတည်းခိုသည့် မြန်မာသံရုံး၌ ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသတို့မှ မြန်မာသံအမတ်ကြီး ၁၂ ဦးတို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒနှင့် လမ်းစဉ်များ၊ ဦးစားပေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံက ကျင့်သုံးနေသည့် နိုင်ငံခြားရေးမူဝါဒများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာဆက်ဆံပြီး ဘက်မလိုက်သည့်မူဝါဒကို ကျင့်သုံးနေပါကြောင်း၊ သံတမန်ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့်နိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ဟီသရိုးလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

သံအမတ်ကြီးများကလည်း မိမိတို့တာဝန်ထမ်းဆောင်နေသည့်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ သံရုံး၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲသို့ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်း၊ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဟန်သူ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်၊ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်၊ ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအေးခိုင်၊ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုလတ်၊ ဆာဘီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မော်မော်၊ ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစန်းလွင်၊ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




## သဘာဝဘေးကြောင့် ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့် သာသနိကအဆောက်အအုံများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရား ပုထိုး စေတီများ ပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ဒေါ်ရွှေပု(ရွှေပြည်စိုးကိုယ်ပိုင်အထက်တန်းကျောင်း)က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရေဘေးသင့်သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံဘုရား ပုထိုး စေတီများပြုပြင်ရန် ငွေကျပ်သိန်း ၁၀၀၊ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်း ၈၀နှင့် ချင်းပြည်နယ် မင်းတပ်မြို့ သာသနိကအဆောက်အအုံများ ပြုပြင်ရန် ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**(အပေါ်ပုံ)**၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်စကြာဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ဒေါက်တာစန္ဒသိရီက ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများနှင့်အတူ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**


**ပြည်မြို့ ရထားရဲတပ်ဖွဲ့ ရထားရဲစခန်း(ပြည်)မှ ရဲအုပ်ကျော်မင်းဦးနှင့်တပ်ဖွဲ့ဝင်များ စက်တင်ဘာလ ပထမပတ်က ရွှေဆံတော်စေတီရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေသည်ကို တွေ့ရစဉ်**
(ခရိုင် ပြန်/ဆက်)

## ပြည်ထောင်စုဝန်ကြီး နာနတ်တောယာယီထိန်းသိမ်းရေးစခန်းအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ကျင်းပသည့် အလှူရှင် ဒေါ်ရွှေပု၏ ရေဘေးသင့်သာသနိက အဆောက်အအုံများ၊ ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ပုဂံဘုရားစေတီပုထိုးများ ပြုပြင်ရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၈၀ ကို လက်ခံရယူကာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမာရွတ်မြို့နယ်ရှိ နာနတ်တော ယာယီထိန်းသိမ်းရေးစခန်းသို့ ရောက်ရှိပြီး ယာယီထိန်းသိမ်းထားရှိသူများ၏ နေထိုင်စားသောက်မှု အခြေအနေ၊ ကျန်းမာရေးအခြေအနေများနှင့် အဆောက်အအုံများ စနစ်တကျ မွမ်းမံပြုပြင်ရန် လိုအပ်မှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားသည်။

မွန်းလွဲပိုင်းတွင် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသို့ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ပညာပေးအစီအစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူဆွေးနွေးပြီး သဘာဝဘေးပညာပေး အသံလွှင့်ဇာတ်လမ်းများ ထုတ်လွှင့်နိုင်ရေး၊ ပညာပေးဇာတ်လမ်းတို ဗီဒီယိုများ ရိုက်ကူးပြသရေးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ် ကာလအတွင်း ရိုက်ကူးထားသော ဖြစ်ရပ်မှန်ဗီဒီယိုများရရှိ စုဆောင်းနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၁၁ ရက် မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** သပိတ်ကျင်းမြို့တွင် ၆ ဒသမ ၄၆ လက်မ၊ တံတားဦးမြို့တွင် ၅ ဒသမ ၈၃လက်မ၊ စဉ့်ကိုင်မြို့တွင် ၄ ဒသမ ၀၈ လက်မ၊ ငါန်းဇွန်မြို့တွင် ၃ ဒသမ ၉၂ လက်မ၊ ကန့်ဘလူမြို့တွင် ၃ ဒသမ ၃၄ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ ပင်လည်ဘူးမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ နမ့်စန်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကလေးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ကျောက်ဆည်မြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မာန်အောင်မြို့နှင့် ကော့သောင်းမြို့ တို့တွင် ၁ ဒသမ ၈၉ လက်မ၊ မင်းတပ်မြို့နှင့် ရန်ကုန်(ကမ္ဘာအေး)တို့တွင် ၁ ဒသမ ၈၅ လက်မစီ၊ ကသာမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၇၈ လက်မနှင့် ရေဦးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီတို့ ဖြစ်ကြသည်။

*✻ ကျောဖုံးမှ*

ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

တရုတ်နှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကိုက်ညီမည့် ရပ်ဝန်းတစ်ခု-လမ်းကြောင်းတစ်ခုနှင့် ၂၁ ရာစု ပိုးလမ်းမကြီးစီမံကိန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည့်စုံကြွယ်ဝမှုကို အတူတကွ ရရှိခံစားရမည်ဖြစ်ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် အာဆီယံအရှေ့ပိုင်းဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုများဖြင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို အဆင့်မြှင့်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် ဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲသည် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကို မြှင့်တင်ခြင်း၏ သင်္ကေတတစ်ခုအဖြစ် ရှုမြင်သည့်အားလျော်စွာ တရုတ်- အာဆီယံ ကုန်စည်ပြပွဲနှင့် ဆက်စပ်ဖိုရမ်များ နှစ်စဉ်ကျင်းပနိုင်ရန် တရုတ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ယခုနှစ်သည် အာဆီယံနှင့် တရုတ်နိုင်ငံတို့ ဆွေးနွေးဖက် ဆက်ဆံရေးတည်ထောင်ခြင်းဆိုင်ရာ ၂၅ နှစ်မြောက် နှစ်ပတ်လည် အခါသမယဖြစ်သဖြင့် "၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမကြီးကို အတူတကွ တည်ဆောက်ခြင်းဖြင့် အကျိုးစီးပွားမျှဝေကြမည့် ပိုမိုနီးကပ်သော တရုတ်-အာဆီယံ အသိုက်အဝန်းဆီသို့ ပူးတွဲတက်လှမ်းကြပါစို့" ဟူသည့် ဆောင်ပုဒ်သည် အလွန်ပင် အချိန်အခါသင့်ကာ လိုက်ဖက်မှုရှိပြီး အာဆီယံအသိုက်အဝန်းတည်ဆောက်ခြင်းနှင့်အပြိုင် အာဆီယံ-တရုတ် မဟာဗျူဟာကျသည့် မိတ်ဖက်ဆက်ဆံရေးတိုးတက်စေရန် အားပေးတိုက်တွန်းနေပါကြောင်း။

ပိုမိုကောင်းမွန်စွာ ပေါင်းစည်းဆက်သွယ်ထားသော အာဆီယံသည် စီးပွားရေးတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကွာဟချက်ကျဉ်းမြောင်းစေမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးတက်စေရေးတို့ကိုမြှင့်တင်ရာတွင် အဓိကကျသည်ဟု လက်ခံအသိအမှတ်ပြုပါကြောင်း၊ ဤနေရာတွင် အာဆီယံပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ မဟာစီမံကိန်း အကောင်အထည်ဖော်ခြင်းကို အထောက်အကူဖြစ်စေသည့် တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုများနှင့် အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုဘဏ်တည်ထောင်ရေး ဦးဆောင်ဦးရွက်ပြုမှုတို့ကို ကြိုဆိုပါကြောင်း။

အာဆီယံနှင့် တရုတ်နိုင်ငံတို့သည် ကုန်း-ရေ နှစ်သွယ်ထိစပ်နေသည့် အားလျော်စွာ တရုတ်နိုင်ငံ၏ ၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမ ဦးဆောင်ဦးရွက်ပြုမှုသည် ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတွင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အပြန်အလှန်လေးစားမှု၊ သာတူညီမျှ အကျိုးဖြစ်ထွန်းစေမှု၊ တူညီဆန္ဒတို့အပေါ် အခြေခံသည့် ၂၁ ရာစုပင်လယ်ရေကြောင်း ပိုးလမ်းမအကောင်အထည်ဖော်ရေးတွင် မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံတို့နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။




(၁၃) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပစဉ် (သတင်းစဉ်)

တစ်ခုတည်းသောရပ်ဝန်း၊ တစ်ခုတည်းသောလမ်းကြောင်း (One belt one road) သည် မဟာဗျူဟာကျသည့် အချက်များဖြစ်သည့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့် ဈေးကွက်အသစ်များ တိုးတက်ရရှိစေရန် ဖော်ဆောင်ပေးမည်ဟု ရှုမြင်ပါကြောင်း၊ အလားတူ ၂၁ ရာစုပင်လယ်ရေကြောင်းပိုးလမ်းမသည် ကုန်ထုတ်လုပ်မှု၊ အခြေခံအဆောက်အအုံနှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှု အစရှိသည့် နယ်ပယ်များတွင် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

အာဆီယံနှင့်တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အတွက် ဘုံတူညီသည့် အကျိုးစီးပွားများရှိကြပြီး အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ရည်မှန်းချက်ချင်းတူပြီး ပိုမိုနီးကပ်သော အသိုက်အဝန်းတစ်ရပ်ကို တည်ဆောက်နိုင်မည့် ၂ + ၇ မူဘောင်ကိုအခြေခံလျက် ဒေသတွင်းပေါင်းစည်းဆက်သွယ်ရေးအတွက် ကဏ္ဍစုံတွင် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တရုတ်နိုင်ငံတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူညီချက်အား အဆင့်မြှင့်တင်ခြင်းနှင့် အာဆီယံနှင့် တရုတ်နိုင်ငံအကြား ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ပြင်ဆင်ချက်အား လက်မှတ်ရေးထိုးခြင်းအားဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-တရုတ် နှစ်ဖက်ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံ ရရှိရေး ရည်မှန်းချက်ကို ပေါက်မြောက်ရန် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း မူဘောင်အတွင်းမှသာမက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများတွင်ပါ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်ရန် ဆန္ဒရှိပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၇ ရက်မှ ၂၁ ရက်အထိ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်နှင့် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ခရီးစဉ်တို့သည် အချိန်ကြာမြင့်စွာ တည်ရှိခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတောင့်တင်းခိုင်မာစေပါကြောင်း။

မိမိတို့အနေဖြင့် အိမ်နီးချင်းကောင်းမူဝါဒကိုစွဲကိုင်ပြီး နှစ်နိုင်ငံတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်လျက် မိမိတို့ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ကတိပြုပါကြောင်း။

တူညီသည့်ရည်မှန်းချက်အတွက် ပိုမိုနီးကပ်သည့် တရုတ်-အာဆီယံအသိုက်အဝန်းကို တည်ဆောက်နိုင်ရေးအတွက် ချစ်ကြည်ရင်းနှီးမှုနှင့် သာတူညီမျှရှိမှု မူဝါဒများနှင့်အညီ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် တရုတ်နိုင်ငံ သတင်းဌာန ရှစ်ခုမှ သတင်းသမားများအား လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်းသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် ကွမ်ရှီးကျွမ်း တိုင်းရင်းသားလူမျိုးစုများပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ကွမ်ရှီးကျွမ်း တိုင်းရင်းသားလူမျိုးစုပြတိုက်ကို ၂၀၀၃ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး သုတေသနပြခန်း၊ ကာကွယ်ရေးပြခန်း၊ ပညာရေးပြခန်းများအပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အနုပညာလက်ရာများ၊ ဒေသခံတိုင်းရင်းသားလူမျိုးစု ၁၂ မျိုးတို့ ညီညီညွတ်ညွတ် ယှဉ်တွဲနေထိုင်ခြင်းဖြင့် တိုးတက်မှုရရှိခဲ့သည့် ရလဒ်များကို ခင်းကျင်းပြသထားသည်။

ထို့နောက် ဒုတိယသမ္မတသည် နန်နင်းမြို့ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးရှိ Myanmar Trade and Investment Promotion Center (နန်နင်း) ကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် နန်နင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ မြန်မာပညာတော်သင်ကျောင်းသားကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားပြီး ကောင်စစ်ဝန်ချုပ်ရုံးမှ ဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ဝင်/ထွက်နေရာ ၂၀ တွင် Check-Point များ တပ်ဆင်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်မြို့၏ မြို့ဝင်/ထွက်နေရာပေါင်း ၂၀ တွင် ကင်မရာများပါဝင်သော Check-Point System မီးပွိုင့်များ တပ်ဆင်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ရန်ကုန်မြို့ရဲ့ မြို့ဝင်/ထွက်နေရာ ၂၀ မှာ စစ်ဆေးမှုတွေ ပြုလုပ်နိုင်တဲ့ Check-Point System မီးပွိုင့်တွေတပ်ဆင်သွားဖို့ တိုင်းဒေသကြီး အစိုးရကို တင်ပြထားပြီးဖြစ်ပါတယ်။ လေဆိပ်အဝင်၊ အထွက်နေရာတွေ၊ အဝေးပြေးကားဂိတ်လိုနေရာတွေမှာ တပ်ဆင်မှာ ဖြစ်ပါတယ်။ ဒီမီးပွိုင့်တွေမှာ ကင်မရာတွေ တပ်ဆင်ထားမှာဖြစ်ပါတယ်" ဟု ၎င်းက ယာဉ်ထိန်းရုံး စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။



အဆိုပါ စစ်ဆေးရေးမီးပွိုင့်များသည် ရန်ကုန်မြို့သို့ ဝင်ရောက်လာသော မော်တော်ယာဉ်များကို လုံခြုံရေးအရ စစ်ဆေးမှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်မြို့၌ ခေတ်မီ မီးပွိုင့် ၁၅၄ ခု တပ်ဆင်လျက်ရှိရာ လမ်းဆုံများတွင် ၇၇ ခု တပ်ဆင်ပြီးစီးပြီး ၈၇ ခု ကျန်ရှိနေကြောင်း သိရသည်။ ခေတ်မီ မီးပွိုင့်များ တပ်ဆင်ရာတွင် စောင့်ကြည့်သတင်းပို့စနစ်နေရာ ၄၀ နှင့် ယာဉ်ကြောရှင်း အသိပေးစနစ် နေရာ ၃၀ တို့အပါအဝင် ခေတ်မီ မီးပွိုင့်များတွင် စုစုပေါင်းကင်မရာအလုံး ၇၉၆ လုံး တပ်ဆင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေတ်မီ မီးပွိုင့်များ တပ်ဆင်ပြီးစီးပါက ပြည်သူ့ဥယျာဉ်အတွင်း နက္ခတ်တာရာပြခန်းအနီး တည်ဆောက်လျက်ရှိသည့် ဗဟိုထိန်းချုပ်ရေးစင်တာမှ ရန်ကုန်မြို့၏ ယာဉ်ကြောရှင်းလင်းရေးစနစ်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့ယာဉ်ကြောရှင်းလင်းရေး ဆောင်ရွက်ရာတွင် Drome ကင်မရာအလုံး ၂၀ တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ ခေတ်မီ မီးပွိုင့် ၁၅၄ ခုတွင် တစ်ခုလျှင် ကင်မရာလေးလုံးစီ တပ်ဆင်မည်ဖြစ်ကြောင်း၊ လောလောဆယ် မီးပွိုင့် ၇၇ ခု ကွန်ကရစ်အုတ်မြစ်နှင့် တိုင်စိုက်ထူခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးပြီဖြစ်သော်လည်း လုပ်ငန်းများ နှေးကွေးနေသဖြင့် အမြန်ဆုံးပြီးစီးရေး တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုပြိုင်ပွဲများ ကျင်းပ

**ပြည် စက်တင်ဘာ ၁၁**

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုအခြေခံပညာ ထက်/လယ်/မူ ကျောင်းပေါင်းစုံ ခရိုင်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများကို ပြည်မြို့အထက(၁) ရတနာဆောင်၌ စက်တင်ဘာ ၄ ရက်က ကျင်းပခဲ့ရာ ခရိုင်အတွင်း ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ရွှေတောင်နှင့်သဲကုန်းမြို့နယ် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၂၂ ဦးက "လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိဘများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံရှိ ကာကွယ်ရေးဆိုင်ရာပြခန်းများ လှည့်လည်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၁

**ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Kintex ၌ ကျင်းပလျက်ရှိသည့် Defence Expo Korea 2016 ပြပွဲအား စက်တင်ဘာ ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ကာကွယ်ရေးဆိုင်ရာပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုပြီး ကိုရီးယားတပ်မတော်သုံး သံချပ်ကာယာဉ်များ၊ ယန္တရားများ၏ စွမ်းရည်ပြမောင်းနှင်မှုကို ကြည့်ရှုကြသည်။**

ဆက်လက်၍ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံရှိ Seung-Jin Training Center ၌ ကျင်းပသော Republic of Korea Army Capital Mechanized Infantry Division ပစ်ခတ်စဉ် လေ့ကျင့်ခန်းအား ကြည့်ရှုလေ့လာသည်။ ပစ်ခတ်စဉ်တွင် ကိုရီးယားတပ်မတော် အမှတ်(၃)တပ်တော်၊ အမှတ်(၇) ယန္တရားတပ်မမှ တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် ရဟတ်ယာဉ်တို့က ကျည်စစ်ကျည်မှန်များဖြင့် ပစ်ခတ်မှု စွမ်းရည်ပြ ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Panmunjieom DMZ (Demilitarize Zone)နှင့် ဒိုရာ Camp သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယကာကွယ်ရေးဝန်ကြီး H.E. Mr. Hwang In MOO နှင့် တာဝန်ရှိသူများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၆နာရီ ၄၅ မိနစ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ရန်ကုန်လေဆိပ်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက် ကြသည်။ **(သတင်းစဉ်)**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ကိုရီးယားတပ်မတော်သုံး သံချပ်ကာယာဉ်များ၊ ယန္တရားများ၏ စွမ်းရည်ပြမောင်းနှင်မှုကို ကြည့်ရှုစဉ်**



**မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)၌ မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၈ ရက်က ကျင်းပရာ အလှူရှင်စာရေးဆရာ မြင့်ဝင်းနီ(ခ) ရန်ကင်းမြို့နယ်သတင်းထောက် ဦးမြင့်ကြည်က အမေရိကန်ဒေါ်လာ ၁၀၀ ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အမှုဆောင်အဖွဲ့က လက်ခံယူစဉ်**
ကိုကြီးတင်

# မြန်မာဝတ္ထုတို နှစ် ၁၀၀ ပြည့် အခမ်းအနားများကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၁**

ဝတ္ထုစာပေအသစ်အဆန်းများ ပြန်လည်နိုးထရှင်သန်လာစေရန် ရည်ရွယ်၍ မြန်မာဝတ္ထုတို ရာပြည့်အခမ်းအနားများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ရာပြည့်နှစ် ၂၀၁၇ ခုနှစ် တစ်နှစ်ပတ်လုံး ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာဝတ္ထုတို ရာပြည့်အခမ်းအနားများ ကျင်းပရာမှာ ပဲန်မြန်မာ (Pen Myanmar)က ပြုလုပ်လေ့ရှိတဲ့ ရသစာပေလှုပ်ရှားမှုများဖြစ်တဲ့ ရသအစုန်အဆန်၊ ရသညနေခင်း၊ စာပေပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေနဲ့ တွဲဖက်ကျင်းပသွားမှာဖြစ်ပါတယ်" ဟု Pen Myanmar မှ စာရေးဆရာဟန်ဆန်းက ပြောသည်။

၁၉၁၇ ခုနှစ် မတ်လထုတ် သူရိယမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော "မောင်သိန်းတင် မသိန်းရှင်"အမည်ရသော ဝတ္ထုတိုကို မြန်မာ့ပထမဦးဆုံး ဝတ္ထုတိုအဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်ကြောင်း၊ "မောင်သိန်းတင် မသိန်းရှင်" ဝတ္ထုတိုကို ဆရာကြီး ရွှေဥဒေါင်းက ရေးသားခဲ့ကြောင်း၊ ထိုဝတ္ထုတိုကို စတင်ဖော်ပြခဲ့သည့်နှစ်မှ စတင်ရေတွက်လျှင် လာမည့် နှစ် ၂၀၁၇ ခုနှစ်သည် မြန်မာဝတ္ထုတို နှစ် ၁၀၀ ပြည့်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာဝတ္ထုတို ရာပြည့် (၁၉၁၇-၂၀၁၇) အခမ်းအနားများ ကျင်းပမည့် စာနယ်ဇင်းရှင်းလင်းပွဲတစ်ရပ်ကို Pen Myanmar ရုံးတည်ရှိရာ အောက်ပုဇွန်တောင်လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ပီကေကွန်ဒို၌ ကျင်းပရာ နာမည်ကြီးစာရေးဆရာများဖြစ်သည့် ရွှေအမြုတေမဂ္ဂဇင်းအယ်ဒီတာချုပ် ဦးဝင်းငြိမ်း၊ ကဗျာဆရာစောဝေ၊ စာရေးဆရာမ မသီတာ(စမ်းချောင်း)၊ စာရေးဆရာ ဟန်ဆန်း အစရှိသော စာရေးဆရာများ၊ ထုတ်ဝေသူများ တက်ရောက်ကြသည်။

မြန်မာဝတ္ထုတို ရာပြည့်နှစ်ဖြစ်သော ၂၀၁၇ ခုနှစ် မတ်လတွင် မြန်မာဝတ္ထုတို ရာပြည့်အခမ်းအနားများကို ဟောပြောပွဲများ၊ ဆွေးနွေးပွဲများနှင့် ဝတ္ထုတိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လှုပ်ရှားမှုအခမ်းအနားများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လနောက်ပိုင်းကာလများတွင် ပဲန်မြန်မာ၏ ပုံမှန်ပြုလုပ်မြဲဖြစ်သော ရသစာပေလှုပ်ရှားမှုများနှင့် ချိတ်ဆက်၍ တစ်နှစ်တာကာလပတ်လုံး ရာပြည့်အခမ်းအနားများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

# ဇီကာဗိုင်းရပ်စ်ကြိုတင်ကာကွယ်မှုအဖြစ် မြို့နယ်အလိုက် ခြင်ဆေးဖျန်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များတွင် ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်မှု အစီအမံတစ်ရပ်အဖြစ် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း



တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက ပြောသည်။

"ဇီကာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေး အစီအမံဟာ အမျိုးသားရေးအစီအမံတစ်ရပ်အရ ဆောင်ရွက်သွားရမယ့် ကြိုတင်ကာကွယ်ရေးအစီအမံဖြစ်ပါတယ်။ ခြင်ကျားနှိမ်နင်းရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဟာ ဇီကာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် အခြေခံအကျဆုံးဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့အနေနဲ့ မြို့နယ် ရပ်ကွက်အလိုက် ခြင်ကျားနှိမ်နင်းရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက ပြောသည်။

ရပ်ကွက်များတွင် တနင်္ဂနွေရက်သတ္တပတ်အတွင်း လမ်းများအလိုက် အမှိုက်ပုံးများချပေးခြင်း၊ စုပေါင်းအမှိုက်သိမ်းခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ဇီကာဗိုင်းရပ်စ်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားရေးအဆင့်နည်းဗျူဟာစီမံကိန်းကို ရေးဆွဲလျက် စီမံချက်များချမှတ်ကာ ခြင်ကျားနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဇီကာဗိုင်းရပ်စ်ရောဂါသည် အေးဒီးစ်ခြင်ကျားတွင် ရောဂါပိုးသယ်ဆောင်နိုင်သော ခြင်အကိုက်ခံရခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ယင်းအတွက် မြို့နယ်ရပ်ကွက်များအလိုက် ပိုးလောက်လမ်းများ၊ ခြင်ဥများ နှိမ်နင်းရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# မြို့တော်အသက်အာမခံမှ စုပေါင်းအသက်အာမခံနှင့်ပတ်သက်၍ ရှင်းလင်း

**မန္တလေး စက်တင်ဘာ ၁၁**

မြို့တော်အသက်အာမခံမှ စုပေါင်းအသက်အာမခံ အကြောင်းအရာများကို မီဒီယာများအား ရှင်းလင်းဆွေးနွေးပွဲ ကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ ၂၉×၃၀ လမ်းကြားရှိ မြို့တော်အာမခံရုံးခွဲ၌ ကျင်းပခဲ့သည်။

စုပေါင်းအသက်အာမခံသည် အနည်းဆုံး ငါးဦးထားရှိရမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၆၀ အတွင်းရှိရမည်ဖြစ်သည်။ ငွေကျပ်တစ်သောင်းမှ ငါးသန်းအထိ ထားရှိနိုင်ပြီး အာမခံသက်တမ်း တစ်နှစ်ဖြစ်သည်။ စုပေါင်းအသက်အာမခံထားရှိသော အလုပ်သမားသည် အာမခံသက်တမ်းအတွင်း သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းများ ဖြစ်ပေါ်ပါက အာမခံလျော်ကြေးငွေကို အကျိုးခံစားခွင့်ရှိသူသို့ အလုပ်ရှင်မှတစ်ဆင့် တစ်လုံးတည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့တော်အာမခံမှ Sales & Marketing Department ဦးအောင်သူမင်းက ပြောကြားသည်။

"အသက်အာမခံထားခြင်းက အာမခံထားရှိသူအတွက်ဖြစ်စေ၊ မိသားစုအတွက် ဖြစ်စေ ငွေစုဆောင်းပေးပြီး မမျှော်မှန်းနိုင်တဲ့ အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့တဲ့အခါမှာ မိမိနဲ့ မိမိရဲ့ မိသားစုအတွက် ငွေကြေးကာကွယ်မှုရရှိနိုင်ပါတယ်။ မြို့တော် အာမခံလုပ်ငန်းမှ ကျန်းမာရေးအာမခံ၊ ငွေပင်ငွေရင်း အသက်အာမခံ၊ စုပေါင်း အသက်အာမခံ၊ အထူးခရီးသွားအာမခံ၊ မြွေအန္တရာယ်အသက်အာမခံများ ဆောင်ရွက်ပေးနေ ပါ တယ်"ဟု ၄င်းက ဆက်လက်ပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပုဂံငလျင်၊ သဘာဝရဲ့ငြင်းပယ်မှုနဲ့ အင်းဝပုစ္ဆာ

**စောထွေးဇော်**

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ရက်နေ့က ပုဂံမြို့မှာ ငလျင်ကြီး လှုပ်ခတ်ခဲ့ပါတယ်။ ဒီပုဂံငလျင်ဟာ ထူးခြားပါတယ်။ အဖြေတွေအများကြီးရှာပေးခဲ့သလို မေးခွန်းတွေလည်း အများကြီး သယ်လာပါတယ်။

ပုဂံမှာထိခိုက်ပျက်စီးခဲ့တဲ့ ဘုရားအများစုဟာ ၁၉၇၅ ခုနှစ် ပုဂံငလျင်တုန်းက ပျက်စီးမှုတွေအတိုင်း ထပ်တူနီးပါး ပြန်လည်ပျက်စီးကြတာကိုလည်း စိတ်ဝင်စားဖွယ်တွေ့ရပါ အခါ မြန်မာနိုင်ငံမှာ အိန္ဒိယတိုက်ဟာ အာရှတိုက်ရဲ့အောက်ကို လျှိုဝင်သွားပါတယ်။ ဒါကို လျှောတင်ဇုန် (Subduction Zone)လို့ ခေါ်ပါတယ်။ ဒီလျှောတင်ဇုန်တစ်လျှောက် တွန်းတိုက်ပွတ်တိုက်မှုတွေကြောင့် မြေမျက်နှာပြင်ပေါ်မှာ ရွေ့လျားမှုတွေဖြစ်ပေါ်ပြီး မြေပြင်အက်ကြောင်း (Surface Fractures)တွေ ဖြစ်လာပါတယ်။ အဲဒီထဲက လူသိများတဲ့ စစ်ကိုင်းပြတ်ရွေ့ဟာ မြေပြင်အက်ကြောင်း (Surface Fractures) ကြောင့်ဖြစ်တဲ့၊ ကျွန်တော်တို့နိုင်ငံရဲ့ငလျင်ကြီးတွေ လှုပ်လေ့ရှိတဲ့ အဓိကပြတ်ရွေ့ကြီးတစ်ခု ဖြစ်ပါတယ်။

ဒီနေရာမှာ ပုဂံငလျင်ရဲ့ထူးခြားမှုကို အမှီပြုပြီး လျှောတင်ဦးစီးဌာနရဲ့ငလျင်တိုင်းတာမှုမှတ်တမ်းတွေ ထုတ်ပြန်ပေးမှုတွေကြောင့်သာ အပေါ်အောက် လှုပ်ရှားတဲ့သဘောကို ကွဲကွဲပြားပြားသိရှိရတာ ဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ် ငလျင်တုန်းက ဒီလိုမသိနိုင်ခဲ့ပါဘူး။

**သဘာဝရဲ့ငြင်းပယ်မှု**

ဆက်ပြီးတော့ ပုဂံမှာ ထိခိုက်ပျက်စီးခဲ့တဲ့ ဘုရားအများစုဟာ ၁၉၇၅ ခုနှစ် ပုဂံငလျင်တုန်းက ပျက်စီးပုံတွေအတိုင်း ထပ်တူနီးပါး ပြန်လည်ပျက်စီးကြရတဲ့အကြောင်းကို ဆွေးနွေးလိုပါတယ်။ ဒီလိုပျက်စီးရတဲ့အကြောင်းရင်းဟာ လက်ရာညံ့လို့၊ စနစ်မကောင်းလို့၊ ထင်သလိုလုပ်လို့ စတဲ့အချက်တွေထက် ပြုတ်ကျသွားကြတာပါ။

ဒီနေရာမှာ သတိပြုစေလိုတာက တကယ်လို့အကြောင်းကြောင်းကြောင့် မူလပုံစံမပျက် လုပ်ကိုလုပ်သင့်တဲ့ အခြေအနေမျိုး ကြုံလာခဲ့ရင်တောင် ဘုရားတွေရဲ့တည်ဆောက်ပုံစနစ်ကို ပိုအားကောင်းအောင်၊ ပိုကြံ့ခိုင်အောင် အရင်ပြုပြင်ရပါမယ်။ အသစ်နဲ့အဟောင်းကိုလည်း ပိုပြီးတွဲဆက်မှုအားကောင်းအောင်လုပ်ဖို့လည်း လိုပါတယ်။

အခုငလျင်ရဲ့ ပျက်စီးမှုတွေထဲက တရုတ်ပြေးဘုရားရဲ့ ပျက်စီးရပုံဟာ အင်မတန်ကောင်းတဲ့ ဥပမာပါပဲ။ ဒီဘုရားကို ပြုပြင်တုန်းက အင်မတန်ကြီးတဲ့ အထွတ်အသစ်ကို အပေါ်က တင်ခဲ့ပါတယ်။ ကြီးလည်းကြီး၊ လေးလည်းလေးပါတယ်။ အခုငလျင်လှုပ်တဲ့အခါ ငလျင်လှိုင်းရဲ့ အပေါ်အောက်လှုပ်ရှားမှုကြောင့် ဘုရားရဲ့ပင်မအုတ်တိုက်ဟာ အပေါ်ကအလေးနဲ့ ဖိရိုက်ခံရသလိုဖြစ်ပြီး ပင်မအုတ်တိုက်မှာ ကွဲအက်မှုတွေ အများအပြား ဖြစ်သွားခဲ့ရပါတယ်။ ပင်မအုတ်တိုက်ကို ထိသွားတဲ့အတွက် ပျက်စီးမှုကြီးမားသလို ပြင်ဆင်တဲ့အခါမှာလည်း အများကြီး ခက်ခဲမှာဖြစ်ပါတယ်။ အင်မတန် တန်ဖိုးရှိတဲ့ သင်ခန်းစာပါ။




မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သော ငလျင်များ၏ အတိမ်အနက်အလိုက် ခွဲခြားတင်ပြထားသောမြေပုံ



စူဋ္ဌာမဏိဘုရား ကွန်းတောင်ပြိုကျပျက်စီးနေမှုအား တွေ့ရစဉ်

တယ်။ ဒါဟာ သဘာဝရဲ့ငြင်းပယ်မှုတစ်ခုပါ။

တစ်ဖက်ကလည်း ပုဂံဘုရားတွေရဲ့ အံ့သြဖွယ်ခံနိုင်ရည်စွမ်းကိုလည်း မျက်မြင်တွေ့ရတဲ့အခါ နှောင်းခေတ် ပဲခူး၊ တောင်ငူ၊ အင်းဝသားတွေ ဘယ်လောက်တော်တော် ပုဂံရဲ့ ဩဇာကို ဘယ်လိုမှ မကျော်နိုင်တာ ဘာကြောင့်လဲဆိုတာကိုလည်း တွေ့ရပါတယ်။ ဒါဟာသဘာဝရဲ့ရွေးချယ်လက်ခံခြင်းပါ။

**ပုဂံငလျင်ရဲ့ထူးခြားမှု**

ပုဂံငလျင်နဲ့ ပတ်သက်လို့ ဆန်းစစ်လေ့လာတာတွေ လုပ်ဖို့ ငလျင်ကော်မတီဝင် တစ်ဦးအနေနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရဲ့လူငယ်အင်ဂျင်နီယာများနဲ့အတူ ပုဂံမြို့ကို ရောက်ခဲ့ပါတယ်။ မသွားခင် ပုဂံငလျင်နဲ့ ပတ်သက်တဲ့ အချက်အလက်လေးတွေ ကြိုကြည့်ဖြစ်တဲ့အခါ သတိထားမိတဲ့အချက်က ဒီငလျင်က လျှောတင်ဇုန်မှာဖြစ်တဲ့ ငလျင် (Subduction Earthquake) ဖြစ်နေတာကိုပါ။ ဆက်ပြီးလေ့လာကြည့်တဲ့အခါမှာလည်း ဒီဒေသတစ်လျှောက် ပြည်ကနေ မုံရွာ၊ ကလေးလောက်အထိမှာ ဒီလိုလျှောတင်ဇုန်မှာဖြစ်တဲ့ ငလျင်တွေပဲ သီးသီးခြားခြားဖြစ်လေ့ရှိတာ တွေ့ရပါတယ်။

ဒီနေရာမှာ မြန်မာနိုင်ငံရဲ့ ငလျင်အန္တရာယ်အကြောင်း နည်းနည်းပြောလိုပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ငလျင်အန္တရာယ်အကြီးမားဆုံး ဇုန်တစ်ခုတည်းမှာ ကျရောက်နေပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့မြေထုချပ်ကြီးနှစ်ခုဖြစ်တဲ့ အာရှတိုက်နဲ့ အိန္ဒိယတိုက်တို့ တွန်းတိုက်မိတဲ့နေရာမှာ ရှိနေပါတယ်။ ဒီလိုတွန်းတိုက်မိတဲ့ဖြစ်စဉ်ကြောင့် မြေအောက်သယံဇာတတွေ ပေါ်များသလို တစ်ဖက်ကလည်း ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်တွေ ဖြစ်လေ့ရှိပါတယ်။ ဒီလိုတွန်းတိုက်မိတဲ့ ဇုန်မှာဖြစ်လေ့ရှိတဲ့ ငလျင်နဲ့မြေပြင်အက်ကြောင်း ပြတ်ရွေ့တွေမှာ ဖြစ်လေ့ရှိတဲ့ ငလျင်တွေရဲ့မတူညီမှုတွေကို ပြောပြချင်ပါတယ်။ လျှောတင်ဇုန်မှာ ဖြစ်လေ့ရှိတဲ့ ငလျင်တွေဟာ အင်အားကြီးတယ်။ မြေအောက်အနက် သို့မဟုတ် အလယ်အလတ်အနက် (Deep Focus or Intermediate Focus) မှာ ဖြစ်လေ့ရှိတယ်။ သက်ရောက်မှုဇုန်ကျယ်ပြန့်တယ်။ အခု ပုဂံငလျင် ဒီနှစ်စက မော်လိုက်ငလျင်နဲ့ ၂၀၀၄ ခုနှစ်က ဆူနာမီငလျင်တို့လို ရန်ကုန်၊ ဗန်ကောက်တို့လောက်ကထိအောင် သိသိသာသာ ခံစားရတယ်။ စစ်ကိုင်းပြတ်ရွေ့လို မြေပြင်အက်ကြောင်းမှာ ဖြစ်လေ့ရှိတဲ့ ငလျင်တွေကလည်း အင်အားအသင့်အတင့် ကြီးမားနိုင်တယ်။ ဒါပေမယ့် မြေပြင်နားအနက်တိမ်တိမ် (Shallow Focus)မှာ ဖြစ်လေ့ရှိတယ်။ ဘေးတိုက်ခါယမ်းမှုများတယ်၊ သက်ရောက်မှုဇုန် ကျဉ်းမြောင်းတယ်။ ဥပမာ သပိတ်ကျင်းငလျင်၊ တာလေငလျင်တို့လိုပေါ့။

ပုဂံငလျင်ရဲ့ထူးခြားမှုက လျှောတင်ဇုန်မှာဖြစ်တဲ့ ငလျင်ဖြစ်လို့ပါ။ ပြင်းအား ၆ ဒသမ ၈ ရှိပါတယ်။ အနက် ၈၄ ကီလိုမီတာမှာ လှုပ်ပါတယ်။ ပုဂံနဲ့ ၅၀ ကီလိုမီတာ ဝေးပါတယ်။ အလယ်အလတ်အနက်မှာ လှုပ်တဲ့ငလျင်ဖြစ်တဲ့အတွက် အောက်ခံကျောက်သားထုမှာ ဖြတ်သွားတဲ့ ပထမလှိုင်း (P-Wave) အားကောင်းတာရယ်၊ အကွာအဝေးနီးတဲ့အတွက် အပေါ်အောက်လှိုင်း ပိုအားကောင်းတာရယ် တွေ့ရပါတယ်။ အတိုချုပ်ပြောရရင် ပုဂံမှာ အပေါ်အောက် လှုပ်ရှားမှုကို သိသိသာသာ ပိုခံရပါတယ်။ ဒါပုဂံငလျင်ရဲ့ထူးခြားမှုပါ။ ဒါကို အခုခေတ်ငလျင်မှတ်တမ်းတွေ ပြည့်ပြည့်စုံစုံနဲ့ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်လို့၊ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှု ပိုပါတယ်။ ဒါဟာသဘာဝရဲ့ငြင်းပယ်မှုပါ။ ဘုရားတွေရဲ့တည်ဆောက်ပုံစနစ်က ထမ်းနိုင်တဲ့ဝန်ထက် ပိုနေတာကို ၁၉၇၅ ခုနှစ် ငလျင်မှာ သဘာဝကငြင်းပယ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒါကို မသိတော့ သဒ္ဓါလွန်ပြီးပြင်ခဲ့ကြ၊ ဝန်ထပ်တင်ခဲ့ကြတာပါ။ ဒါကို အခုတစ်ကြိမ် ၂၀၁၆ မှာ သဘာဝကထပ်ပြီး နောက်ထပ်တစ်ခါ ငြင်းပယ်လိုက်တာပါပဲ။ အရင်ကငြင်းခဲ့သလို အခုလည်း ထပ်ငြင်းတာပါ။ နှောင်လည်း ထပ်လုပ်ရင် ထပ်အငြင်းခံရဦးမှာပါပဲ။ ပျက်စီးတဲ့ပုံစံကို ကြည့်ရင်လည်း ဘုရားတွေရဲ့ ထုနဲ့ အုတ်မြစ်တွေဟာ ထိခိုက်မှုမရှိကြဘဲ အပေါ်ပိုင်း သုံးပုံတစ်ပုံ စေတီအထွတ်တွေသာ လဲပြိုကြတာ တွေ့ရပါတယ်။ ဒါဟာလည်း အင်မတန်ထူးခြားတဲ့ အချက်တစ်ခုပါပဲ။ အခု အပေါ်ပိုင်းတွေ ပျက်စီးကြတဲ့ စူဋ္ဌာမဏိစေတီလို၊ သဗ္ဗညုစေတီလို ဘုရားတွေမှာ သိသာစွာ တွေ့နိုင်ပါတယ်။ အောက်ခြေပိုင်း တောင့်တင်းလှတာ၊ အထိအခိုက်မရှိတာ တွေ့နိုင်ပါတယ်။ ဒါဟာ ထူးခြားတဲ့ ပုဂံကဘုရားစေတီတွေရဲ့ထောင်မတ်စနစ်နဲ့ လျှောတင်ဇုန်မှာဖြစ်တဲ့ အလယ်အလတ်အနက် ပုဂံဒေသငလျင်တွေဟာ ထူးခြားစွာလိုက်ဖက်ညီနေလို့ ပျက်စီးတဲ့အပိုင်း၊ ခံနိုင်ရည်ရှိတဲ့အပိုင်းတွေ ထပ်တူဖြစ်တဲ့အတွက် တစ်ပုံစံတည်း ပြန်လည်ပျက်စီးရတာပါ။

တစ်ဖက်ကလည်း ငလျင်လှိုင်းရဲ့လှုပ်ခတ်ပုံကို ပြန်ကြည့်ရင် ပထမလှိုင်း(P-Wave)က အထက်အောက်ဆောင့်လိုက်တဲ့အခါ ပြုပြင်ထားတဲ့ ဘုရားစေတီတွေရဲ့အသစ်နဲ့ အဟောင်း အဆက်နေရာမှာ အက်ကွဲသွားပါမယ်။ အဲဒီနောက် ဒုတိယလှိုင်း (S-Wave) လာတဲ့အခါ ဘေးတိုက်ခါယမ်းလိုက်တဲ့အတွက် အသစ်ပြင်ထားတဲ့အပိုင်းတွေဟာ ခွာချလိုက်သလို



တရုတ်ပြေးဘုရား မုခ်ဝတံကဲနှင့် ပင်မအုတ်တိုက်ကွဲအက်နေမှု အခြေအနေကို တွေ့ရစဉ်



ပုဂံဘုရားများ၏ ဒေါင်မတ်အလေးဝန်မျှဝေပုံ
(ဆရာဦးမျိုးညွန့်၏ ဗိသုကာနှင့် အနုလက်ရာမှ)

**အင်းဝပုစ္ဆာ**

အခုလိုသဘာဝရဲ့ ငြင်းပယ်မှုကိုပြောသလို သဘာဝရဲ့ အံ့သြဖွယ်ရွေးချယ်လက်ခံမှုကိုလည်း ပြောပြချင်ပါတယ်။ ပုဂံဒေသမှာ အခုလို သမိုင်းတန်ဖိုးမဖြတ်နိုင်တဲ့ ဘုရားပုထိုးတွေ တစ်စုတစ်ဝေးတည်း တွေ့ရတာဟာ သဘာဝရဲ့အံ့သြဖွယ်

**ပုဂံဒေသမှာ လှုပ်ခတ်တဲ့ ငလျင်တွေဟာ ထူးခြားသလိုပဲ ပုဂံဒေသမှာရှိတဲ့ ဘုရားစေတီတွေရဲ့ စနစ်ပုံတွေကလည်း ထူးခြားလှပါတယ်။ ပုဂံဒေသမှာရှိတဲ့ ဘုရားစေတီတွေဟာ ထုတွေ၊ ခုံးတွေနဲ့ တည်ဆောက်လေ့ရှိတဲ့ ဒေါင်မတ်စနစ် (Vertical, Gravitational System) ဖြစ်ပါတယ်။ အဲဒီဒေါင်မတ်စနစ် ဘုရားစေတီတွေနဲ့ လျှောတင်ဇုန်မှာဖြစ်တဲ့ အလယ်အလတ်အနက်ပုဂံဒေသငလျင်တွေဟာ ထူးခြားစွာ လိုက်ဖက်ညီနေတာတွေ့ရ**

ရွေးချယ်လက်ခံမှုပါ။ စောစောကပြောသလို ပုဂံဒေသမှာ လှုပ်ခတ်တဲ့ ငလျင်တွေဟာ ထူးခြားသလိုပဲ ပုဂံဒေသမှာရှိတဲ့ ဘုရားစေတီတွေရဲ့ စနစ်ပုံတွေကလည်း ထူးခြားလှပါတယ်။ ပုဂံဒေသမှာရှိတဲ့ ဘုရားစေတီတွေဟာ ထုတွေ၊ ခုံးတွေနဲ့ တည်ဆောက်လေ့ရှိတဲ့ ဒေါင်မတ်စနစ် (Vertical, Gravitational System)ဖြစ်ပါတယ်။ အဲဒီဒေါင်မတ်စနစ် ဘုရားစေတီတွေနဲ့ လျှောတင်ဇုန်မှာဖြစ်တဲ့ အလယ်အလတ်အနက် ပုဂံဒေသငလျင်တွေဟာ ထူးခြားစွာလိုက်ဖက်ညီနေတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ပုဂံဘုရားတွေ နှစ်ထောင်ချီ ကြံ့ကြံ့ခံနိုင်နေတာပါ။

*စာမျက်နှာ ၇ သို့*




အမရပူရခေတ် မင်းကွန်းပုထိုးတော်ကြီးနှင့် အင်းဝမြို့မှ ပဟိုစည်

*စာမျက်နှာ ၆ မှ*

၁၁ ရာစုလောက်ကစလို့ ပုဂံဒေသမှာ ဘုရားစေတီတွေ နှစ်လေးငါးရာဆက်တိုက် တည်ဆောက်နိုင်ခဲ့တာဟာ ငလျင်မလှုပ်လို့ မဟုတ်ပါ၊ သူမတူအောင် တည်ဆောက်မှု ကောင်းလွန်းလို့ မဟုတ်ပါ။ အခုပြောတဲ့ ဘုရားစေတီတွေရဲ့ဒေါင်မတ်စနစ်နဲ့ ပုဂံဒေသရှိ ငလျင်တွေဟာ ထူးခြားစွာ လိုက်ဖက်ညီနေလို့ပဲ ဖြစ်ပါတယ်။ ပုဂံမင်းများ တစ်ဦးနောက်တစ်ဦး ရှေ့မင်းထက်သာအောင် တည်ဆောက်လိုက်ကြတာ အခုလို သမိုင်းအမွေအဖြစ် ပုဂံဒေသမှာ တစ်စုတစ်ဝေးတည်း တွေ့ရတာပါ။ ပုဂံပျက်ပြီးတဲ့နောက်ပိုင်းမှာ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ပဲခူးစတဲ့ မြို့ရွာတွေတည်ထောင်ပြီး နိုင်ငံတော်ကို ဆက်လက်တည်ထောင်ခဲ့ကြပေမယ့် တည်ဆောက်ခဲ့ကြတဲ့ မြို့ရွာတွေဟာ ပုဂံဒေသလို ကြီးကျယ်ခမ်းနားတဲ့ ခြေရာလက်ရာတွေ မချန်ရစ်နိုင်ခဲ့ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆက်လက်တည်ထောင်ခဲ့ကြတဲ့ မြို့ရွာတွေအားလုံးလိုလိုဟာ စစ်ကိုင်းပြတ်ရွေ့လို မြေပြင်အက်ကြောင်း (Crustal Fault) များ တစ်လျှောက်မှာ တည်ဆောက်ခဲ့ကြတဲ့အတွက် ဒေါင်မတ်စနစ်နဲ့ မကိုက်ညီတဲ့၊ ဖျက်ဆီးစွမ်းအားပိုတဲ့၊ ဘေးတိုက်လှုပ်ရှားမှုများတဲ့ ငလျင်တွေရဲ့အန္တရာယ်နဲ့ ကြုံတွေ့ကြရပါတယ်။ ဒီအခါမှာ ပုဂံရဲ့ဒေါင်မတ်နည်းစနစ်နဲ့ အလားတူ တည်ဆောက်ကြတဲ့ အုတ်ခံဘုရားစေတီတွေဟာ ခံနိုင်စွမ်းမရှိကြပါဘူး။ မင်းကွန်းပုထိုးတော်ကြီးတို့၊ အင်းဝကပဟိုစည်တို့ဟာ သက်သေပါပဲ။ အုတ်မြစ်ထိခိုက်မှု (foundation failure) အများအပြားတွေ့ရပါတယ်။ ဒါဟာ ဘေးတိုက်လှုပ်ရှားမှုများတဲ့ ငလျင်တွေမှာ တွေ့နေကျ အကျိုးဆက်ပါ။

ဒါကြောင့် စစ်ကိုင်းအင်းဝဒေသတစ်လျှောက် တည်ဆောက်ခဲ့တဲ့ လုပခမ်းနားတဲ့ အုတ်တိုက်အဆောက်အအုံတွေဟာ ကြာကြာမခံနိုင်ဘဲ နှစ်တိုအတွင်းမှာပဲ ပြိုပျက်သွားကြတာကို တွေ့ရပါတယ်။ ဒါကြောင့် အင်းဝသားတွေ ဘယ်လောက်တော်တော်၊ အင်းဝမင်းတွေ ဘယ်လောက်စွမ်းစွမ်း ပုဂံရဲ့သြဇာကို မကျော်နိုင်တာ တွေ့ရပါတယ်။ ဒီလိုနဲ့ နှောင်းခေတ်မင်းတွေဟာ ပုဂံလိုကြီးကျယ်ခမ်းနားတဲ့ နိုင်ငံတော်မျိုး မတည်ဆောက်နိုင်တော့ပါဘူး။ ဒါဟာ လွန်ခဲ့တဲ့ နှစ် ၅၀၀ လောက်က အင်းဝသားတွေ မဖြေရှင်းနိုင်ခဲ့တဲ့ ပုစ္ဆာဖြစ်ပါတယ်။ သမိုင်းနဲ့ချီတဲ့ လေ့လာစရာတွေပါ။ နောက်ထပ်လည်း ဆက်လက်လေ့လာစရာတွေ အများကြီး ကျန်နေဦးမှာပါ။

ဒါကြောင့် အခုတစ်ခါ ငလျင်ကြောင့် ပျက်စီးသွားရတဲ့ ဘုရားပုထိုးတွေနဲ့ အပျက်အစီးတွေကို ပြန်လည်ပြင်ဆင်တဲ့အခါ အခုလိုပုဂံဘုရားနဲ့ ပုဂံဒေသမှာ လှုပ်လေ့ရှိတဲ့ ငလျင်တွေရဲ့သဘောသဘာဝတို့အပေါ်မှာ မူတည်ပြီး အားသာချက်၊ အားနည်းချက်၊ အလုပ်ဖြစ်တဲ့ အချက်တွေ၊ အလုပ်မဖြစ်တာတွေ စတဲ့ အတိတ်ကသင်ခန်းစာတွေအပေါ်မှာ မူတည်ပြီး ချင့်ချင့်ချိန်ချိန် ပြုပြင်သင့်ကြောင်း တင်ပြအပ်ပါတယ်။

## မိုးများပြီး ချောင်းရေကြီး၍ ချောင်းကူးတံတား ရေထဲမျောပါ

**အင်းတော် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် မိုးကြီးသဖြင့် နန့်ခင်ချောင်းကူးတံတား ရေထဲမျောပါသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက် တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး အင်းတော်ချောင်းရေကြီးမှုကြောင့် အင်းတော်မြို့နယ် နန့်ခင်ကျေးရွာအုပ်စု နန့်ခင်ကျေးရွာသူ/ ကျေးရွာသားတို့၏ ငွေကျပ် သိန်း ၅၀ ကျော် ထည့်ဝင်မှုဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော အရှည် ပေ ၂၄၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၅ ပေရှိ အင်းတော်မြို့နယ် အောင်မင်္ဂလာရပ်ကွက်နှင့် နန့်ခင်ကျေးရွာသို့ ဆက်သွယ်ထားသော ယာယီချောင်းကူးသစ်သားတံတားကြီးသည် ရေထဲသို့မျောပါသွားသဖြင့် နန့်ခင်ကျေးရွာနေ ပြည်သူများ အင်းတော်မြို့နှင့် သွားလာရေးခက်ခဲနေကြောင်း သိရသည်။

**လှူအောင်(ကသာ)**

## နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကျင်းပ

**သီပေါ စက်တင်ဘာ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပညာရေးကြီးကြပ်မှုကော်မတီမှ ကြီးမှူး၍ ၂၀၁၆ ခုနှစ် နှစ်(၅၀)ပြည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက အထက(၁)မြည်သီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက အမှာစကားပြောကြားပြီး အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိန်းက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်ပေါ်လာမှုသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများကို ကျောင်းအုပ်ဆရာမကြီး၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြစ်ရေဝင်ရောက်၍ ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းအား ပြုပြင်

**ရေစကြို စက်တင်ဘာ ၁၁**

ရေစကြိုမြို့နယ် အလယ်သောင်ကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာနှင့် ဇီးကုန်းကျွန်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းမှာ ချင်းတွင်းမြစ်ရေ ဝင်ရောက်တိုက်စားမှုကြောင့် ဒေသခံပြည်သူများသွားလာရေးခက်ခဲလျက်ရှိရာ သူဌေးကုန်းကျေးရွာ ရပ်မိရပ်ဖဦးသိန်းဆွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးဟန်တို့ ဦးဆောင်၍ သူဌေးကုန်းကျေးရွာ ပြည်သူများ စုပေါင်းပြီး စက်တင်ဘာ ၉ ရက်က ကိုယ့်အားကိုယ်ကိုး မြေဖို့ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သူဌေးကုန်းကျေးရွာနဲ့ ဇီးကုန်းကျွန်းကျေးရွာချင်းဆက်လမ်းက နှစ်မိုင်ခန့်ရှိပါတယ်။ မြစ်ရေဝင်ရောက်တိုက်စားသွားတဲ့အတွက် ဒေသခံတွေ သွားလာရေး အခက်အခဲဖြစ်နေပါတယ်။ အထူးသဖြင့် ဇီးကုန်းကျွန်းကတစ်ဆင့် ပတ်ဝန်းကျင်ကျေးရွာ ၂၀ လောက်က ပြည်သူတွေ ကျန်းမာရေးအတွက် သူဌေးကုန်းတိုက်နယ်ဆေးရုံကို လာရောက်ပြသဆေးဝါးကုသမှုခံယူရာမှာ သွားလာနေတဲ့လမ်းဖြစ်နေတဲ့အတွက် ကိုယ့်အားကိုယ်ကိုး မြေဖို့ပြုပြင်ခင်းကျင်းနေတာ ဖြစ်ပါတယ်။ ဒီနေ့အထိ မြေကား ၂၂ စီးချပြီးခင်းနေပါတယ်။ မြေကားတစ်စီးကို ငွေကျပ် ၂၅၀၀၀ ပေးရပါတယ်။ လမ်းက အခုခင်းနေတာတစ်ဝက်ပဲ ပြီးသေးတယ်။ ကျန်တဲ့လမ်းကိုလည်း အလှူရှင်ရှာပြီး ဆက်လက်ခင်းသွားမှာဖြစ်ပါတယ်" ဟု ရပ်မိရပ်ဖဦးသိန်းဆွေက ပြောသည်။

အဆိုပါ ဒေသသည် ချင်းတွင်းမြစ်ရေကြီးတိုင်း မြစ်ရေဝင်ရောက်သဖြင့် လမ်းများ ပျက်စီးလေ့ရှိကြောင်း ပျက်စီးသည့်အခါတိုင်း ကျေးရွာပြည်သူများ စုပေါင်း၍ ယခုကဲ့သို့ ပြန်ပြင်ခင်းကျင်းကြရကြောင်း သိရသည်။

ယခုအခါ သူဌေးကုန်းကျေးရွာတွင် တိုက်နယ်ဆေးရုံရှိလာသည့် အတွက် ပတ်ဝန်းကျင်ကျေးရွာများမှ ကျန်းမာရေးစစ်ဆေးကုသမှုခံယူရာတွင် အဓိကထားသွားလာနေရသော လမ်းဖြစ်၍ ရေရှည်တည်တံ့သော လမ်းတစ်လမ်းအဖြစ် သက်ဆိုင်ရာက ဆောင်ရွက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



## ကျေးလက်လူမှုအသိုက်အဝန်းနှင့် ဆင်းရဲမှုလျှော့ချရေး ရက်တိုသင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၁**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ဂျပန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (JICA) ၏အထောက်အပံ့ဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်း (YAU JICA-TCP Project) ကို ၂၀၁၅/၁၆ မှ ၂၀၁၉/ ၂၀၂၀ အထိ ငါးနှစ်တာစီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအကောင်အထည်ဖော်မှု ဆောင်ရွက်ချက်များအနက် တစ်ခုအပါအဝင်ဖြစ်သော ကာလတိုသင်တန်းများအတွက် ပြည်ပပညာရှင်များမှ လာရောက်၍ သင်တန်းဖွင့်လှစ် ပို့ချလျက်ရှိသည်။

ယခုအခါ ကျေးလက်လူမှုအသိုက်အဝန်းနှင့် ဆင်းရဲမှုလျှော့ချရေး ကာလတိုသင်တန်းကို ပြင်သစ်နိုင်ငံအခြေစိုက် နိုင်ငံတကာဖွံ့ဖြိုးရေးအတွက် ပြင်သစ်စိုက်ပျိုးရေး သုတေသနဌာန (French Agricultural Research Center for International Development, CIRAD) မှ Dr. Guy Trebuil ကဧည်း၏ အရှေ့တောင်အာရှနိုင်ငံများတွင် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံများကို အခြေခံလျက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမ၊ သင်တန်းသား သင်တန်းသူ ၂၀ ခန့်ကို သင်ကြားပို့ချလျက်ရှိသည်။ သင်တန်းကာလမှာ စက်တင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မေမိုးသဲ**

## လဟယ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ချောင်းရေတိုက်စားမှုကြောင့် ကားလမ်းပျက်



**လဟယ် စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ယခု ရက်ပိုင်းအတွင်း မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် လဟယ်မြို့နှင့် အဓိကဆက်သွယ်ထားသော ကားလမ်းမိုင်တိုင် (၅၃/၃) နေရာ၌ ကျလွေချောင်း ရေတိုက်စားမှုကြောင့် အရှည်ပေ ၁၅၀၊ အကျယ် ၂၅ ပေခန့် ပျက်စီးသွားခဲ့ကြောင်း၊(ဓါတ်ပုံ) လဟယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးကျော်က ပြောကြားသည်။

"အခုရက်ပိုင်း မိုးကမပြတ်ရွာတယ်။ ကျလွေချောင်း ရေကရေစီးအလွန်သန်တော့ ကားလမ်းကို တိုက်စားသွားတာ။ သွားလာရေးအမြန်ဆုံး အဆင်ပြေအောင် လမ်းဦးစီးဌာနက ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး

# ဆန်းဒေးကာတွန်းကဏ္ဍသစ် ဖွင့်လှစ်လိုက်ပါပြီ

## တွေ့ဆုံမေးမြန်းသူ-ခင်မောင်ထွေး

ရန်ကုန်   စက်တင်ဘာ   ၁၁

**ဆူပါဆန်းဒေး၏ နံနက်တွင် ထုံးစံအတိုင်း ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့ကို ကောက်ကိုင်ရင်း စာမြည်းအဖြစ် သတင်းခေါင်းစဉ်များကို ဦးစွာဖတ်မိသည်။**

**ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် လှပသေသပ်သော ဆေးရောင်စုံလက်ရာတို့ဖြင့် ''ဆန်းဒေးကာတွန်း''ကဏ္ဍသစ်တစ်ခုကို ထူးခြားစွာတွေ့လိုက်ရသည်။ မှင်တက်ခြင်း၊ အံ့သြခြင်းတို့နှင့်အတူ ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်းတို့ကို ဆင့်ပွားခံစားလိုက်ရသည်။**

**တစ်ဆက်တည်းမှာပင် ပါလီမန်ဒီမိုကရေစီခေတ်က ဗမာ့ခေတ်သတင်းစာတွင် ကာတွန်းပညာရှင်ဆရာကြီး ဦးဖေသိန်း၏ နီတိရုပ်ပြောင်ကဏ္ဍ၊ ကြေးမုံသတင်းစာ၏ လခစားကာတွန်းပညာရှင်ကြီးများဖြစ်ကြသည့် ဆရာကြီး ဦးဟိန်စွန်း၊ ဆရာကြီး ဦးဘထွေးတို့၏ လက်ရာများကိုလည်း ပြန်ပြောင်းလွမ်းမောမိ၏။**

**အထူးသဖြင့် လန်ဒန်ကြေးမုံမှ ''ဂျိမ်း''အမည်ရှိ အပျိုပေါက်မကလေး၏ ရုပ်ပြောင် ဇာတ်လမ်းနည်းတူ တစ်ခေတ်တစ်ခါက ကြေးမုံသတင်းစာပါ ဆရာကြီး ဦးအောင်ရှိန်၏ နာမည်ကျော်လက်ရာ''ကြေးမုံခင်''ကာတွန်းကဏ္ဍကိုလည်း သတိတရဖြစ်ရသည်။ ထိုခေတ် ထိုအခါက ကြေးမုံသတင်းစာတွင် ခင် အမည်ရှိ အပျိုချောကလေးသည် ဆရာကြီး ဦးအောင်ရှိန်၏ အနုပညာစွမ်းပကားကြောင့် လူထုနှင့်နီးစပ်ကာ အမှန်တကယ် သက်ရှိကဲ့သို့ပင် အသက်ဝင်ခဲ့သည်။**

**ပစ္စက္ခတွင် နိုင်ငံပိုင်သတင်းစာများ၏ ပြုပြင်ပြောင်းလဲမှုနှင့်အတူ နိုင်ငံတကာ သတင်းစာကြီးများတွင် ဖော်ပြလေ့ရှိသည့် "SUNDAY COMICS" နည်းတူ နိုင်ငံပိုင် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတွင် ''ဆန်းဒေးကာတွန်း''ကဏ္ဍသစ်ကို ပြန်လည်ဖတ်ရှုခွင့်ရခဲ့ချေပြီ။**

**သို့နှင့် ဆန်းဒေးကာတွန်းကဏ္ဍဖြစ်မြောက်ရေးအတွက် ပံ့ပိုးစီစဉ်ဆောင်ရွက်ခဲ့ကြသည့် ကာတွန်းပညာရှင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။**



မြန်မာ့အလင်း၌ ဖော်ပြပါရှိသည့် ဆန်းဒေးကာတွန်းကဏ္ဍသစ်



ကာတွန်းမောင်မောင်အောင်



ကာတွန်းမောင်ရွှေဝင်း



ကာတွန်းကိုရွှေထူး



ဦးရဲနိုင် (အထွေထွေမန်နေဂျာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)

### ကာတွန်းမောင်မောင်အောင်

**မေး ။ နိုင်ငံပိုင်သတင်းစာတွေမှာ ''ဆန်းဒေးကာတွန်း'' ကဏ္ဍသစ်တစ်ရပ်ကို ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီအပေါ် ဆရာ့ရဲ့ သဘောထားအမြင်ကို ပြောပေးပါဦး။**

ဖြေ ။ ဆန်းဒေးကာတွန်းဆိုတာ နိုင်ငံတကာမှာလည်း SUNDAY COMICS ဆိုပြီးတော့ နိုင်ငံတိုင်းရဲ့ သတင်းစာတွေမှာ ပါပါတယ်။ကျွန်တော်တို့ဆီမှာ ဒီအလေ့အထတွေ မရှိသေးတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်သတင်းစာမှာ ကလေးတွေစာဖတ်ရှိန်မြှင့်ဖို့အတွက်ပြောတော့ ကျွန်တော်တို့ အားတက်သရောပဲ ဒါမျိုးတွေ လုပ်ရင်ကောင်းမယ်ဆိုပြီး အကြံပြုတာပေါ့။ သက်ဆိုင်ရာကလည်း အားတက်သရော ဆောင်ရွက်ကြတယ်။ ကလေးတွေ စာဖတ်ရှိန်မြှင့်ဖို့က အထိရောက်ဆုံးဖြစ်တဲ့အတွက် စိတ်ထဲမှာ ပီတိဖြစ်ပါတယ်။

**မေး ။ ဆန်းဒေးကာတွန်းကဏ္ဍဖြစ်ဖို့ ဘယ်လိုညှိနှိုင်းဆောင်ရွက်ခဲ့ပါသလဲ၊ အပတ်စဉ်လုပ်သွားဖို့ အစီအစဉ်ရှိပါသလား၊ ကာတွန်းပညာရှင်တွေဘက်ကရော ဘယ်လိုသဘောထားရှိပါသလဲ။**

ဖြေ ။ ဝန်ကြီးနဲ့ကျွန်တော်တို့ တွေ့ဆုံတဲ့အခါ စောစောကတည်းက ကျွန်တော့်စိတ်ကူးထဲမှာရှိနေတဲ့ SUNDAY COMICS လုပ်ချင်တဲ့အခါ အားလုံးပဲ အတည်ပြုပြီးတော့ လုပ်ခွင့်ရပါတယ်။ အခု ပြီးခဲ့တဲ့ တနင်္ဂနွေကစပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လုပ်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဌာနဆိုင်ရာဘက်ကလည်း အားလုံးကြည်ကြည်ဖြူဖြူရှိပါတယ်။ ဝိုင်းဝန်းပြီး ကူညီပေးကြပါတယ်။ ကာတွန်းလောကအတွက်လည်း ရေးစရာနေရာလေးတစ်ခု တိုးလာတာပေါ့။ ညဏ်ပူဇော်ခအနေနဲ့ကလည်း နှစ်ဖက်စလုံးအလုပ်လုပ်နိုင်တဲ့နှုန်းထားဖြစ်လို့ အဆင်ပြေပါတယ်။

**မေး ။ ဒီကဏ္ဍအတွက် ကာတွန်းတွေ ရေးဆွဲရာမှာ သီးခြားမူဝါဒတွေရောသတ်မှတ်ပေးထားပါသလား။**

ဖြေ ။ ဒီလိုပြောဆိုတာတော့ မရှိပါဘူး။ ကလေးတွေအတွက် အဓိကရည်ရွယ်ပြီး လုပ်တာပါ။ ကလေးဆိုတာ နုနယ်တော့ ကလေးအတွေးလေးတွေနဲ့ ကလေးအယူအဆနဲ့ ကလေးတွေကို ပညာပေးတာပေါ့။ အဓိကကတော့ ကလေးတွေအတွက် အဆိပ်အတောက် မဖြစ်မယ့်ဟာက အဓိကပေါ့။ ဒါတွေကလည်း ကျွန်တော်တို့နှစ်ပေါင်းများစွာရေးခဲ့တော့ ထွေထွေထူးထူးမရှိပါဘူး။ အဓိကကတော့ ကလေးတွေနဲ့လိုက်ဖက်မယ့် စိတ်ကူးစိတ်သန်းဖြစ်ဖို့လိုတာပေါ့၊ ကလေးတွေနဲ့ မလိုက်ဖက်တဲ့တွေးခေါ်မှုတွေလည်း လုပ်လို့မရပါဘူး၊ အခြားတစ်ကွက်ကာတွန်းတွေကတော့ စီးပွားရေး၊ လူမှုရေး အကုန်ရေးခွင့်ရှိတာပေါ့။

**မေး ။ ယခင်ကလည်း ကြေးမုံမှာ ဆရာကြီးဦးအောင်ရှိန်ရဲ့ နာမည်ကျော် ကြေးမုံခင် ကဏ္ဍကလည်းရှိခဲ့တော့ လက်ရှိ ဆန်းဒေးကာတွန်းကဏ္ဍနဲ့ နှိုင်းယှဉ်သုံးသပ်ပေးပါဦးခင်ဗျာ။**

ဖြေ ။ တစ်ချိန်တုန်းက ဆရာဦးအောင်ရှိန်တို့က လူမှုရေးနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ရေးတာပေါ့နော်၊ လူမှုရေးအတွင်းမှာ ဖြစ်နေပျက်နေတာကို ရေးတာပေါ့။ လက်ရှိ ဆန်းဒေးကာတွန်းရဲ့ရည်ရွယ်ချက်ကတော့ ကလေးတွေစာဖတ်ဖို့ အလေ့အကျင့်ပြန်လုပ်တဲ့အခြေခံအကြောင်းလို့ ကျွန်တော်တို့ ဒီလိုပဲခံယူပါတယ်။ ကလေးလေးတွေ စာဖတ်ရှိန်မြှင့်ဖို့အတွက် သတင်းစာကနေတစ်ဆင့် ကလေးတွေအတွက် ဖတ်စရာ၊ မှတ်စရာလေးတွေ ပါသွားရင် ပိုပြီးအကျိုးသက်ရောက်မှု ရှိမယ်ပေါ့။

**မေး ။ နိုင်ငံပိုင်သတင်းစာတွေမှာ ဆန်းဒေးကာတွန်းကဏ္ဍ ပါဝင်လာတာတွေ့ရတော့ ဆရာ့အနေနဲ့ ဘယ်လိုခံစားမိပါသလဲ။**

ဖြေ ။ စိတ်ချမ်းသာတာပေါ့ဗျာ။ ကျွန်တော်က SUNDAY COMICS ဆိုတဲ့ နိုင်ငံတကာသတင်းစာတွေနဲ့ နှစ်အကြာကြီးနေခဲ့တာဆိုတော့ ဒါလေးကို စိတ်ကူးယဉ်နေတာကြာပြီပေါ့နော်၊ အခုလို ကျွန်တော်တို့ လုပ်ပိုင်ခွင့်လည်းရတယ်။ ပြည်ထောင်စုဝန်ကြီးဘက်ကရော၊ ဌာနဆိုင်ရာဘက်ကရော၊ အဖက်ဖက်ကနေ လိုက်လိုက်လျောလျောလုပ်တဲ့အတွက် ကျွန်တော်ကျေနပ်ပီတိဖြစ်မိပါတယ်။

**မေး ။ လက်ရှိ နိုင်ငံပိုင်သတင်းစာတွေရဲ့ ပြုပြင်ပြောင်းလဲမှုအပေါ်မှာရော ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ လက်ရှိ အနေအထားကတော့ ကောင်းပါတယ်။ သတင်းမီဒီယာဆိုတာ ပြည်သူနဲ့ထင်ဟပ်ရမယ့်ကိစ္စဖြစ်တော့ ပြည်သူကို ဗဟိုပြုတယ်ဆိုရင်တော့ အကောင်းဆုံးအခြေအနေတစ်ခုပေါ့၊ ယခုအနေအထားကတော့ ပြည်သူနဲ့ အတော်လေး ပတ်သက်မှုရှိတဲ့အတွက် ကောင်းပါတယ်။

**မေး ။ ဆရာ့အနေနဲ့ရော ဆန်းဒေးကာတွန်းအစီအစဉ်မှာ ဝင်ရောက်အားဖြည့်ရေးဆွဲဖို့ ရှိပါသလား။**

ဖြေ ။ ရှိပါတယ်။ အခုဟာက ပွဲဦးထွက်ဆိုတော့ အရင်ဆုံးအချိန်မီဖို့၊ လက်ရာကောင်းရဖို့ လုံးပန်းနေရလို့ပါ၊ ကျွန်တော်က သတင်းစာနှစ်စောင်လုံးရဲ့ အဆင်အပြင်နဲ့ အရောင်ခြယ်တာတို့၊ ဒီဇိုင်းလုပ်တာတို့ကို လုပ်ရတာကိုး။ နောက်တစ်ပတ်မှာတော့ ကျွန်တော်တို့ လက်ရာတွေပါမှာပါ။

**မေး ။ သတင်းစာဖတ် ပရိသတ်တွေကို ဘာများ ပြောကြားလိုပါသလဲ။**

ဖြေ ။ ကလေးတွေ စာဖတ်ဖို့ အဓိကက သတင်းစာအိမ်ထဲရောက်ဖို့ လိုတာပေါ့၊ အဲဒီအတွက် မိဘပြည်သူတွေကို ပြောပြချင်တာကတော့ သတင်းစာဝယ်ဖတ်ခြင်းအားဖြင့် ကလေးတွေအတွက်ရော အကျိုးရှိတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။ နောက်တစ်ခု ကျွန်တော်စဉ်းစားထားတာက ကလေးကဏ္ဍလေးတစ်ခု အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပါတဲ့အကြောင်းကို ကျွန်တော့်ဖေ့ဘုတ်စာမျက်နှာမှာတင်ဖို့ ရည်ရွယ်ထားပါတယ်။ သတင်းစာကို ကလေးရော လူကြီးပါ မက်မက်မောမော ရှိလာဖို့ ရည်ရွယ်ပါတယ်။

**မေး ။ ဟုတ်ကဲ့၊ အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်း ပိုမိုတိုးတက်ကောင်းမွန်လာဖို့ ကာတွန်းပညာရှင်တစ်ဦးဖြစ်တဲ့ ဆရာ့ရဲ့လေးနက်တဲ့ အတွေးအမြင်ကို လည်း သိချင်ပါတယ်။**

ဖြေ ။ အမှန်ကတော့ ကလေးတွေ အခြေခံကောင်းဖို့ လိုတာပေါ့၊ ကလေးတွေ အရင်ဆုံး စာဖတ်ချင်စိတ်ဖြစ်ဖို့က အဓိကပါ၊ ပြီးတော့မှ ဘာစာမျိုးဖတ်မလဲဆိုတာ နောက်တစ်ဆင့်ပေါ့၊ ဒီနေ့ ကလေးတွေမှာက ကျွန်တော်တို့ခေတ်နဲ့မတူဘူး၊ ကျွန်တော်တို့ ခေတ်က ကလေးက ပထမဦးဆုံးကာတွန်းဖတ်တာပေါ့၊ ကာတွန်းဖတ်ပြီးရင် ရုပ်ရှင်ကြည့်မယ်၊ ဒါပါပဲ။ အခု ဒီခေတ်မှာ နည်းပညာတိုးတက်တဲ့အခါကျတော့ အင်တာနက်တို့ ဂိမ်းတို့က ရှိနေတယ်။ ရှိနေတော့ ကလေးတွေက စာဖတ်ခြင်းကို ကျော်ပြီးတော့ နည်းပညာတွေရဲ့ ဖွံ့ဖြိုးမှုနောက်ကို ပါသွားတယ်၊ အဲဒါကို ကျွန်တော်တို့က အချိန်မီပြန်ဆယ်ယူရမှာပါ၊ နောက်တစ်ခုက လူ့ဘဝတစ်ခုမှာ စာဖတ်ခြင်းက အရေးကြီးတယ်ဆိုတာကိုလည်း လူငယ်တွေကနေစပြီး သိစေချင်တာပေါ့၊ ဒီစာထဲကနေ ကိုယ့်ဘဝ တည့်မတ်အောင် ဘယ်လိုဆုံးမသွန်သင်တယ်ဆိုတဲ့ ဒီအတွေးအမြင်တွေကလည်း အဓိက ကျပါတယ်။ အဲဒီအတွက် အရေးကြီးဆုံးက ကလေးတွေအရင်ဆုံး စာဖတ်ဖို့၊ စာဖတ်ချင်စိတ်ဖြစ်ဖို့က ကျွန်တော်တို့အဝိုင်းအဝန်းထဲက ပံ့ပိုးကြရမှာပါ၊ အဓိကကတော့ မိဘတွေ၊ နောက်တစ်ခုက နိုင်ငံတော်အစိုးရ ဒီလိုမျိုးဆင့်ကဲဆင့်ကဲနဲ့ ဆောင်ရွက်ရင် နောက်မျိုးဆက်အတွက်ပိုပြီး အဆင်သင့်ဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်။

### ကာတွန်းမောင်ရွှေဝင်း

**မေး ။ နိုင်ငံပိုင်သတင်းစာမှာ ဆန်းဒေးကာတွန်းကဏ္ဍသစ်တွေကို တွေ့ရတော့ ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ ကျွန်တော်တို့တွေ ဝိုင်းကြိုးစားထားတာလေး တွေ့ရတဲ့အတွက် ကျေနပ်ပါတယ်။ ဒီကဏ္ဍကိုဖတ်ရတဲ့ မိဘတွေရော ကလေးတွေပါ အားလုံးကျေနပ်မယ်လို့ ထင်ပါတယ်။

**မေး ။ နိုင်ငံပိုင်သတင်းစာတွေမှာ ဒီလိုကာတွန်းကဏ္ဍကို ထည့်သွင်းဖော်ပြလာတော့ နိုင်ငံပိုင်သတင်းစာတွေရဲ့အသွင်အပြင် ပြောင်းလဲမှုတွေအပေါ် ဆရာ့အနေနဲ့ ဘယ်လိုသုံးသပ်ရှုမြင်ပါသလဲ။**

ဖြေ ။ ကောင်းပါတယ်။ ဒီလိုထည့်သွင်းဖော်ပြတဲ့အတွက် ကလေးတွေကာတွန်းကို ဖတ်ဖြစ်လာတာပေါ့၊ ဒီကာတွန်းဖတ်တဲ့အတွက် ကလေးတွေလည်း သတင်းစာကို ဖတ်ဖြစ်လာတာပေါ့၊ ကျွန်တော်တို့ အဲဒါမျိုးကို လိုချင်တာပါ၊ လူငယ်တွေ၊ ကလေးတွေကို ဒီလိုမျိုး ဆွဲဆောင်လိုက်တော့ ကလေးတွေလည်း သတင်းစာကို စိတ်ဝင်စားလာမယ်၊ နောက်တစ်ခုက တယ်လီဖုန်းမှာပဲ အချိန်ကုန်နေတာထက်စာရင် သတင်းစာတွေအပေါ် အာရုံရောက်လာလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့တစ်တွေတိုင်ပင်ပြီး ကြိုးစားကြည့်တာပါ။

**မေး ။ လာမယ့် အပတ်တွေမှာရော ဒီထက်ပိုကောင်းအောင် ဘာများ အစီအစဉ်လုပ်ထားပါသလဲ။**

ဖြေ ။ စစချင်းဆိုတော့ ကျွန်တော်တို့ဘက်မှာ အားနည်းချက်ရှိရင် ရှိမှာပေါ့လေ၊ လာမယ့်အပတ်မှာ ဒီထက်လက်ရာစုံအောင် အကြောင်းအရာကောင်းကောင်းလေးတွေကို တဖြည်းဖြည်းတင်ဆက်သွားမှာပါ၊ အဓိကကတော့ ကလေးတွေကို ဒီကာတွန်းလေးတွေနဲ့ ဆွဲဆောင်ပြီး စာဖတ်ဖို့ပါ၊ ကလေးတွေရဲ့ခေါင်းထဲကို တအားရိုက်သွင်းလို့ မရဘူးပေါ့လေ၊ ဒီကာတွန်းနဲ့ကျွန်တော့်ဆီက နည်းနည်းပြောမယ်၊ တခြားလူဆီက နည်းနည်းပြောမယ်၊ အဲဒါလေးတွေအားလုံးကို သူတို့ဖတ်မိသွားတဲ့အခါကျတော့ တစ်ချိန်ချိန်စာဖတ်တဲ့အခါကျရင် သူတို့အတွေးအခေါ်၊ အယူအဆတွေပြောင်းလဲလာလိမ့်မယ်၊ သတင်းစာအပေါ် စိတ်ဝင်စားလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ပဲ ကျွန်တော်တို့လုပ်ပေးတာပါ၊ အဓိကကတော့ လူငယ်တွေ စာဖတ်ဖို့ပါပဲ၊ အခုသတင်းစာမှာ မျိုးဆက်သစ်ကဏ္ဍတွေလည်း ကောင်းပါတယ်။ သတင်းစာက အများကြီးပြောင်းလဲသွားပြီ။ တဖြည်းဖြည်း စိတ်ဝင်စားလာလို့ရှိရင် စာဖတ်ရှိန်ကို လူတွေလိုက်လာလိမ့်မယ်လို့ထင်ပါတယ်။ နောက်တစ်ခုက အခု ဆန်းဒေးကာတွန်းကဏ္ဍကို နိုင်ငံပိုင်သတင်းစာတွေကနေ ဖော်ပြပေးလိုက်တော့ ကျွန်တော်တို့ ကာတွန်းလောကမှာ ဒီထက်မက ကြိုးစားပြီးရေးမယ့်သူတွေ ပေါ်လာမယ်လို့ ယုံကြည်ပါတယ်။ ဖတ်ရှုရတဲ့ကလေးတွေထဲကလည်း ကာတွန်းဆရာတွေအများကြီး ပေါ်လာနိုင်ပါတယ်။ လာမယ့် အပတ်တွေမှာလည်း ကာတွန်းဆရာတွေစုံအောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။

**မေး ။ လက်ရှိ နိုင်ငံပိုင်သတင်းစာတွေရဲ့ စာမျက်နှာထက်မှာ ကာတွန်းခေတ်တစ်ခေတ် ပြန်လည်ဆန်းသစ်လာမှုအပေါ် ဆရာ့အနေနဲ့ ဘယ်လိုရှုမြင်သုံးသပ်ပါ သလဲ။**

ဖြေ ။ မှန်ပါတယ်။ ကလေးတွေ ဒီလိုမျိုးလေးတွေကို မဖတ်ရတာကြာနေပါပြီ။ ကျွန်တော်တို့ပဲ ငယ်ငယ်တုန်းက ဖတ်ခဲ့ရတာကိုး။ ကျွန်တော်မျှော်လင့်တာကတော့ ကလေးတွေ ကာတွန်းကို ပိုဖတ်လာမယ်၊ စာဖတ်တဲ့ကလေးတွေ ပိုများလာမယ်ပေါ့၊ ကာတွန်းဆရာတစ်ဦးအနေနဲ့ကတော့ ပျော်တယ်လို့ပဲ ပြောရမှာပေါ့၊ ကျွန်တော်တို့ပြောချင်တာလေးတွေ ဒါမျိုးတွေက ရေးလို့ရတဲ့နေရာ သိပ်မရှိတော့ဘူး၊ နောက်တစ်ခုက အခုလို စုစုစည်းစည်းနဲ့ ဖော်ပြတဲ့နေရာလည်း မရှိတော့ဘူး၊ အခုလို လုပ်ပေးတဲ့အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ရေးရလို့ ကျေးဇူးတင်တာ မဟုတ်ပါဘူး၊ ကလေးတွေစာဖတ်ဖို့အတွက် ကျွန်တော်တို့တစ်တွေ ရေးခွင့်ရတာတွေ၊ ကလေးတွေဖတ်ခွင့်ရတာတွေအပေါ် ပိုပြီး ကျေးဇူးတင်ပါတယ်။

### ကာတွန်းကိုရွှေထူး

**မေး ။ ကြေးမုံသတင်းစာရဲ့ ဆန်းဒေးကာတွန်းကဏ္ဍမှာ ဆရာ့ရဲ့ ''ဖြိုဟ်မွှေတဲ့မိချိုး''ကာတွန်းလက်ရာကို ဖတ်ရပါတယ်။ အဲဒီအတွက် ဆရာ့အနေနဲ့ စာဖတ်ပရိသတ်အပေါ် ဘယ်လိုပြောချင်ပါသလဲ၊ ခံစားမှုတစ်ခုခုရော ရှိပါသလား။**

ဖြေ ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကလေးစာပေနဲ့ ပတ်သက်ပြီးတော့ ဖတ်စရာ၊ လေ့လာစရာတွေ အများကြီးရှိတယ်။ ခုခေတ်ကလေးတွေကျတော့ ကလေးစာပေက အတော်ကြီးကို ရှားပါးလာတယ်။ အဲဒီအတွက် ကျွန်တော်တို့အနေနဲ့ ကလေးတွေအတွက် ဘာလုပ်ပေးရမလဲလို့ စဉ်းစားမိတယ်။ အဲဒီလိုပဲ သတင်းနှင့်စာနယ်ဇင်းက တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကြီးတွေကလည်း ကျွန်တော်တို့လိုပဲ သူတို့စဉ်းစားတယ်။ အဲဒီတော့ သူတို့နဲ့ ကျွန်တော်တို့နဲ့ ခံစားချက်ချင်းတူရာကနေ အခုလို အမြန်ဆုံးအကောင်အထည်ဖော်ဖြစ်သွားတာပါ၊ ကလေးရော၊ လူကြီးအတွက်ပါ

*စာမျက်နှာ ၉ သို့*

# မန္တလေးဘူတာကြီးရှေ့ အဝိုင်းပတ်အား ယာဉ်ကြောသွားလာမှုအဆင်ပြေရန် ဖျက်သိမ်းမည်



**မန္တလေး စက်တင်ဘာ ၁၁**

မန္တလေးမြို့ ၇၈ လမ်းနှင့် လမ်း ၃၀ ရှိ မန္တလေးဘူတာကြီးရှေ့တွင် ယာဉ်ကြောသွားလာမှုအဆင်ပြေရန် မီးပွိုင့်တပ်ဆင်သွားမည်ဖြစ်၍ လက်ရှိဘူတာအဝိုင်းပတ်ကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာအဆောက်အအုံနှင့် ကုန်ရုံဌာန အင်ဂျင်နီယာဌာနစုမှူး ဦးအုန်းကျော်က ပြောသည်။

အဆိုပါ မန္တလေးဘူတာကြီး အဝိုင်းပတ် တည်ဆောက်ထားသည်မှာ နှစ် ၂၀ ကျော်သက်တမ်းရှိပြီဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မှတ်တမ်းများအရသိရသည်။ "အရင်က ဘူတာရှေ့မှာ အဝိုင်းပတ်လုပ်ခဲ့တာက ယာဉ်ကြောရှင်းလင်းပြီး အန္တရာယ်ကင်းရှင်းအောင်ဆိုပေမယ့် လက်ရှိအနေအထားမှာတော့ ယာဉ်အစီးရေများပြားပြီး စည်းကမ်းမလိုက်နာလို့ အဆင်မပြေဖြစ်နေတယ်။ ဒါကြောင့် အဝိုင်းပတ်ဖျက်သိမ်းပြီး မီးပွိုင့်တပ်ဆင်မယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အဝိုင်းပတ်ဖျက်သိမ်းရန်အတွက် အဆောက်အအုံနှင့် ကုန်ရုံဌာန၊ သက်ဆိုင်ရာဌာနတို့ ပူးပေါင်းကာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိပြီး နှစ်လအတွင်း အပြီးဖျက်သိမ်းသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ဘူတာကြီးမျက်နှာစာနားမှာ လမ်းအကြောင်းက မပေါ်သေးဘူး။ ဘူတာကြီး အဝင်/အထွက် စဉ်းစားသင့်တယ်။ လက်ရှိအတိုင်းက အဆင်ပြေတယ်။ မီးပွိုင့်တပ်ရင် ဘူတာထဲဝင်မယ့် ယာဉ်တွေကို ဘယ်လိုအချက်ပြမလဲ၊ ဘူတာအဝင်/အထွက်လမ်းကို ထည့်သွင်းစဉ်းစားပြီး လုပ်သင့်တယ်"ဟု မြို့ခံတစ်ဦးက ပြောသည်။ မန္တလေးမြို့တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ တစ်နေ့တခြားများပြားနေပြီး မြို့တော်စည်ပင်သာယာအနေဖြင့် မြို့တွင်း ယာဉ်ကြောကျပ်တည်းမှု လျှော့ချရေးနှင့် ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းစေရေးအတွက် လမ်းချဲ့ခြင်း၊ လမ်းခင်းခြင်းနှင့် မီးပွိုင့်များ တိုးချဲ့တပ်ဆင်ခြင်းတို့ ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကျောက်ထုတ်လုပ်ရေးစခန်းများကြောင့် သမိုင်းဝင် သဘာဝတောင်တန်းများ၊ သစ်တောများနှင့် စမ်းချောင်းများပျက်စီး

**ပုသိမ်ကြီး စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာ၏ အရှေ့ဘက် ဖတ်ဖုံးတောင်၊ လှမ်းကြည့်တောင်၊ ရှင်မဟိန္ဒခြေတော်ရာတောင် စသည့် သမိုင်းဝင်တောင်တန်းကြီးများအား ပုဂ္ဂလိကကျောက်ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေခြင်းကြောင့် သဘာဝသစ်တောများ၊ စမ်းချောင်းများ ပျက်စီးယိုယွင်းနေသည်။

အဆိုပါနေရာများသည် ရှေးယခင်မင်းများလက်ထက်ကတည်းက ဘေးမဲ့တောအဖြစ် သတ်မှတ်ထားသည့် တောင်ခြေပတ်လည်တွင် သမိုင်းဝင်ကျောက်စာများ၊ ခြေတော်ရာများ၊ သာသနိကအဆောက်အအုံများ တည်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းကို ကျေးရွာသူကျေးရွာသားများက လက်မခံဘဲ ဖယ်ရှားပေးရန် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သမိုင်းဝင်တောင်တန်းများအား ၂၀၁၃ ခုနှစ်မှစ၍ ကျောက်ထုတ်လုပ်စခန်းများ ရောက်ရှိလာပြီး မိုင်းခွဲစက်ကြီးများဖြင့် ဆောင်ရွက်နေကြောင်း၊ မိုင်းစများထိမှန်၍ ဘုရားစေတီများ ပြိုကျပျက်စီးမှုများ ရှိခဲ့ကြောင်း၊ တောင်များ ဖြိုချဖျက်ဆီးမှုကြောင့် စမ်းချောင်းများ ပိတ်ဆို့ကာ ကျေးရွာနေပြည်သူများ၊ ရဟန်းသံဃာများ ရေရှားပါးမှုနှင့် ကြုံတွေ့ရကြောင်း၊ သက်ကြီးဘိုးဘွားများသည် မိုင်းခွဲသံကြောင့် နားများ ထိခိုက်ကြောင်း၊ သတိမေ့လန့်သူများလည်း ရှိကြောင်း၊ ထို့အပြင် ကျောက်သယ်ထော်လာဂျီယာဉ်များကြောင့် ကလေးသူငယ်များ ယာဉ်အန္တရာယ်စိုးရိမ်ရကြောင်း ကျေးရွာသူ ကျေးရွာသားများက ပြောသည်။

ထို့ကြောင့် သမိုင်းဝင်တောင်တန်းများ၊ သဘာဝတောတောင်ရေမြေများ မပျက်စီးစေရန် အချိန်မီဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာတာဝန်ရှိသူများကို အကူအညီတောင်းခံထားကြောင်း သိရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**







# မြန်မာ - ထိုင်း (ကန်ချနာဘူရီ-ထားဝယ်) ကုန်စည်ရောင်းချပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ထားဝယ် စက်တင်ဘာ ၁၁**

မြန်မာ-ထိုင်းကုန်သွယ်ရင်းနှီးမှုရရှိလာစေရန်၊ မြန်မာ-ထိုင်းချစ်ကြည်ရင်းနှီးမှုပိုမိုရရှိလာစေရန်ရည်ရွယ်ချက်ဖြင့် မြန်မာ-ထိုင်း (ကန်ချနာဘူရီ-ထားဝယ်)ကုန်စည်ရောင်းချပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၀ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အာဇာနည်လမ်း တိုင်းအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ကန်ချနာဘူရီ ခရိုင်မှ မြို့တော်ဝန် Khun Phuk Ruwaranan တို့က ကုန်စည်ရောင်းချပွဲကို စက္ကူပြောက်အိုးဖြင့် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင်မှ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက ကန်ချနာဘူရီ-ထားဝယ်မှ ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုအားပေးပြီး ကုန်စည်ရောင်းချပွဲအား လှည့်လည်ကြည့်ရှုအားပေးသည်။

မြန်မာ-ထိုင်း(ကန်ချနာဘူရီ-ထားဝယ်)ကုန်စည်ရောင်းချပွဲတွင် လူသုံးကုန်နှင့် စားသောက်ကုန်များ၊ စိတ်ဝင်စားဖွယ်အမှတ်တရကုန်စည်များ၊ ဖျော်ဖြေပွဲနှင့်အလှမယ်ဖက်ရှင်ပြပွဲများကို ဆိုင်ခန်း ၃၀ ဖြင့် စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

*စာမျက်နှာ ၈ မှ*

ကျွန်တော်ရည်ညွှန်းပါတယ်။ မိဘတွေကလည်း သတင်းစာမှာ ကလေးတွေအတွက် ကာတွန်းလေးတွေပါတယ်။ စိတ်ဝင်စားမှုရှိတယ်ဆိုတဲ့အကြောင်း ညွှန်ပြပေးနိုင်ရင် ကလေးတွေအတွက် အင်မတန်မှကောင်းတဲ့ လမ်းကြောင်းလေးတစ်ခု ဖြစ်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ကောင်းလည်း ကောင်းတယ်လေ။ အခြေအနေရယ်၊ အချိန်အခါရယ်ပေးရင် ကလေးစာပေကို ဒီထက်ပိုပြီး စွမ်းစွမ်းတမံလုပ်နိုင်အောင် ကျွန်တော် ရည်မှန်းထားပါတယ်။

**မေး ။ ဆန်းဒေးကာတွန်းကဏ္ဍ တစ်ပတ်ထက် တစ်ပတ်ပိုပြီး ပြည့်စုံကောင်းမွန်လာအောင် ဆရာတို့အနေနဲ့ ဘယ်လိုစီစဉ် ဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ လက်ရှိမှာလည်း ကလေးတွေ စိတ်ဝင်စားတဲ့ လက်ရာရှင်တွေကို ကျွန်တော်တို့ လက်လှမ်းမီသမျှ ခေါ်ယူဆောင်ရွက်လျက်ရှိပါတယ်။ ဒီထက်ကျယ်ကျယ်ပြန့်ပြန့် ခေါ်ယူရေးဆွဲပြီး ဒီထက်ကောင်းအောင်လုပ်ဖို့ ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ ကျွန်တော်က လက်ရှိမှာ ကလေးတွေစိတ်ဝင်စားနိုင်မယ့် ကာတွန်းပုံ ရေးပေးတဲ့ အပိုင်းမှာ တာဝန်ယူထားပါတယ်။ အခုဆို ကာတွန်းဆရာ အတော်များများက ဆန်းဒေးကာတွန်းမှာဝင်ရေးဖို့ တာစူနေကြပါတယ်။ သူတို့လည်း အားလုံးစိတ်ဝင်စားကြတယ်။ အားလုံးကလည်း ဒါလုပ်သင့်တယ်၊ ဒါဖြစ်သင့်တယ်ဆိုပြီး အကြံဉာဏ်ပေးကြပါတယ်။ ကာတွန်းဆရာတွေရဲ့ လောကအမြင်ကတော့ ဒီ COMICS ဆိုတဲ့ ကာတွန်းကို ကာတွန်းရေးနိုင်တဲ့ဆရာက နည်းနည်းရှားတယ်ပေါ့လေ၊ ရေးနိုင်တဲ့သူတွေကို ကျွန်တော်တို့က ဖိတ်မန္တကပြုပြီး လက်တွဲခေါ်သွားမှာပါ။

**မေး ။ ဟုတ်ကဲ့၊ ဒီ COMICS ကာတွန်းက ကလေးတွေအတွက် ဘယ်လောက် အကျိုးသက်ရောက်မှုရှိမလဲဆိုတာ ဆရာ့အနေနဲ့ သုံးသပ်ပေးပါဦး။**

ဖြေ ။ အခု ကလေးတွေက စာဖတ်တတ်ပြီဆို ဖုန်းပွတ်ကြတယ်ပေါ့လေ။ စာဖတ်ဖို့ကို သူတို့အတွက် စာပေမရှိသလောက် ရှားပါတယ်။ ဒါကြောင့် ကလေးအတော်များများက ဖုန်းတွေပဲ ပွတ်ကြတယ်၊ ဂိမ်းတွေပဲ ဆော့ကြတယ်။ အခုလို နေ့စဉ်သတင်းစာက အပတ်စဉ် ဆန်းဒေးမှာ ဒီကာတွန်းလေးတွေနဲ့ သူတို့ကို ဆွဲဆောင်ပြီး သူတို့ကို ဖတ်စရာ၊ မှတ်စရာလေးတွေပါလာတော့ ဖုန်းပွတ်တဲ့အလုပ်ကလေးတွေလျော့သွားမယ်လို့ ထင်ပါတယ်။

**မေး ။ သတင်းစာဖတ်ပရိသတ်အပေါ် ဘာများဖြည့်စွက် ပြောချင်ပါသလဲ။**

ဖြေ ။ ဆန်းဒေးကာတွန်းကဏ္ဍက ကလေးတွေ ဖတ်ချင်လာအောင် ပထမဆုံး ဆွဲဆောင်တာပေါ့လေ။ ရှေ့လျှောက် ဒီထက် ကောင်းသထက် ကောင်းအောင် ဇာတ်လမ်းလေးတွေနဲ့၊ ဇာတ်ကောင်လေးတွေနဲ့ ဆွဲဆောင်မှုရှိအောင် ဆက်လက်လုပ်သွားဖို့ အစီအစဉ်ရှိတယ်ဆိုတဲ့အကြောင်း ပြောချင်ပါတယ်။

**ဦးရဲနိုင်၊ အထွေထွေမန်နေဂျာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**

**မေး ။ နိုင်ငံပိုင်သတင်းစာတွေမှာ စာဖတ်ပရိသတ်အကြိုက် ကဏ္ဍတွေ စုံစုံလင်လင် ထည့်သွင်းဖော်ပြလာတာကို တွေ့ရပါတယ်။ နိုင်ငံပိုင်သတင်းစာတွေရဲ့ရပ်တည်ချက်နဲ့ မျှော်မှန်းချက်က ဘာများပါလဲခင်ဗျာ။**

ဖြေ ။ နိုင်ငံပိုင်သတင်းစာတွေ တစ်နည်းအားဖြင့် အများပြည်သူပိုင်သတင်းစာတွေဟာ ပြည်သူအကျိုးစီးပွားကို ဖော်ဆောင်ရာမှာ ပြည်သူတွေ သိသင့်သိထိုက်တဲ့ သတင်းတွေကို ထုတ်ပြန်ပေးဖို့၊ ပြည်သူတွေ အသိပညာ ဗဟုသုတရရှိစေဖို့၊ ပြည်သူတွေကို ဖျော်ဖြေပေးဖို့ မျှော်မှန်းဆောင်ရွက်နေတာဖြစ်ပါတယ်။

အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်းမှာ သတင်းစာတွေကို တစ်ဖက်သတ် သတင်းပေးခြင်းမျိုးမဖြစ်စေဘဲ ပြည်သူ့အသံတွေကိုလည်း ဖော်ပြပေးဖို့၊ တစ်နည်းအားဖြင့် အစိုးရနဲ့ ပြည်သူအတွက် ပေါင်းကူးတံတားသဖွယ် ဖော်ဆောင်ပေးဖို့ မူဝါဒနဲ့အညီ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ နိုင်ငံပိုင်သတင်းစာတွေမှာ "ဆန်းဒေးကာတွန်း"ဖော်ပြတာ ဖတ်ရှုရပါတယ်၊ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ပါသလဲခင်ဗျာ။**

ဖြေ ။ နိုင်ငံပိုင်သတင်းစာတွေမှာ ပြည်သူ့အသံ သတင်းတွေအပြင်"ပြည်သူ့သဘောထားစင်မြင့်"ကဏ္ဍသစ်ဖွင့်လှစ်ဖော်ပြတာ၊ ပြင်ပကလောင်ရှင်အသစ်တွေရဲ့ လက်ရာတွေကို ဖော်ပြပေးတာတွေအပြင် ယခုအခါမှာ ကာတွန်းပညာရှင်တွေရဲ့ လက်ရာတွေကိုလည်း အပတ်စဉ် တနင်္ဂနွေနေ့တိုင်းမှာ ဖော်ပြပေးနိုင်ဖို့ စီမံဆောင်ရွက်တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကာတွန်းကဏ္ဍကို မြှင့်တင်ပေးတာ၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခန်းကဏ္ဍတစ်ခုအနေနဲ့ ဆောင်ရွက်ပေးတာလည်း ဖြစ်ပါတယ်။

# တန်ဇန်းနီးယားမြောက်ပိုင်း၌ မြေငလျင်လှုပ်ခတ် ၁၃ ဦးသေဆုံး၊ ၂၀၀ ကျော်ဒဏ်ရာရ

**ဘူကိုဗာ စက်တင်ဘာ ၁၁**

တန်ဇန်းနီးယားမြောက်ပိုင်း၌ ပြင်းအား ၅ ဒသမ ၇ အဆင့်ရှိ မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူ ၁၃ ဦးသေဆုံးကာ ၂၀၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြေငလျင်သည် ဗစ်တိုးရီးယားရေကန်အနီး ယူဂန်ဒါနှင့် ရဝမ်ဒါနယ်စပ်တွင် လှုပ်ခတ်သွားခဲ့ခြင်းဖြစ်သည်။ လူမှုကွန်ရက်များမှ ဖော်ပြသည့်ဓာတ်ပုံများတွင် လူဦးရေ ၇၀၀၀၀ ကျော်ရှိသည့် ဘူကိုဗာရှိ နေအိမ်အဆောက်အအုံများမှာငလျင်ကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး သေကျေပျက်စီးမှုများရှိကြောင်း ဖော်ပြခဲ့သည်။

ကင်ညာအနောက်ပိုင်းရှိ ဝေးကွာသည့်ဒေသများတွင်လည်း ငလျင်အသေးစားများ လှုပ်ခတ်ခဲ့သည်။ ယခုအခါ အခြေအနေများကို ငြိမ်သက်အောင် ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း ဘူကိုဗာရှိဒေသခံတစ်ဦးက ဘီဘီစီသို့ပြောကြားခဲ့သည်။

အချို့မှာ ဆေးရုံမှဆင်းသွားခဲ့ကြပြီဖြစ်ပြီး နောက်ထပ်ထိခိုက်ဒဏ်ရာရရှိသူမရှိတော့ကြောင်း ၎င်းကထပ်မံပြောကြားသည်။ တန်ဇန်းနီးယားမြေငလျင်သည်စနေနေ့ ဒေသစံတော်ချိန်မွန်းလွဲ ၁၂ နာရီ ၂၇ မိနစ်တွင် လှုပ်ခတ်ခဲ့ကြောင်း အမေရိကန် ပထဝီစစ်တမ်းကောက်ယူမှုများက ဖော်ပြသည်။

**(ဘီဘီစီ)**





# ပါရီ၌ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသမီးတစ်ဦးအား တရားစွဲဆို

**ပါရီ စက်တင်ဘာ ၁၁**

ပြင်သစ်နိုင်ငံရှိ နိုထရီဒိန်းဘုရားကျောင်း သာသနာ့နယ်မြေအနီး၌ တိုက်ခိုက်မှုပြုလုပ်ခဲ့သည့် အကြမ်းဖက်ကွန်မန်ဒိုအဖွဲ့ဝင်အမျိုးသမီးငယ်အား ဖမ်းဆီးခဲ့ပြီးနောက် ပြင်သစ်ရှေ့နေများက ၎င်းအားတရားစွဲဆိုကာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အော်နယ်လာဂျီ (အသက် ၂၉နှစ်) အား အကြမ်းဖက်တိုက်ခိုက်မှုနှင့် လူသတ်ရန်ကြံစည်ရာတွင် ပါဝင်ခဲ့မှုဖြင့် အမှုစစ်ဆေးကြားနာလျက်ရှိသည်။ ကျန်အမျိုးသမီးသုံးဦးကိုလည်း ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကားတစ်စီးအတွင်း ဆလင်ဒါဂက်စ်များ ထည့်သွင်းထားသည်ကို တွေ့ရှိခဲ့ပြီးနောက် ရဲများကစစ်ဆေးမေးမြန်းလျက်ရှိသည်။

၎င်းတို့ကို နောက်ထပ်အကြမ်းဖက်မှုတစ်ခု ဖြစ်ပွားတော့မည့်ဆဲဆဲအခြေအနေတွင် ဖမ်းဆီးအရေးယူခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ အော်နယ်လာဂျီ၏ လက်ဗွေရာများကို ကားအတွင်း၌ တွေ့ရှိရကြောင်း ပါရီရှေ့နေက ပြောသည်။ အော်နယ်လာဂျီသည် ထက်မြက်သည့် ထောက်လှမ်းရေးသမားတစ်ယောက်အဖြစ် လူသိများပြီး ဆီးရီးယားသို့သွားရောက်ရန် ကြံစည်လျက်ရှိကြောင်း သိရသည်။ ၎င်းသည် အင်္ဂါနေ့က ပြင်သစ်တောင်ပိုင်း၌ ၎င်း၏ချစ်သူနှင့်အတူ ဖမ်းဆီးခံလိုက်ရကြောင်း သိရသည်။

**(ဘီဘီစီ)**

# အမေရိကန်သမ္မတအိုဘားမား၏အရေးယူပိတ်ဆို့မှုများကို အရေးမစိုက်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ပြောကြား

**ပြုံယမ်း စက်တင်ဘာ ၁၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ၎င်း၏ငါးခုမြောက် နျူကလီးယားစမ်းသပ်မှုအပေါ် အမေရိကန်၏အရေးယူပိတ်ဆို့မှုမှာ ရယ်ဖွယ်ရာဖြစ်ကြောင်း၊ မြောက်ကိုရီးယားအနေဖြင့် ၎င်း၏နျူကလီးယားအင်အားကို တိုးပွားသည်ထက်တိုးပွားအောင် ဆက်လက်အားဖြည့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယနေ့အချိန်ထိသမ္မတအိုဘားမားနှင့်အဖွဲ့က လုပ်ဆောင်နေသည့် အဓိပ္ပာယ်မရှိသော ပိတ်ဆို့မှုများသည် အလွန်ဟာသမြောက်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောဆိုမှုကို ကိုးကားလျက်နိုင်ငံပိုင် KCNA သတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားက ငါးခုမြောက်အကြီးဆုံးနျူကလီးယားစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ပြီး နှစ်ရက်အကြာတွင် အမေရိကန်က မြောက်ကိုရီးယားကို တစ်ဖက်သတ်ပိတ်ဆို့မှုများလုပ်ဆောင်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်က တနင်္ဂနွေနေ့အစောပိုင်းတွင် ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယား၌ ယာယီစစ်ပြေငြိမ်းရေးမျှော်လင့်ချက်များတိုးပွားလာချိန် လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်



**အီဒလစ် စက်တင်ဘာ ၁၁**

အမေရိကန်နှင့်ရုရှားတို့က ယာယီစစ်ပြေငြိမ်းမည့်အစီအစဉ်ကို ကြေညာပြီး နာရီပိုင်းအတွင်းမှာပင် ဆီးရီးယားရှိ သူပုန်ထိန်းချုပ်ထားသည့်နေရာများတွင် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီး လူ ၁၀၀ ထက်မနည်း သေဆုံးသွားကြောင်း သိရသည်။ အလက်ပိုပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုများအတွင်း လူ ၄၅ ဦးထက်မနည်းသေဆုံးကာ အီဒလစ်ပြည်နယ်ရှိ ဈေး၌လေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၆၀ မကသေဆုံးခဲ့ကြောင်း အတိုက်အခံလှုပ်ရှားသူအဖွဲ့က ပြောကြားခဲ့သည်။

၁၀ ရက်ကြာယာယီစစ်ပြေငြိမ်းရေးအစီအစဉ်ကို ဂျီဟတ်စစ်သွေးကြွများအားချေမှုန်းလျက်ရှိသည့် လေကြောင်းတိုက်ခိုက်မှုများအပြီး တနင်္လာနေ့တွင်စတင်မည်ဟု သိရသည်။ တူရကီနှင့်ဥရောပသမဂ္ဂတို့က အဆိုပါအစီအစဉ်ကို ကြိုဆိုလက်ခံမှုရှိသော်လည်း နောက်ထပ်လှုပ်ရှားဆောင်ရွက်မှုများ လိုအပ်နေသေးကြောင်း သတိပေးပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနိုင်ငံခြားရေးမူဝါဒအဖွဲ့အကြီးအကဲ ဖီဒါရီကာမိုဟီရီနီက နိုင်ငံရေးပြောင်းလဲမှုတစ်ရပ်ကို မျှော်မှန်းနေချိန်တွင် တူရကီကကူညီပံ့ပိုးမှုများကို စတင်လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆီးရီးယားအတိုက်အခံအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ယာယီအပစ်အခတ်ရပ်စဲရေး အစီအစဉ်သည်မျှော်လင့်ချက်အချို့ကိုပေါ်ပေါက်လာစေခဲ့သော်လည်း ထိရောက်သည့် စစ်ပြေငြိမ်းမှုတစ်ရပ်ဖြစ်လာစေရန်အတွက် အသေးစိတ်ဆောင်ရွက်ရမည့်အရာများ လိုအပ်နေသေးကြောင်း ပြောကြားခဲ့သည်။

မြို့တော်ဒမတ်စကတ်၌ အစိုးရအဖွဲ့ကစာချုပ်ကို ထပ်ဆင့်လက်မှတ်ရေးထိုးမှုများပြုလုပ်နေကြောင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြသည်။ ဆီးရီးယားသမ္မတနှင့် မဟာမိတ်ပြုထားသည့် ရုရှားကဲ့သို့ အီရန်ဘက်မှတုံ့ပြန်မှုပေါ်ထွက်မလာသေးပေ။ သမ္မတ အာဆတ်အား ပုန်ကန်ထကြွရာမှ ပေါ်ပေါက်လာသည့်ဆီးရီးယားပဋိပက္ခသည် ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ပြည်သူနှစ်သိန်းကျော် အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

**(ဘီဘီစီ)**

ယခင်ကတာလီဘန်တို့၏ နေရာဖြစ်သည့် ဟဲလ်မန့်တောင်ဘက်နယ်မြေသည် သောင်းကျန်းသူများပြားပြီး ဆယ်စုနှစ်ကျော်ကြာအတွင်း တိုက်ခိုက်မှုများအမှန်တကယ်ဖြစ်ပွားနေသော နေရာဖြစ်သည်။ ဟဲလ်မန့်နယ်မြေသည် မူးယစ်ဆေးဝါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဘိန်းပင်များစိုက်ပျိုးရာတွင် ကျော်ကြားသည့်အပြင် အကြမ်းဖက်မှုများကို ဆက်လက်ပြုလုပ်နေသောကြောင့် ဒုစရိုက်နယ်မြေဟု သတ်မှတ်နိုင်သည်။

# တာလီဘန်များ၏ မူးယစ်မှောင်ခိုမှုများကြောင့် အာဖဂန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်တွင် စစ်ပွဲများအရှိန်အဟုန်ပြင်းလာ

**တင်လင်းအောင်**



နိုင်ငံအတွင်းပြင်းထန်စွာ တိုက်ခိုက်နေသော စစ်ပွဲများကြောင့် မတည်မငြိမ်ဖြစ်နေသော နယ်မြေ အတော်များများရှိ ပြည်သူများသည် တစ်ပတ်ကျော်ကြာ တိုက်ခိုက်မှုများကို ရှောင်တိမ်းနေရသည်။ တာလီဘန် အကြမ်းဖက်သမားများသည် တောင်ဘက်ပိုင်းရှိ အဓိက မြို့တော်လန်းကာဂါတ်၏ နယ်မြေကို ကျူးကျော်တိုက်ခိုက်ရန် ကြိုးပမ်းလျက်ရှိသည်။

အစိုးရအဖွဲ့နှင့် တာလီဘန်အကြမ်းဖက်သမားများကြား တိုက်ခိုက်မှုများတွင် နှစ်ဖက်စလုံး သေဆုံးမှုရာကျော်ရှိနေသည့်အပြင် ထိုတိုက်ခိုက်မှုများကြောင့် ထောင်ပေါင်းများစွာသော မိသားစုများ ၄င်းတို့၏နေအိမ်များကို စွန့်ခွာ၍ အသက်အန္တရာယ် လုံခြုံသောနေရာများသို့ နှစ်အတော်ကြာ ပြောင်းရွှေ့နေထိုင်ကြရသည်။

တာလီဘန်အကြမ်းဖက်သမားများသည် အစိုးရလက်နက်ကိုင်တပ်ဖွဲ့များနှင့် နိုင်ငံ၏ အခြားနယ်မြေများထက် ဟဲလ်မန့်နယ်မြေတွင် တိုက်ခိုက်မှု ပိုဖြစ်ပွားခဲ့ကြသည်။ ဒေသခံတို့၏ အဆိုအရ လတ်တလောတွင် ပြည်နယ်ငါးခုကို ထိန်းချုပ်သိမ်းပိုက်ထားသည့်အပြင် အခြား ပြည်နယ် ကိုးခုကိုလည်း ၄င်းတို့လက်အောက်သို့ တိုက်ခိုက်သိမ်းပိုက်ထားရာ အစိုးရဘက်မှလည်း ၄င်း၏တပ်ဖွဲ့ဝင်များ အင်အားတောင့်တင်းစေရန် စစ်ကူများလွှတ်၍ အင်အားဖြည့်ထားသည်ဟု သိရသည်။

အာဏာပိုင်များက လွန်ခဲ့သော နှစ်ပတ်ကျော်က ဟဲလ်မန့်နယ်ကို ထိန်းချုပ်နိုင်ရန်အတွက်တိုက်ခိုက်စဉ်က စစ်သွေးကြွ ၂၀၀ ထက်မနည်းသေဆုံးခဲ့ကြောင်း ပြောသည်။ ထိုနည်းတူ အစိုးရဘက်မှ စစ်သား ၂၀၀ ကျော်လည်းကျဆုံးခဲ့သည်ဟု တာလီဘန်ဘက်မှ အတိအကျပြောကြားထားသည်။

တာလီဘန်စစ်သွေးကြွများသည် လွန်ခဲ့သောနှစ်ပတ်က စစ်မဟာဗျူဟာမြောက်နေရာများဖြစ်သည့် နက်အလီနှင့် မာဂျာပြည်နယ်များကို သိမ်းပိုက်ရန် လုပ်ဆောင်လျက်ရှိသည်။ စစ်သွေးကြွများသည် ယင်းနေရာများတွင် ၄င်းတို့၏အလံကို လွှင့်ထူနိုင်ရန် ကြိုးစားအားထုတ်လျက်ရှိသည်။

ဒေသအတွင်းလေ့လာသူများက ဟဲလ်မန့်နယ်တွင် ဘိန်းပင်များစိုက်ပျိုးထုတ်လုပ်နေပြီး ဘိန်းများကို တရားမဝင် ဖြန့်ဖြူးရောင်းချနေသည်ဟု ယုံကြည်နေကြသည်။ ထိုလုပ်ရပ်များကြောင့် ပါကစ္စတန် နယ်စပ်တစ်လျှောက်ရှိ ဒေသများတွင် စစ်ပွဲများ အရှိန်အဟုန်ပြင်းစွာ ဖြစ်ပွားနေရခြင်းဖြစ်သည်။

လေ့လာသူများ၏အဆိုအရ ဘိန်းမှောင်ခို ဖြန့်ဖြူးရောင်းဝယ်ရေးတွင် မာဖီးယားအဖွဲ့များ၊ တာလီဘန်စစ်သွေးကြွများနှင့် အခြားမြေအောက် အဖွဲ့အစည်းများပါဝင်ပတ်သက်နေသည်။ ထိုပြစ်မှုကျူးလွန်သည့်အဖွဲ့များသည် ၄င်းတို့၏အကျိုးအမြတ်အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှု ပြုလုပ်ရာတွင် ငွေကြေးများ ထောက်ပံ့နေခြင်းကြောင့် ဟဲလ်မန့်နယ်အတွင်း စစ်ပွဲများ ဖြစ်ပွားနေရခြင်းဖြစ်သည်။ “ဟဲလ်မန့်နယ်တွင် တိုက်ပွဲများ မကြာခဏဖြစ်ရခြင်းသည် အဖိုးတန်ကျောက်မျက်များ မှောင်ခိုရောင်းသကဲ့သို့ မူးယစ်ဆေးဝါးများကို တရားမဝင်ဖြန့်ဖြူးရောင်းချရာတွင် မာဖီးယားအဖွဲ့များ၊ တာလီဘန်များအပြင် အကျင့်ပျက်အရာရှိများ ပါဝင်နေခြင်းသည် အဓိကအကြောင်းအရင်းဖြစ်သည်”ဟု ဟဲလ်မန့်နယ်မြေခေါင်းဆောင် ခရိန်အတဲက ပြောသည်။

အတဲသည် မူးယစ်ဆေးဝါးလုပ်ငန်းများနှင့် မှောင်ခိုရောင်းဝယ်ရေးများပြုလုပ်ရာတွင် မာဖီးယားအဖွဲ့များ၊ တာလီဘန်အုပ်ချုပ်သူများနှင့်အတူ အကျင့်ပျက်ရဲအရာရှိများ ပူးပေါင်းလုပ်ကိုင်နေသည်ဟု ပြောကြားခဲ့သည်။

နိုင်ငံရေးလေ့လာသူများကမူ ဟဲလ်မန့်ပြည်နယ်၏ အဓိကစီးပွားရေးသည် ဘိန်းပင်များ စိုက်ပျိုးခြင်းလုပ်ငန်းအပေါ် မှီခိုနေသည်။ ယင်းဘိန်းစိုက်ပျိုးခြင်းလုပ်ငန်းကို တာလီဘန်များက ထိန်းချုပ်ထားသည်ဟု ပြောသည်။

အစိုးရကို ဆန့်ကျင်သော တာလီဘန်များသည် တောင်သူလယ်သမားများအား ဘိန်းပင်များ စိုက်ပျိုးရန်အားပေး တိုက်တွန်းကြသည်ဟု လေ့လာသူများက ပြောသည်။ တာလီဘန်နှင့် အစိုးရ စစ်မက်ဖြစ်ပွားခြင်းမှာလည်း တာလီဘန်များသည် ကုန်သွယ်ရေးလုပ်ငန်းများမှ ရန်ပုံငွေအဖြစ် အခွန်ကောက်ခံသောကြောင့် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ဘိန်းပင်များရိတ်သိမ်းရာ၌ ဘိန်းစေ့ပေါင်း တန် ၃၃၀၀ ထွက်ရှိခဲ့သည်။ ယင်းဘိန်းပင်များသည် ဟဲလ်မန့်ပြည်နယ်နှင့်အတူ ၄င်း၏အိမ်နီးချင်းနိုင်ငံများ၏ လယ်ယာအမြောက်အမြားမှ ထွက်ရှိသည်ဟု အာဖဂန်နစ်စ္စတန် ယူအန်အိုဒီစီအဖွဲ့က ပြောသည်။

အာဖဂန်စစ်သားများနှင့် တာလီဘန်စစ်သွေးကြွများ ဆန့်ကျင်တိုက်ခိုက်မှုများတွင် အစားအစာများနှင့် လက်နက်ခဲယမ်းများ ပြတ်တောက်သွားခဲ့ခြင်းကြောင့် ၄င်းတို့တိုက်ပွဲနယ်နိမိတ်အတွင်း သီးခြားတပ်ဆင် အသုံးပြုရန်အတွက် လက်နက်များတောင်းဆိုခဲ့သည်ဟု ဒေသအတွင်း သတင်းမီဒီယာတစ်ခုမှ ဖော်ပြထားသည်။

ပြင်းထန်သော တိုက်ပွဲများအတွင်း ဒေသခံတို့၏ ပြောပြချက်အရ မာဂျာ၊ နက်အလီ၊ ဂျီရ၊ ဘာဘာဂျီ၊ နာဝါနှင့် နရာအီးဆာရာဒေသတို့ကို နှစ်ပတ်ကျော်ကြာ ဆက်လက်တိုက်ခိုက်ခဲ့ကြောင်းနှင့် စစ်သွေးကြွများသည် မြို့တော်လန်းကာဂါတ်ရှိ ဒေသအားလုံးနီးပါးကို တိုက်ခိုက်နေခြင်း ဖြစ်သည်ဟု ဆိုထားသည်။ ■

**တိုက်ပွဲများ မကြာခဏဖြစ်ရခြင်းသည် အဖိုးတန်ကျောက်မျက်များ မှောင်ခိုရောင်းသကဲ့သို့ မူးယစ်ဆေးဝါးများကို တရားမဝင် ဖြန့်ဖြူးရောင်းချရာတွင် မာဖီးယားအဖွဲ့များ၊ တာလီဘန်များအပြင် အကျင့်ပျက်အရာရှိများ ပါဝင်နေခြင်းသည် အဓိကအကြောင်းအရင်းဖြစ် . . .**



## ဖိလစ်ပိုင်ရုပ်ရှင်ဇာတ်ကား The Women who left အကောင်းဆုံးရုပ်ရှင် ဆုဆွတ်ခူး

**မနီလာ စက်တင်ဘာ ၁၁**

ဒါရိုက်တာ လာဗ်ဒိုင်ရက်ဇ် စီစဉ်ရိုက်ကူးသည့် The Women who left အဖြူအမည်း ဒရာမာရုပ်ရှင်ဇာတ်ကားသည် ဗီးနိစ်ရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးရုပ်ရှင်အဖြစ် ရွှေခြင်္သေ့ဆု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကား၌ ကျောင်းဆရာမတစ်ဦးသည် ၄င်းကျူးလွန်ခဲ့ခြင်းမရှိသည့် ရာဇဝတ်မှုတစ်ခုအတွက် အကျဉ်းထောင်ထဲတွင် နှစ်၃၀ဖြတ်ကျော်ခဲ့ရပြီးနောက် လက်စားချေရန် စိတ်ဆန္ဒပြင်းပြခဲ့မှုများနှင့် ခွင့်လွှတ်ခြင်း၏ အားပြိုင်မှုများကို သရုပ်ဖော်တင်ဆက်ထားသည်။ ဒါရိုက်တာ ဒိုင်ရက်ဇ်က အဆိုပါရုပ်ရှင်ကားသည် ရာစုနှစ်များစွာ ကိုလိုနီအုပ်ချုပ်မှုအောက် ကျရောက်ခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံ၏ရုန်းထွက်ရန် ကြိုးစားခဲ့ရမှုများကို ထင်ဟပ်စေခဲ့ကြောင်း ပြောခဲ့သည်။

(၇၃)ကြိမ်မြောက်ရုပ်ရှင်ပွဲတော်၌ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀ တို့ ယှဉ်ပြိုင် အရွေးခံခဲ့ကြသည်။ အသက် ၅၇ နှစ်ရှိပြီဖြစ်သော ဒါရိုက်တာ လာဗ်ဒိုင်ရက်ဇ်က “ဒီဆုဟာကျွန်တော်တို့နိုင်ငံအတွက်သာမက ဖိလစ်ပိုင်ပြည်သူတွေနဲ့ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးရပိုင်ခွင့်တွေအတွက် ကြိုးစားရုန်းကန်မှုတွေကြောင့် ရရှိခဲ့တဲ့ဆုဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်”ဟု ဆုလက်ခံစဉ် ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# လာမည့်ဆီးဂိမ်းတွင် မြန်မာဆုရနိုင်သော အားကစားနည်း ၁၉ မျိုးရှိ

**ရန်ကုန် စက်တင်ဘာ ၁၁**

လာမည့် ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံအနေဖြင့် ဆုတံဆိပ်ဆွတ်ခူး နိုင်သော အားကစားနည်း (၁၉) နည်း ရှိကြောင်း အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ပြောသည်။

"မလေးရှားနိုင်ငံမှာ ပြုလုပ်မယ့် ဆီးဂိမ်းမှာ အားကစားနည်း ၃၈ မျိုးထည့် သွင်းကျင်းပပြီး ဆုတံဆိပ် ၄၀၅ ဆု ချီးမြှင့်သွားဖို့လျာထားပါတယ်။ ဒီပြိုင်ပွဲ မှာမြန်မာနိုင်ငံမှာမရှိတဲ့ အားကစားနည်း က ခြောက်နည်းရှိပြီး မြန်မာအားကစား သမားတွေယှဉ်ပြိုင်နိုင်တဲ့ အားကစား နည်းက ၃၂ နည်းရှိပါတယ်။ ဒီအထဲကမှ ၁၃ နည်းကတော့ ဆုတံဆိပ်ရနိုင်တဲ့ အနေအထားမရှိပါဘူး။ ၁၉ နည်းကတော့ ဆုတံဆိပ်တွေ ဆွတ်ခူးနိုင်ပါတယ်။ ရွှေတံ ဆိပ်ဆု ဆွတ်ခူးနိုင်တဲ့အားကစားနည်း ကတော့ ခုနစ်နည်းပဲရှိပါတယ်။ ကျန်တဲ့ ၁၂ နည်းကတော့ ငွေနဲ့ကြေးတံဆိပ် တွေဆွတ်ခူးနိုင်ပါတယ်"ဟု ညွှန်ကြား ရေးမှူးချုပ်က စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ (၁) သုဝဏ္ဏကွင်း၌ ကျင်းပ



သော ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။(**အပေါ်ပုံ**)

ပြီးခဲ့သည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းတွင် မြန်မာနိုင်ငံမှ သွားရောက် ယှဉ်ပြိုင်သော အားကစားသမားများ အနေဖြင့် အားကစားနည်း ၃၆ မျိုး ထည့်သွင်းကျင်းပရာတွင် မြန်မာနိုင်ငံမှ အားကစားနည်း (၃၁) နည်း ပါဝင် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆု ၁၂ ခုသာ ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ အားကစားနည်း အရဆိုလျှင် ခြောက်နည်းသာရွှေတံဆိပ် ဆုဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ယင်းတို့မှာ ဘိလိယက်နှင့်စနူကာ၊ ကနူးကယက်၊ ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ရိုးရာလေ့နှင့်ဝူရှူး အားကစားသမားများ သာ ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ကြောင်း၊ အခြားသောအားကစားနည်း ကိုးနည်း ဖြစ်သည့် ပြေးခုန်ပစ်၊ လက်ဝှေ့၊ ပီတန်း၊ သေနတ်ပစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဘောလုံး၊ ဟော်ကီနှင့် အပြည်ပြည် ဆိုင်ရာ လေ့တို့တွင် ငွေနှင့်ကြေးတံဆိပ် ဆုများသာ ဆွတ်ခူးခဲ့ပြီး ဆုတံဆိပ်လုံးဝ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိသော အားကစား နည်း ၁၆ နည်းရှိကြောင်း သိရသည်။

လာမည့် ၂၀၁၇ ခုနှစ် အောက်တို ဘာ ၁၉ ရက်မှ ၃၁ ရက်အထိ (၂၉) ကြိမ်မြောက် ဆီးဂိမ်းကို မလေးရှားနိုင်ငံ က အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကြီးကျင်းပရန် ၁၀ လအလိုတွင် မြန်မာအားကစားသမားများအနေဖြင့် နေပြည်တော် Gold Camp ၌ ၁၇ ဖွဲ့ နှင့် ရန်ကုန်တို့တွင် စခန်းသွင်းလေ့ကျင့် ပြင်ဆင်မှုများ ဆောင်ရွက်မည်ဖြစ် ကြောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့ချုပ်များနှင့် အားကစားသမားများ ပူးပေါင်းကာ ဆု တံဆိပ်များရရှိရေးကြိုးပမ်းသွားမည်ဖြစ် ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်း မြို့နယ် သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေး အောင်သဇင် ပရဟိတလူငယ်အဖွဲ့က စက်တင်ဘာ လပထမပတ်က ဧရာဝတီတိုင်း ဒေသကြီး ညောင်တုန်းမြို့နယ် ကုက္ကိုဝအုပ်စု ဇမ္ဗြန်းဆိပ်ကျေးရွာ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြ စဉ်။**

မျိုးမင်းသိန်း(မရမ်းကုန်း)

## စာကြည့်တိုက်များအတွက်စာအုပ်များလှူဒါန်း

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၁**

ဦးရာဇ်မြေ ပုဏ္ဏားကျွန်းမြို့နယ် လူမှုရေးအသင်း(ရန်ကုန်)နာယက ဦးဖလောင်းဖြူ (ကွယ်လွန်)မိသားစုမှ ရပ်ကွက်/ကျေးရွာနှင့် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အလှူရှင်မိသားစုကိုယ်စား အသင်းဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် ဒုတိယဥက္ကဋ္ဌဦးထွန်းအောင်သာတို့က သုတ၊ ရသစာအုပ် ၁၁၀၀ ကျော်နှင့် ဂျာနယ် စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူးတို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ဉာဉ်သူ(ပုဏ္ဏားကျွန်း)**

## စစ်ကိုင်းတိုင်းဒေသကြီး ၁၉ မြို့နယ်တွင် နှစ်စဉ်အနာကြီးလူနာဦးရေ တစ်နှစ် ၄၀၀ ခန့်တွေ့ရှိနေ

**စစ်ကိုင်း စက်တင်ဘာ ၁၁**

အနာကြီးရောဂါတိုက်ဖျက်ရေးအဖြစ် ပုံမှန်လူနာသစ်ရှာဖွေခြင်းကို စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ၃၇ မြို့နယ်အနက် ၁၉ မြို့နယ်တွင် မြို့နယ်တိုင်း ကိုယ်အင်္ဂါချို့ ယွင်းမှုကာကွယ်ရေးလုပ်ငန်း(POD-Prevention Of Disability)နှင့်အတူ ဆောင်ရွက်လျက်ရှိရာ တစ်နှစ်လျှင် အနာကြီးလူနာဦးရေ ၄၀၀ ခန့် နှစ်စဉ်တွေ့ ရှိနေကြောင်း အနာကြီးရောဂါကုသရေးမှူး ဦးခင်မောင်ဌေးထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ၃၇ မြို့နယ်ထဲက ၁၉ မြို့နယ်မှာ ရွှေဘို၊ မုံရွာနဲ့ စစ်ကိုင်းခရိုင်တွေမှာ အနာကြီးရောဂါသည်တွေ တွေ့ရတာများပါတယ်။ လက်ရှိမှာ POD (Prevention Of Disability) ဖြစ်တဲ့မြို့နယ်တိုင်း ကိုယ်အင်္ဂါချို့ယွင်းမှု ကာကွယ်ရေးလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။မနှစ်ကကျေးရွာတွေကို LAC (Leprosy Awareness Campaign)ဖြစ်တဲ့ လူထုကျန်းမာရေးပညာပေးကို ဆောင်ရွက်ရင်း လူနာရှာတာတွေဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုရှာရာမှာ အရာတော် မှာခြောက်ဦး၊ ဝက်လက်မှာကိုးဦး၊ ကန့်ဘလူမှာခြောက်ဦး၊ တန့်ဆည်နဲ့ဒီပဲယင်းမှာ ငါးဦးစီတွေ့ခဲ့ပါတယ်"ဟု ဦးခင်မောင်ဌေးက ပြောပြသည်။

အနာကြီးရောဂါသည် စောစောသိ၍ စောစောကုသမှုခံယူပါက ကိုယ်လက် အင်္ဂါချို့ယွင်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ရာ အရေပြားပေါ်တွင် အရောင်ဖျော့သော၊ နီသော ကြေးနီရောင်ပေါက်ပြီးထုံနေသောအကွက်များ တွေ့ရပါက နီးစပ်ရာကျန်းမာ ရေးဌာနသို့ ပြသကာ အနာကြီးရောဂါဖြစ်နေသည်ဟု သိရလျှင် MDT ဆေးကို ကျန်းမာရေးဌာနမှ အခမဲ့ရယူကုသခံယူသင့်ကြောင်း သိရသည်။ အနာကြီးရောဂါနှင့် ပတ်သက်သည့် ဆေးပညာများကို အများပြည်သူများအနေဖြင့် မျက်ခြေမပြတ် လေ့လာအကဲခတ်မှုများ ဆောင်ရွက်လျှင် ယခုလက်ရှိတစ်နှစ်တွင် တွေ့နေရသော အနာကြီးရောဂါလူနာ ၄၀၀ ထက် တွေ့ရှိမှုလျော့နည်းလာဖွယ်ရှိကြောင်း ဦးခင်မောင်ဌေးက အကြံပြုထားသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၀၃ ခုနှစ်က အနာကြီးရောဂါကင်းဝေးပြီဟု သက်ဆိုင်ရာအစိုးရက ကြေညာခဲ့သော်လည်း အမှန် မှာ ပြည်သူ့ကျန်းမာရေးပြဿနာကင်းဝေးခြင်းသာဖြစ်ပြီး အနာကြီးရောဂါမှာ ၂၀၀၀ ပြည့်နှစ်မှ ယခု ၂၀၁၆ ခုနှစ်အထိ တစ်နှစ်လျှင် လူနာအသစ်ဦးရေ ၄၀၀ ထပ်တွေ့ရ လျက်ရှိသည်မှာ နှစ်စဉ်ပင်ဖြစ်ကြောင်း အနာကြီးရောဂါကုသရေးမှူး ဦးခင်မောင်ဌေး ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


### ဖခင်အမည်မှန်

မင်းဘူးမြို့(စကု)မြို့နယ်၊ ဆင်ခေါင်း အထက တက္ကသိုလ်ဝင်တန်းမှ မောင်ကျော် ကိုကိုလင်း၊ ဆဋ္ဌမတန်းမှ မသိမ့်သိမ့် လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်း မြင့်ထွေး ၈/မဘန(နိုင်)၀၈၁၇၀၁ ဖြစ် ပါကြောင်း။ **ဦးသိန်းမြင့်ထွေး ၈/မဘန(နိုင်)၀၈၁၇၀၁**

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁) တက္ကသိုလ် ဝင်တန်း (J)မှ မဇင်မေကြည်၏ ဖခင် အမည်မှန်မှာ ဦးဘိုးတွတ် ၈/ရစက (နိုင်)၀၂၇၀၅၃ ဖြစ်ပါကြောင်း။ **ဦးဘိုးတွတ် ၈/ရစက(နိုင်)၀၂၇၀၅၃**

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁) တက္ကသိုလ် ဝင်တန်း (J)မှ မငြိမ်းငြိမ်းအိ၏ ဖခင် အမည်မှန်မှာ ဦးမောင်ဝေ ၈/မဘန (နိုင်)၀၇၈၆၄၄ ဖြစ်ပါကြောင်း။ **ဦးမောင်ဝေ ၈/မဘန(နိုင်)၀၇၈၆၄၄**

### ဖခင်အမည်မှန်

မင်းဘူးမြို့၊ အထက(၁) တက္ကသိုလ်ဝင် တန်း (F)မှ မပပလှိုင်နှင့် အလက(ခွဲ) ကုန်းသာ သတ္တမတန်းမှ မောင်သက်နိုင်စိုး တို့၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ထွန်း ၈/မဘန(နိုင်)၀၈၁၇၀၀ ဖြစ်ပါကြောင်း။ **ဦးသက်နိုင်ထွန်း ၈/မဘန(နိုင်)၀၈၁၇၀၀**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ဝက်ရုပ်ကျေးရွာ၊ အခြေခံပညာအလယ်တန်း ကျောင်းမှ ကျောင်းဝင်အမှတ် ၂၂၅၃ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်မိုးသူအောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် (အစား) ဦးမြင့်သောင်း ၁၄/ရကန(နိုင်)၀၈၁၃၂၃ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၉၈၃၄၅ Yamaha Fino 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၉/မနမ(နိုင်)၀၀၁၀၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/8436 Toyota Townace KM 75 P/U (4x2) R ယာဉ်လက်ဝယ် ရှိသူ ဦးမျိုးဝင်းထွန်း ၉/မနတ(နိုင်)၀၁၇၂၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၂၆၉၇ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၃/ဟပန(နိုင်)၈၃၈၇၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရန်မြေရပ်ကွက်၊ ရန်မြေ(၁၇)လမ်း၊ အနောက်၊ အမှတ်(၃၀) ဒုတိယထပ်၊ (၃)လွှာ(၁၅×၅၅)ပေ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်ကို မြေရှင်အမည်ပေါက် ဦးတင်ဝင်း(၁၂/မဂဒ(နိုင်)၁၃၁၆၂၂) ထံမှ လက်ရှိလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်စန်းစန်းဌေး (၁၂/ဒပန (နိုင်)၀၀၃၄၆၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေသူစိုး (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၁၆၆၄) အမှတ်(၈၅၇)၊ စောင်းသစ္စာ(၃)လမ်း၊ ၄/တောင်ရပ်ကွက် သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၀၁၁၆၄၀၈

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ထားဝယ်မြို့**
**တနင်္သာရီတိုင်းဒေသကြီး**

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနအောက်ရှိ ပြည်သူ့ဆေးရုံ၊ မြို့နယ် ဆေးရုံ/တိုက်နယ်ဆေးရုံများအတွက် ဆေးဝါးကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများနှင့် ဓာတ်ခွဲ၊ ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၉-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၉-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ကုသရေးဦးစီးဌာန ရုံးခန်း ဖုန်း-၀၅၉-၂၁၃၄၈၊ ၀၅၉-၂၂၁၆၉တို့သို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

### အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်(၅၉၈/က)၊ ဦးပိုင်အမှတ် (၄၀/က)၊ ဧရိယာ ၀ ဒသမ ၁၄၂ဧကရှိမြေသည် ခရိုင်ရုံး အမှုတွဲအမှတ်(ငါး) ၁၈၀/ ၁၉၉၆-၁၉၉၇အရ ဗိုလ်မှူးရွှေသန်းအမည်ဖြင့် နှစ်(၃၀)အငှားဂရန် ပထမအကြိမ် ရရှိထားသောမြေဖြစ်ပြီး ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် အဆိုပါမြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုပါရန် မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ရာဇာဓိရာဇ် လမ်း၊ အမှတ်(၁၄၁)နေ ဦးအောင်ကျော်ဦး (ဗိုလ်မှူးရွှေသန်း၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ)မှ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း ဤရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) ကလေးမြို့နယ်၊ ကလေးဝမြို့နယ်နှင့် ခန္တီးမြို့နယ်ဆေးရုံတို့တွင်(၁၀၄×၅၃) ပေ၊ (၄)ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း (ရေ၊ မီး အပါအဝင်)
(၂) ချောင်းဦးမြို့နယ်၊ မြောင်မြို့နယ်၊ ကလေးဝမြို့နယ်၊ တမူးမြို့နယ်၊ ခန္တီး မြို့နယ် ဆေးရုံတို့တွင် နှစ်ထပ်တိုးချဲ့ဆောင် (၁၅၀×၅၆)ပေ ဆောက် လုပ်ခြင်း (ရေ/မီးအပါအဝင်)
(၃) တန့်ဆည်မြို့နယ်(စိန့်နန်း)၊ ကျွန်းလှ(ကုက္ကိုလ်ကုန်း)၊ အင်းတော်(မဲဇာ)၊ လဟယ်(ယမ်းကြုံး) စသည့် တိုက်နယ်ဆေးရုံများအား စံကိုက်ဆောက် လုပ်ခြင်း၊ (၁၆)ခုတင်ဆံ့ဆေးရုံ၊ ၁၃၃၁၁ စတုရန်းပေ အဆောက်အအုံ တစ်လုံး၊ နှစ်ခန်းတွဲ ၁၄၆၄ စတုရန်းပေ အိမ်ရာတစ်လုံး၊ သုံးခန်းတွဲ ၁၂၆၉စတုရန်းပေ အဆောက်အအုံနှစ်လုံး၊ လေးခန်းတွဲ ၁၆၉၂ စတုရန်းပေ အဆောက်အအုံတစ်လုံး၊ လေးခန်းတွဲ ၁၈၅၆ စတုရန်းပေ အဆောက် အအုံတစ်လုံး၊ (၁၅×၂၀)ပေ ရင်ခွဲရုံ အဆောက်အအုံတစ်လုံး၊ ခြံစည်းရိုး ကာရံခြင်း၊ လမ်းခင်းခြင်း၊ ဆေးရုံနှင့် အိမ်ရာများအတွက် (ရေ၊ မီး အပါအဝင်)
(၄) တမူးမြို့နယ် (မင်းသာတိုက်နယ်ဆေးရုံ)နှင့် ခမ်းပတ်မြို့ဆေးရုံတို့တွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ ၁၄၆၄ စတုရန်းပေ နှစ်ခန်းတွဲ တစ်လုံး၊ ၁၂၆၉စတုရန်းပေ သုံးခန်းတွဲ တစ်လုံး၊ ၁၈၅၆ စတုရန်းပေ လေးခန်းတွဲ ၁ လုံး၊ (ရေ/မီးအပါအဝင်)
(၅) လဟယ်မြို့နယ်ဆေးရုံတိုးချဲ့ဆောင် (၁၃၄×၅၆)ပေ အဆောက်အအုံ (ရေ၊ မီး အပါအဝင်)
(၆) မြောင်မြို့နယ်ဆေးရုံ ၁၄၆၄ စတုရန်းပေ (၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံတစ်လုံး (ရေ/မီး အပါအဝင်)
(၇) ချောင်းဦးမြို့နယ်ဆေးရုံ ခြောက်ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာ (၁၈၃×၄၃) ပေ ဆောက်လုပ်ခြင်း (ရေ/မီး အပါအဝင်)
(၈) ကန့်ဘလူမြို့နယ်ဆေးရုံ (၆)ခန်းတွဲ ၄ ထပ်ဝန်ထမ်းအိမ်ရာ (၁၈၃×၄၃) ပေ ဆောက်လုပ်ခြင်း (ရေ/မီး အပါအဝင်)
(၉) ထီးချိုင့်မြို့နယ်၊ ဆေးရုံအုတ်ခြံစည်းရိုးနှင့် Chain Link ကာရံခြင်း
(၁၀) ပင်လည်ဘူးမြို့နယ် ဆေးရုံမြေထိန်းနံရံ ဆောက်လုပ်ခြင်း၊

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၂-၉-၂၀၁၆ရက်မှ ၁၀-၁၀-၂၀၁၆ ရက်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၆ ရက် ၁၆း၀၀နာရီ နောက်ဆုံးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြန်လည်တင်သွင်းသွားရန်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၀၂၇၇၃၊ ၀၇၁-၂၀၂၃၁၅ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူရေးကော်မတီ**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒိုပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒို ဒုတိယပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့



အမျိုးသားအသင်းလိုက် ကုမိတဲ့ပြိုင်ပွဲ ယှဉ်ပြိုင်စဉ်

အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ဆက်လက်ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ လက်ရွေးစင်တွေ ပါဝင်ယှဉ်ပြိုင်ခွင့်မပေးပါဘူး။ တိုင်းဒေသကြီးနဲ့ ပြည်နယ်က မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာအောင် ပြိုင်ပွဲကျင်းပရခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲက ထွက်ပေါ်လာမယ့် လက်ရွေးစင်ကစားသမားတွေကိုရွေးချယ်သွားပြီး အဖွဲ့ချုပ်မှာ ဆက်လက်လေ့ကျင့်ပေးသွားမှာပါ"ဟု မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုးဝင်းက ပြောသည်။

ပထမနေ့ပွဲစဉ်များတွင် ကရင်ပြည်နယ်မှအပ နေပြည်တော်ကောင်စီနယ်မြေအသင်းအပါအဝင် အသင်း ၁၄ သင်းမှ အမျိုးသား၊ အမျိုးသမီး (ခတ)တစ်ဦးချင်း၊ အသင်းလိုက်ပြိုင်ပွဲများ၊ အမျိုးသားကုမိတဲ့ -၅၅ ၊ -၆၀ ကီလိုတန်း၊ အမျိုးသမီး ကုမိတဲ့ -၅၀၊-၅၅ ကီလိုတန်းပြိုင်ပွဲများကိုလည်းကောင်း၊ ဒုတိယနေ့ပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးချင်း ကုမိတဲ့ -၆၁၊ -၆၈ ကီလိုတန်း ၊ အမျိုးသားကုမိတဲ့ တစ်ဦးချင်း -၆၇၊ -၇၅ ၊ -၈၄ ၊ +၈၄ ကီလိုတန်းနှင့် အမျိုးသား အမျိုးသမီးကုမိတဲ့ အသင်းလိုက်ပြိုင်ပွဲများကစားကြပြီး ပြိုင်ပွဲတွင် ကစားသမား ၁၈၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဗိုလ်လုပွဲပြိုင်ပွဲများကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - တင်စိုး(မြန်မာ့လင်း)**



## ချန်ပီယံလက်စတာအား လီဗာပူးတို့ ဂိုးပြတ်အနိုင်ယူ

ပရီမီယာလိဂ် ပွဲစဉ် (၄) ဖြစ်သည့် လီဗားပူးနှင့် လက်စတာတို့ စက်တင်ဘာ ၁၀ ရက်က ယှဉ်ပြိုင်ကစားရာ လီဗာပူးတို့က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ခြေစွမ်းမတည်ငြိမ်သော လီဗာပူးတို့ ယခုပွဲ၌ အနိုင်ရရေးကစားကွက်မိမိကစားခဲ့ပြီး လီဗာပူးအတွက် ဂိုးများကို ၁၃ မိနစ်တွင် ဖာမီနို၊ ၃၁မိနစ်တွင် မာနေးက သွင်းယူပေးသည်။ လက်စတာအတွက် ၃၈ မိနစ်တွင် ဗာဒီက သွင်းယူပေးသည်။လီဗာပူးအတွက် တတိယဂိုးကို ၅၆ မိနစ်တွင် လယ်လာနာနှင့် ပွဲပြီးခါနီး ၈၉ မိနစ်တွင် ဖာမီနိုတို့က သွင်းယူပေးသည်။**(အပေါ်ပုံ)** ပွဲစဉ်(၄)အပြီး လီဗာပူးက ခုနစ်မှတ်၊ လက်စတာက လေးမှတ်ရရှိထားသည်။

**သီဟ - ရေးသည်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်လက်ရွေးစင် မောင်မယ်များရွေးချယ်

**မန္တလေး စက်တင်ဘာ ၁၁**

ရန်ကုန်မြို့၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် သေနတ်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး သေနတ်ပစ်ဆပ်ကော်မတီက ကြီးမှူး၍ တိုင်းဒေသကြီးကိုယ်စားပြု သေနတ်ပစ်လက်ရွေးစင် လူရွေးပွဲကို စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းက မန္တလေး ချမ်းမြသာစည်မြို့နယ် အားကစားကွင်းရှိ တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ကျင်းပရာ အမျိုးသား၊ အမျိုးသမီး ရိုင်ဖယ်ပြိုင်ပွဲနှင့် ပစ္စတိုပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်အားကစားမောင်မယ် ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲဝင် သေနတ်ပစ်အားကစားသမားများ ပဏာမရွေးချယ် ယှဉ်ပြိုင်မှုတို့ကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သေနတ်ပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြီး၊ အဖွဲ့ဝင် ဦးခင်မောင်အုန်း၊ ဦးဘဌေး၊ ဦးကျော်နိုင်ဦး၊ အားကစား



နှင့် ကာယပညာ သိပ္ပံမန္တလေးမှ နည်းပြဆရာ ဦးတင်မောင်ဝင်း၊ ဒေါ်မင်းမင်းအောင်တို့က အကဲဖြတ်ရွေးချယ် ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### စီးရီးအေပွဲစဉ် (၃)အနိုင်အရှုံး

| | | |
|---|---|---|
| ဘိုလော့နာ | ၂ - ၁ | ကက်ဂလီယာရီ |
| အတ္တလန္တာ | ၂ - ၁ | တိုရီနို |
| ဗီရိုနာ | ၁ - ၁ | လာဇီယို |
| အေစီမီလန် | ၀ - ၁ | အူဒီးနိစ် |

### လာလီဂါပွဲစဉ် (၃)အနိုင်အရှုံး

| | | |
|---|---|---|
| ဆယ်တာဗီဂို | ၀ - ၄ | အက်သလက် |
| ရီးရဲ | ၅ - ၂ | အိုဆာဆူနာ |
| ဆီဗီလာ | ၂ - ၁ | လာပါးမက်စ် |
| မာလာကာ | ၀ - ၂ | ဗီလာရီးရဲ |
| ဘာစီလိုနာ | ၁ - ၂ | အလာဗက်စ် |
| ဂီဂျွန် | ၂ - ၁ | လီဂန်နက်စ် |
| ဗလင်စီယာ | ၂ - ၃ | ဘက်တစ် |


### မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာ၊ ပရိဘောဂ၊ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Lot -1
- Computer & Accessories (၁၆)စုံ၊ Printer (၂၉)လုံး၊ Copier (၁၁)လုံး၊ Fax Phone (၁၁)လုံး၊ Projector (၂)လုံး၊

Lot -2
- TV (၁၁)လုံး၊ Sky Net (၁၁)စုံ ၊AirCon (၃)လုံး၊ နံရံကပ်ပန်ကာ (၁၂)လုံး

Lot -3
- မီးခံသေတ္တာ(၁)လုံး၊ သံမဏိဗီရို(၂၅)လုံး၊ Computer Stand (၁၆)ခု၊ TV Stand(၁၁)ခု၊ Sound Box(၄)စုံ၊ Amplifier (၂)လုံး၊ Mic(၃၀)လုံး၊ Mixer (၁)လုံး၊

Lot - 4
- Toyota Hiace (၁)စီး၊ Toyota Hilux (၁)စီး

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို ၁၂-၉-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၁၁-၁၀-၂၀၁၆ရက် ၁၆း၃၀နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက တယ်လီဖုန်းနံပါတ် (၀၆၃-၂၈၃၁၅၊ ၀၆၃-၂၅၀၂၂၊ ၀၆၃-၂၈၅၆၄)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



## နှိုးဆော်လွှာ

လားရှိုးမြို့ ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အ.လ.က(၂) ကျောင်းတော်ကြီး၏ နှစ်(၅၀)ပြည့်ရွှေရတုသဘင် နှင့် မြတ်ဆရာပူဇော်ပွဲကို (၂၉/၃၀-၁၀-၂၀၁၆)ရက်နေ့များတွင် (၂)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ကျောင်းသား/သူဟောင်းများအားလုံး ပါဝင်ဆင်နွဲ လှူဒါန်းနိုင်ရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

ပွဲကျင်းပရေးကော်မတီ

ဆက်သွယ်လှူဒါန်းနိုင်ရန်

ဦးမောင်မောင်ဝင်း ၀၉-၇၉၃၉၅၈၈၂၃ (လားရှိုး) ဒေါ်နန်းငွေကြည် ၀၉-၇၉၇၄၉၆၆၀၆ (မန္တလေး)

ဒေါ်ဝင်းမေ ၀၉-၂၅၇၈၃၁၇၉၇ (လားရှိုး) ဒေါ်အုန်းအုန်းမြင့် ၀၉-၅၀၁၉၄၂၈ (ရန်ကုန်)



**ပျောက်ဆုံးကြောင်း**

ကျွန်မ မစန်းစန်းအေး MME-668947 ၏ Pass Port No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7B/1054 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**






### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အငှားအိမ်ရာစီမံကိန်းအတွက် အောက်ဖော်ပြပါ မြို့နယ်များတွင် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **မုံရွာ** **Lot-1**

(၁၄၈×၄၂)ပေ(၁၂)ခန်းတွဲ (၄)ထပ်အဆောက်အအုံ(၁)လုံး

(ခ) စစ်ကိုင်း Lot-2/Lot-3

(၁၄၈×၄၂)ပေ (၁၂)ခန်းတွဲ(၄)ထပ်အဆောက်အအုံ(၂)လုံး

(ဂ) ကသာ Lot-4/Lot-5

(၁၄၈×၄၂)ပေ (၁၂)ခန်းတွဲ (၄)ထပ်အဆောက်အအုံ(၂)လုံး

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၂-၉-၂၀၁၆ရက်မှ ၁၀-၁၀-၂၀၁၆ရက်အထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၁၀-၂၀၁၆ရက် ညနေ ၄နာရီနောက်ဆုံးထား၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြန်လည်တင်သွင်းရန်။

၃။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၁-၂၀၃၂ ၇၇၃၊ ၀၇၁-၂၀၃၂၃၁၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တိုင်းဒေသကြီးအစိုးရအဖွဲ့တင်ဒါခေါ်ယူရေးကော်မတီ**



**မိဘအမည်မှန်**

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ အထက-(ကျိုက္ကော်)၊ X Dမှ မောင်အာကာဝင်း၏ မိဘအမည်မှန်မှာ ဦးဝင်းလှိုင် ၁၀/သထန(နိုင်)၁၀၆၃၉၇ နှင့် ဒေါ်မုနော်ကလော့ ၁၀/သထန(နိုင်) ၁၀၇၇၇၂ ဖြစ်ပါသည်။



**ပျောက်ဆုံးကြောင်း**

DAW THET HTAR SHWE 13/THA PA NA (N) 029688 AYEYAR WADDY TOE FAMILY CO.,LTD အမည်ဖြင့် လျှောက်ထားခဲ့သော ထုတ်ကုန်/သွင်းကုန်လိုင်စင် (SCP 15-16 10118 30-3-16) (ID NO-786177 29-2-16) မူရင်း စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **နိုင်ငံတော်သမ္မတ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(စ) **အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဇ) **အတွင်းရေးမှူး** ဆိုသည်မှာ ကော်မရှင်ရုံး၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်မည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အတွင်းရေးမှူးကို ဆိုသည်။

(ဈ) **အဆိုပြုချက်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူကပုဒ်မ ၃၅ တွင် ဖော်ပြထားသည့်လုပ်ငန်းများ၌ လုပ်ကိုင်လိုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက်ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန်သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့် စာချုပ်၊ စာရွက်စာတမ်း အထောက်အထားများပူးတွဲကာ တင်ပြသော လျှောက်လွှာကို ဆိုသည်။

(ည) **ခွင့်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံရန်တင်ပြလာသော အဆိုပြုချက်နှင့်စပ်လျဉ်း၍ကော်မရှင်၏ သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့်အမိန့်ကိုဆိုသည်။

(ဋ) **အတည်ပြုလျှောက်ထားလွှာ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက အခန်း(၁၂) မြေအသုံးပြုခွင့်နှင့် အခန်း(၁၈) ပုဒ်မ ၇၈၊ ၈၀ နှင့် ၈၁ ပါ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ခံစားနိုင်ရန်အလို့ငှာ ကော်မရှင်၏ အတည်ပြုမိန့်ရရှိရန်သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့် အထောက်အထားများ ပူးတွဲကာတင်ပြသော လျှောက်လွှာကို ဆိုသည်။

(ဌ) **အတည်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူမှတင်ပြလာသော အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အတည်ပြုချက်ကို ဖော်ပြသည့်အမိန့်ကိုဆိုသည်။

(ဍ) **နိုင်ငံသား** ဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတို့လည်း ပါဝင်သည်။ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဎ) **မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံသားကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် ယင်းကိုဆက်ခံသည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီ၊ ရုံးခွဲများနှင့် အခြားစီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။

(ဏ) **နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် ယင်းကိုဆက်ခံသည့် ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီ၊ ရုံးခွဲ၊ အခြားစီးပွားရေးအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံတစ်နိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။

(တ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူကို ဆိုသည်။

(ထ) **ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ဤဥပဒေနှင့်အညီ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် ပိုင်ဆိုင်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဒ်မ ၄၂ ပါ ရင်းနှီးမြှုပ်နှံမှုများလည်း အပါအဝင်ဖြစ်သည်။

(ဒ) **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံသူက ဥပဒေနှင့်အညီ လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် ပိုင်ဆိုင်ပစ္စည်းအပေါ် ထိန်းချုပ်ခွင့် သို့မဟုတ် လွှမ်းမိုးခွင့်နှင့် လုပ်ငန်းစီမံခန့်ခွဲခွင့်တို့ရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။

(ဓ) **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက နိုင်ငံတော်အတွင်းပြုလုပ်သည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။

(န) **စီးပွားရေးအဖွဲ့အစည်း** ဆိုသည်မှာ-

(၁) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ ရန်ပုံငွေအဖွဲ့၊ အစုစပ်၊ တစ်ဦးတည်းပိုင်၊ ဖက်စပ်၊ စီးပွားရေး လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့ သို့မဟုတ် အလားတူအဖွဲ့အစည်းများအပါအဝင် တရားဝင်စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(၂) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် အဆိုပါ တရားဝင်စီးပွားရေးအဖွဲ့အစည်း၏ ရုံးခွဲတစ်ခုကို ဆိုသည်။

(ပ) **လွှတ်လပ်စွာ အသုံးပြုနိုင်သည့် ငွေကြေး** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF)၏ သဘောတူညီချက်စာချုပ် အပိုဒ် ၃၀(စ)နှင့် ၎င်းကိုပြင်ဆင်သောပြင်ဆင်ချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုများအတွက် လွှဲပြောင်းပေးခြင်းများနှင့် ငွေကြေးဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့်ရောင်းဝယ်ခြင်း ပြုလုပ်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ သုံးစွဲလျက်ရှိသော ငွေကြေးကို ဆိုသည်။

(ဖ) **ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ကော်မရှင်၏ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားမှုအပေါ် ကော်မရှင်က စိစစ်ခွင့်ပြုနိုင်သည့် အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ဆိုသည်။

(ဗ) **ဆောင်ရွက်ချက်များ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကဖြစ်စေ၊ ယင်းတို့က အခွင့်အာဏာအပ်နှင်းထားသည့် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများကဖြစ်စေ ချမှတ်ထားသော သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ သို့မဟုတ် အလေ့အထများ စသည်တို့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကာအကွယ်ပေးရန်၊

(ဂ) ပြည်သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊

(င) စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) အခြေခံအဆောက်အအုံများအပါအဝင် ပညာရပ်နယ်ပယ်အသီးသီးနှင့် နိုင်ငံတော်တစ်ဝန်းလုံး၌ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊

(ဈ) နိုင်ငံတကာစံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်။

## အခန်း(၃)
## ဥပဒေ၏ အကျုံးဝင်မှုနယ်ပယ်

၄။ ဤဥပဒေသည်နိုင်ငံတော်၏နယ်နိမိတ်အတွင်း ဤဥပဒေ စတင်အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် လုပ်ငန်းလည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သို့မဟုတ် ဤဥပဒေပြဋ္ဌာန်းပြီးနောက် အသစ်ဖွဲ့စည်းတည်ထောင်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှုအားလုံးနှင့်အကျုံးဝင်သက်ဆိုင်စေရမည်။ သို့ရာတွင် ဤဥပဒေအာဏာ မသက်ဝင်ခင်က ဖြစ်ပွားလျက်ရှိသည့် တည်ဆဲရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ သို့မဟုတ် ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းလုပ်ဆောင်မှုရပ်ဆိုင်းထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤဥပဒေနှင့်အကျုံးဝင်သက်ဆိုင်မှု မရှိစေရ။

၅။ ဤဥပဒေ၏ အခန်း(၂၁)နှင့် အခန်း(၂၂)ပါ ပြဋ္ဌာန်းချက်များအတွက် ပြုလုပ်သော ဆောင်ရွက်ချက်များမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ချမှတ်ထားသော သို့မဟုတ် ထိန်းသိမ်းထားသော မည်သည့်ဆောင်ရွက်ချက်များမဆို ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

## အခန်း(၄)
## ကော်မရှင်ဖွဲ့စည်းခြင်း

၆။ ကော်မရှင်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ဝင်များထဲမှ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦး ရွေးချယ်အဆိုပြု၍ အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဥက္ကဋ္ဌတစ်ဦး၊

(ခ) အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဒုတိယဥက္ကဋ္ဌတစ်ဦး၊

(ဂ) အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့်သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ဂုဏ်သိက္ခာသမာဓိနှင့်ပြည့်စုံသည့်သင့်လျော်သောပုဂ္ဂိုလ်များ၊

(ဃ) ရာထူးအလျောက် ကော်မရှင်ရုံးအကြီးအမှူးဖြစ်သည့် အတွင်းရေးမှူး တစ်ဦး၊

၇။ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်အနည်းဆုံး(၉)ဦးနှင့် အထက် “မ”ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနမှ ခွင့်ပြုသော ချီးမြှင့်ငွေနှင့်စရိတ်ကို ခံစားခွင့်ရှိစေရမည်။

၉။ အတွင်းရေးမှူးမှတစ်ပါး ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ရွေးကောက်ခံအစိုးရ၏ သက်တမ်းနှင့်အညီဖြစ်သည်။ အတွင်းရေးမှူးသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်းနှစ်ကြိမ်ထက် ပိုမိုတာဝန်ထမ်းဆောင်ခြင်းမရှိစေရ။

၁၁။ ရွေးကောက်ခံအစိုးရသည် အစိုးရတာဝန်ယူသည့်နေ့မှစ၍ (၂)လအတွင်း ကော်မရှင်အား အသစ်ပြန်လည်ဖွဲ့စည်းရမည်။

၁၂။ ကော်မရှင်ရုံးအကြီးအမှူးသည် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့်အပြင် ကော်မရှင်က သတ်မှတ်ပေးထားသော အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

၁၃။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို စာဖြင့်ရေးသား၍ ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသူသည် တာဝန်ပေးအပ်သည့် စာတွင်ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။ အဆိုပါ လွှဲအပ်သည့်စာအား မည်သည့်အချိန်တွင်မဆို စာဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း(၅)
## ကော်မရှင်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်း

၁၄။ ကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နေစဉ် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံ စာဖြင့်တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၅။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကျန်ကော်မရှင်အဖွဲ့ဝင်များ နုတ်ထွက်လိုပါက ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၆။ အစိုးရအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက တာဝန်မှ ရပ်စဲနိုင်သည်-

(က) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိတော့သည်အထိ ကျန်းမာရေးချို့ယွင်းခြင်း၊

(ခ) ကွယ်လွန်ခြင်း၊

(ဂ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) တရားရုံးတစ်ခုခုက လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) မိမိအား ပေးအပ်ထားသောတာဝန်များကို ကောင်းမွန်ကျေပွန်စွာ အကောင်အထည်မဖော်နိုင်ခြင်း။

၁၇။ အစိုးရအဖွဲ့သည်-

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင် နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တို့နှင့်အညီ အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားရမည်။

(ခ) လစ်လပ်သောရာထူးသည် ကော်မရှင် ဥက္ကဋ္ဌရာထူးနေရာဖြစ်ပါက အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီအတွင်း ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ခြင်းရှိပြီး ဥက္ကဋ္ဌရာထူးနှင့် ထိုက်တန်သည်ဟု ထင်မြင်ယူဆသူ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ဥက္ကဋ္ဌ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ယာယီတာဝန်ပေးခန့်အပ်နိုင်သည်။

၁၈။ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အဖွဲ့ဝင်အသစ်ခန့်အပ်ပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၁၉။ ပုဒ်မ ၉ ပါ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၇ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့် ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာဖြစ်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကျွန်တော်နဲ့ အရေးပေါ်နဲ့ အရေးကြီးမှု



● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ မကြာခဏ ဟောပြောပွဲတွေလုပ်ဖြစ်တယ်။ ရန်ကုန်၊ မန္တလေးမြို့တွေမှာသာမက ကျန်တဲ့မြို့တွေမှာလည်း အခွင့်အရေးရတိုင်း မျှဝေပေးတာ။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စဉ်းစားတွေးခေါ်မှုကိုမြှင့်တင်စေချင်တဲ့ စေတနာနဲ့ ကျွန်တော်ဟာ ပညာရေးလောကမှာ ပျော်မွေ့တဲ့သူပါ။ အသက် ၂၀ ကျော်ကတည်းက ပညာရေးတာဝန်ကိုယူခဲ့တာ။ ကျွန်တော်နားလည်တဲ့အချက်တစ်ခုက ပညာသင်ကြားနေကြသူတွေမှာ တာဝန်ဝတ္တရား သုံးရပ်ရှိတယ်။ တစ်ခုက စာသင်မှုဖြစ်ပြီး ဒုတိယတစ်ခုကတော့ သုတေသနပြုဖို့ဖြစ်တယ်။ သုတေသနမရှိတဲ့ သင်ကြားမှုဟာ ရှင်သန်နိုင်မှာမဟုတ်ပါဘူး။ သုတေသနကရရှိလာတဲ့ အသိတရားအသစ်တွေကို သင်ကြားတဲ့နေရာမှာ အသုံးပြုဖို့ဖြစ်တယ်။ နောက်ဆုံးကတော့ ရေးသားမှုဖြစ်တယ်။ မိမိစုဆောင်းထားတဲ့ အသိကို အများသိအောင် ရေးသားမှုကနေ မျှဝေဖို့ဖြစ်ပါတယ်။

အခုလိုဟောပြောတဲ့နေရာမှာ ကျွန်တော်လေ့လာခဲ့တာ၊ ဖတ်ရှုခဲ့တာကို ပရိသတ်နားလည်သဘောပေါက်အောင် လုပ်ခဲ့တာပါ။ ကျွန်တော်ပြောသမျှကို အမှန်တရားအဖြစ် မယူဆစေကြောင်း အမြဲသတိပေးခဲ့ပါတယ်။ နားထောင်တဲ့ ပရိသတ်တွေအနေနဲ့ မိမိရဲ့အတွေ့အကြုံ၊ မိမိရဲ့လေ့လာမှုကို အခြေခံပြီး လက်ခံဖို့သာဖြစ်တယ်။ အားလုံးဟာ အမှန်တရားဖြစ်တယ်လို့ ကျွန်တော်မပြောခဲ့ဘူး။

အခုလိုဟောပြောပြီး အမေးအဖြေကဏ္ဍကိုလည်း အမြဲစီစဉ်ပေးခဲ့တယ်။ ဒီမေးခွန်းတွေကိုသုံးသပ်ရင် ကိုယ်ပြောခဲ့သမျှ ဘယ်လောက်နားလည်ခဲ့သလဲဆိုတာကို ခန့်မှန်းနိုင်တယ်။ ကျွန်တော်သတိထားမိတဲ့ ကိစ္စတစ်ခုက ဟောပြောပွဲတွေမှာ မေးတဲ့မေးခွန်းတွေဟာ အဆင့်မြင့်လာခဲ့တယ်။ တန်ဖိုးရှိလှတဲ့ မေးခွန်းတွေဖြေကြားရတာမို့ ကျေနပ်မိတယ်။ အရင်တုန်းက တစ်ခါတလေ အမေးအဖြေကဏ္ဍရောက်လာရင် စိတ်ညစ်ရတယ်။ သိချင်တာမသိသေးတာကို မေးတာထက် မိမိ ဘယ်လောက်တတ်ကြောင်း ပရိသတ်တွေကို သိအောင်လုပ်ပြတဲ့ မေးခွန်းတွေ မေးလေ့ရှိကြတယ်။ တစ်ခါတလေကျပြန်တော့လည်း မဖြေနိုင်တဲ့မေးခွန်းမျိုးလည်း မေးတတ်ကြတယ်။ ဒါတွေကို ရင်ဆိုင်ရတဲ့အခါ မိမိစိတ်ကို ထိန်းချုပ်ပြီး သည်းခံနိုင်အောင်ကြိုးစားရတာ။ သူတို့မှာအပြစ်မရှိပါဘူး။ အခြေအနေက ဖန်တီးတာသာဖြစ်တယ်။ တစ်ခါတစ်ရံ ရင်ထဲကခံစားမှုတွေကို ဖော်ထုတ်ခဲ့ကြတာမို့ ကရုဏာသက်မိတယ်။

လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကျော် ဟောပြောပွဲနှစ်ခုမှာ မေးခဲ့တဲ့မေးခွန်းနှစ်ခုဟာ တစ်ထပ်တည်းဖြစ်နေလို့ အံ့သြမိတယ်။ ဟောပြောတဲ့ခေါင်းစဉ်မတူပေမယ့် အခုလိုမေးခွန်းတူတာကတော့ စိတ်ဝင်စားစရာပါပဲ။ မေးခွန်းမေးသူနှစ်ဦးဟာ အမျိုးသမီးငယ်နှစ်ဦး၊ သူတို့မေးတဲ့မေးခွန်းက အလုပ်တာဝန်တွေများကြတာမို့ အလုပ်တွေ ထိထိရောက်ရောက်ပြီးအောင်လို့ ဘယ်လိုလုပ်သင့်သလဲဆိုတာကို မေးခဲ့ကြတာ။ ကျွန်တော် သတိပြုမိတဲ့ကိစ္စတစ်ခုက အခုချိန်မှာလူတိုင်း အလုပ်များနေကြတယ်။ အစိုးရဝန်ထမ်းတွေလည်း အလုပ်တွေနဲ့ ပိနေသလို ကုမ္ပဏီဝန်ထမ်းတွေလည်း အားတယ်မရှိကြဘူး။ တာဝန်ကြီးသူတွေသာမက တာဝန်သေးသူတွေလည်း အလုပ်များနေကြတာပါပဲ။ ရုံးချိန်ပြီးပေမယ့် အိမ်မပြန်နိုင်ဘဲ ရုံးမှာအကြာကြီးနေနေကြတယ်။ အခုလိုအလုပ်များနေတာကို ညည်းညူနေကြပေမယ့် တစ်ဖက်ကလည်း နေ့မအားညမအား အလုပ်လုပ်နေရတာကို ဂုဏ်ယူနေကြပြန်တယ်။

ဒီအဖြစ်ကိုစဉ်းစားတဲ့အခါ ပလေတိုလို့ခေါ်တဲ့ အီတာလျံပညာရှင်တစ်ဦးရဲ့သုတေသနကိုသွားသတိရမိတယ်။ (၁၉)ရာစုက ပလေတိုဟာ သူ့နိုင်ငံသားတွေရဲ့ ကြွယ်ဝချမ်းသာမှုကို စိတ်ဝင်စားတယ်။ ချမ်းသာမှုတွေနဲ့ ဆင်းရဲနွမ်းပါးမှုကို သိချင်တာမို့ ပိုင်ဆိုင်မှုကိုတိုင်းထွာခဲ့တယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာရှိတဲ့ ချမ်းသာမှုအနေအထားကို ဆန်းစစ်ခဲ့တာ။ သူ့ရဲ့တွေ့ရှိချက်အရ ကြွယ်ဝချမ်းသာမှုပမာဏ ၈၀ ရာခိုင်နှုန်းကို လူဦးရေ ၂၀ ရာခိုင်နှုန်းက ပိုင်ဆိုင်ကြောင်း တွေ့ရှိခဲ့တယ်။ ရိုးရိုးပြောရရင် ပိုင်ဆိုင်မှုအများစုကို လူအနည်းစုကပိုင်ဆိုင်နေတာဖြစ်တယ်။ ကျန်ရှိတဲ့ပိုင်ဆိုင်မှု ၂၀ ရာခိုင်နှုန်းကို လူဦးရေ ၈၀ ရာခိုင်နှုန်းက ပိုင်နေတာကြောင့် ဆင်းရဲချမ်းသာမှုဟာ အဆမတန်ကွာဟခဲ့တယ်။ ဒီအဖြေကိုရတော့ ပလေတိုက အံ့သြခဲ့တယ်။ အခြား ဥရောပနိုင်ငံတွေမှာ လေ့လာခဲ့တဲ့နေရာမှာ ဒီအဖြေပဲရရှိခဲ့တယ်။ ဒါကြောင့် (၈၀/၂၀) ဆိုတဲ့ ဥပဒေသအသစ်တစ်ရပ်ကို ဖော်ထုတ်ခဲ့တယ်။ ဒီဥပဒေသအသစ်ဟာ နိုင်ငံအတိုင်းအတာနဲ့သာမက လုပ်ငန်းအဖွဲ့အစည်းတွေအတွက်ရော၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ပါ အကျုံးဝင်နေကြောင်း တွေ့ရပြန်တယ်။

စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုကို သုံးသပ်ရင် စုစုပေါင်းဝင်ငွေရဲ့ ၈၀ ရာခိုင်နှုန်းကို ဖောက်သည်များရဲ့ ၂၀ ရာခိုင်နှုန်းကရရှိနေတာ တွေ့ရပြန်တယ်။ ဘဏ်တစ်ခုမှာရှိတဲ့ အပ်နှံငွေရဲ့ ၈၀ ရာခိုင်နှုန်းကို အပ်နှံသူ ၂၀ ရာခိုင်နှုန်းက ပိုင်ဆိုင်တာကိုမြင်ရပြန်တယ်။ ကုန်စုံဆိုင်တစ်ဆိုင်အမြတ် ၈၀ ရာခိုင်နှုန်းကို ယင်းဆိုင်ကရောင်းချတဲ့ပစ္စည်းများအနက် ၂၀ ရာခိုင်နှုန်းက ရရှိတာတွေ့ရပြန်တယ်။

ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ အလုပ်တာဝန်များကို (၈၀/၂၀) ဥပဒေသကိုအသုံးပြုပြီး ဆန်းစစ်တဲ့နေရာမှာ မိမိလိုချင်တဲ့ ရလဒ်အဖြေ ၈၀ ရာခိုင်နှုန်းကို မိမိတာဝန်ယူနေတဲ့အလုပ်များအနက် ၂၀ ရာခိုင်နှုန်းက ရရှိတာတွေ့ရတယ်။ ကျောင်းသားတစ်ယောက် စာမျက်နှာ ၁၀၀ ပါတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ရှုတဲ့အခါ စာအုပ်ရဲ့ ၂၀ ရာခိုင်နှုန်းကို ဖတ်ရှုနိုင်ရင် စာအုပ်တစ်အုပ်လုံးရဲ့ ၈၀ ရာခိုင်နှုန်းကို သဘောပေါက်မိမှာ ဖြစ်တယ်။ (၈၀/၂၀) ဥပဒေသဟာ အမှန်တော့ သာမန်စဉ်းစားချက်နဲ့မတူညီတာဖြစ်တယ်။ ငယ်ငယ်ကတည်းက ကျွန်တော်တို့ကို လူကြီးမိဘတွေဆုံးမတဲ့အခါ (၅၀/၅၀) ဥပဒေသကိုအသုံးချတာဖြစ်တယ်။ အစိုပ္ပာယ်က ကိုယ်ထည့်သမျှပြန်ရမှာဖြစ်တယ်။ ကြိုးစားရင် အကျိုးရှိမယ်။ ၅၀ ရာခိုင်နှုန်းထည့်ရင် ၅၀ ရာခိုင်နှုန်းပြန်ရမှာ။ ဒီအယူအဆစွဲကပ်နေကြတာမို့ (၈၀/၂၀)ကို လက်ခံဖို့ခဲယဉ်းတာတွေ့ရတယ်။ အလုပ်တိုင်းဟာ အရေးကြီးတာပဲ။ လုပ်ရမယ့် အလုပ်တိုင်းကို ကြိုးစားအားထုတ်ပြီး ဆောင်ရွက်ရမယ်။ မအောင်မြင်တာက မကြိုးစားလို့။ (၈၀/၂၀)ဥပဒေသရဲ့အနှစ်သာရက (working hard) ကြိုးစားတာမဟုတ်ဘဲ (working smart) လိမ္မာပါးနပ်စွာလုပ်တတ်ဖို့ တိုက်တွန်းခြင်းဖြစ်ပါတယ်။

ဒီ(၈၀/၂၀) ဥပဒေသကို ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်တပ်တွေကို ဦးစီးအုပ်ချုပ်တဲ့ အမေရိကန်လူမျိုး ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟာဝါက ပုံစံတစ်မျိုးနဲ့ ထုတ်ဖော်ခဲ့တယ်။ ဗိုလ်ချုပ်ကြီးဟာ စစ်ပြီးကာလမှာ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတအဖြစ် ရှစ်နှစ်ကြာတာဝန်ယူခဲ့တယ်။ သူ့ရဲ့အဆိုက အရေးကြီးတဲ့ အလုပ်တိုင်းဟာ အရေးပေါ်မဟုတ်သလို၊ အရေးပေါ်တဲ့ အလုပ်တိုင်းဟာလည်း အရေးမကြီးဘူးလို့ သတိပေးခဲ့တယ်။ ဗိုလ်ချုပ်ကြီးအနေနဲ့ အရေးကြီးတဲ့ကိစ္စနဲ့ အရေးပေါ်ကိစ္စနှစ်ခုကို ခွဲခြားနိုင်ဖို့လိုကြောင်း သတိပေးခဲ့ပါတယ်။ စနစ်တကျ ခွဲခြားပြီး အရေးပေါ်တဲ့ကိစ္စတွေကိုသာ အာရုံစိုက်တာမဟုတ်ဘဲ အရေးကြီးတဲ့အလုပ်တွေကိုဆောင်ရွက်ဖို့ သတိပေးခဲ့ပါတယ်။ အရေးကြီးတဲ့ကိစ္စတွေဟာ မိမိရဲ့ရည်မှန်းချက်၊ ရည်ရွယ်ချက်တွေကို ပြည့်စုံစေတဲ့အလုပ်တွေဖြစ်တယ်။ အရေးပေါ်တဲ့ကိစ္စတွေကတော့ ချက်ချင်းဆောင်ရွက်ရမယ့်အလုပ်တွေမို့ လူတိုင်းကအာရုံပြုလေ့ရှိတယ်။ အရေးပေါ်ကိစ္စမို့ ချက်ချင်းထမလုပ်ရင် အကျိုးသက်ရောက်မှုကိုအချိန်တိုအတွင်း ခံစားရမှာဖြစ်ပါတယ်။ အခုလိုစနစ်တကျ ခွဲခြားသိရှိနိုင်မှ အရေးပေါ်နေတာတွေကိုသာ အာရုံစိုက်တတ်တဲ့အကျင့်ကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။

**ကြိုတင်မသိနိုင်တဲ့ကိစ္စနဲ့ လုပ်သင့်တဲ့အချိန်မှာမလုပ်ခဲ့ဘဲ နောက်ဆုံးအချိန်မှ ထလုပ်ရတဲ့ အလုပ်နှစ်မျိုးရှိတယ်။ ဒုတိယအခြေအနေမျိုးကို ကျော်လွှားနိုင်ဖို့ အချိန်ဆွဲတတ်တဲ့ အကျင့်ကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ပထမအခြေအနေမျိုးကိုတော့ ဘယ်သူမှ လွန်ဆန်နိုင်မှာ မဟုတ်ပါဘူး။ ကြိုတင်မသိနိုင်တဲ့ ကိစ္စများကို ရင်ဆိုင်နိုင်ဖို့ မိမိအနေနဲ့ အားချိန်ကိုထားနိုင်ဖို့ လိုအပ်တယ်။ အားချိန်ရှိနေရင် ကြိုတင်မသိနိုင်တဲ့အလုပ်တွေကို ဆောင်ရွက်နိုင်မှာဖြစ်တယ်။ လိုအပ်တာက ကြိုတင်သိနိုင်အောင် အမြဲကြိုးစားသင့်တယ်**

မိမိတာဝန်ယူတဲ့လုပ်ငန်းတာဝန်တွေကို ခွဲခြားတဲ့အခါ အမျိုးအစားလေးမျိုးရှိကြောင်း တွေ့ရတယ်။

**၁။ အရေးကြီးပြီး အရေးပေါ်တဲ့ကိစ္စများ**

ဒီအလုပ်တွေအနက် ကြိုတင်မသိနိုင်တဲ့ကိစ္စနဲ့ လုပ်သင့်တဲ့အချိန်မှာ မလုပ်ခဲ့ဘဲ နောက်ဆုံးအချိန်မှ ထလုပ်ရတဲ့ အလုပ်နှစ်မျိုးရှိတယ်။ ဒုတိယအခြေအနေမျိုးကို ကျော်လွှားနိုင်ဖို့ အချိန်ဆွဲတတ်တဲ့အကျင့်ကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ပထမအခြေအနေမျိုးကိုတော့ ဘယ်သူမှ လွန်ဆန်နိုင်မှာမဟုတ်ပါဘူး။ ကြိုတင်မသိနိုင်တဲ့ ကိစ္စများကို ရင်ဆိုင်နိုင်ဖို့ မိမိအနေနဲ့ အားချိန်ကိုထားနိုင်ဖို့ လိုအပ်တယ်။ အားချိန်ရှိနေရင် ကြိုတင်မသိနိုင်တဲ့ အလုပ်တွေကို ဆောင်ရွက်နိုင်မှာဖြစ်တယ်။ လိုအပ်တာက ကြိုတင်သိနိုင်အောင် အမြဲကြိုးစားသင့်တယ်။

**၂။ အရေးကြီးပြီး အရေးပေါ်မဟုတ်တဲ့ကိစ္စများ**

ဒီအလုပ်မျိုးတွေဟာ မိမိရဲ့ ရည်မှန်းချက်တွေကို ပြည့်မီစေတယ်။ ဒါကြောင့် မိမိမှာရှိတဲ့အချိန်တွေကို ဒီအလုပ်မျိုးမှာ အသုံးချနိုင်အောင် ကြိုးစားရမှာသာဖြစ်တယ်။

**၃။ အရေးမကြီးပေမယ့် အရေးပေါ်တဲ့အလုပ်များ**

ဒီအလုပ်တွေကိုသာအာရုံစိုက်နေရင် မိမိရဲ့ရည်မှန်းချက်တွေပြည့်မီနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီအလုပ်မျိုးကို ကိုယ်တိုင်မလုပ်ဘဲ ယုံကြည်စိတ်ချသူကို တာဝန်ပေးသင့်ပါတယ်။ အရေးပေါ်တဲ့ကိစ္စပေါ်ရတဲ့အကြောင်းရင်းတစ်ခုက အခြားလူတွေရဲ့ တောင်းဆိုမှုတွေဖြစ်တယ်။ အမြဲတမ်းခေါင်းညိတ်တတ်တဲ့ ဓလေ့ကိုပြင်ပြီး မလုပ်နိုင်တာကိုသိမ်သိမ်မွေ့မွေ့နဲ့ ငြင်းဆန်သင့်တယ်။ မိမိကိုအားကိုးနေမယ့်အစား ကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အရည်အချင်းတွေကို မြှင့်တင်အားပေးသင့်ပါတယ်။

**၄။ အရေးလည်းမကြီးသလို အရေးပေါ်လည်းမဟုတ်တဲ့ အလုပ်များ**

ဒီအလုပ်တွေဟာ အနှောင့်အယှက်တွေဖြစ်တယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ရှောင်သင့်ပါတယ်။ အခုခေတ်လူတွေ အတော်များများ အချိန်ကုန်နေတဲ့ လူမှုရေးမီဒီယာ (Facebook) ဖြစ်တယ်။ ကျွန်တော့်အနေနဲ့ လူငယ်တွေကို ခွန်အားပေးတဲ့နေရာမှာ ကြိုးစားရုံသက်သက်မဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်တွေကို အာရုံပြုဖို့အမြဲသတိပေးခဲ့တယ်။ အာရုံစူးစိုက်မှုဟာ အလွန်အရေးကြီးလှပါတယ်။ မိမိရဲ့ရည်မှန်းချက်ကိုရအောင် အာရုံအပြည့်ရှိပြီး ကြိုးစားသွားရမှာသာဖြစ်ပါတယ်။ အရေးကြီးတဲ့ကိစ္စကို ဂရုစိုက်ကြစေချင်တယ်။

အလုပ်များတာကို ဂုဏ်ယူနေတာမဟုတ်ဘဲ ရလဒ်တွေရတာကို သတိပြုသွားရမှာဖြစ်တယ်။ ဒါတွေအားလုံးဟာ မိမိကိုယ်မိမိ စနစ်တကျစီမံနိုင်ခြင်းသာဖြစ်ပါတယ်။ တစ်ခါတလေ အလုပ်များတဲ့သူတွေကြည့်ပြီး သနားမိတယ်။ မိသားစုနဲ့လည်း မနေရ၊ အချိန်တိုင်း ရုံးမှာပဲ အချိန်ကုန်ခဲ့တာ။ အခုလောက် ကြိုးစားနေပေမယ့် ရလဒ်ကိုတော့ မမြင်ရပြန်ဘူး။ ဖြစ်နေတာက ရလဒ်ကိုတိုင်းတဲ့နေရာမှာ အလုပ်များတဲ့ပေတံကိုသုံးခဲ့တဲ့ ပေတံကြောင့်ဖြစ်တယ်။ အမှန်တော့ အလုပ်များတာကို မစဉ်းစားဘဲ အလုပ်ဖြစ်ရဲ့လားလို့မေးဖို့ လိုအပ်တယ်။ တကယ့်ကိုအရေးကြီးတာတွေကိုသာ အာရုံစိုက်ရမှာဖြစ်တယ်။ နေ့မအားညမအားဖြစ်နေတာဟာ အားနည်းချက်၊ စီမံခန့်ခွဲမှုရှုထောင့်ကကြည့်ရင် အသေးစိတ်တွေကို ဂရုစိုက်နေပြီး အရာရာမှာအကောင်းဆုံးဖြစ်စေချင်တဲ့စိတ်ကြောင့် ဖြစ်တယ်။ အမှန်တော့ တာဝန်ကြီးယူနေကြတဲ့သူတွေဟာ ကာလရှည်အတွက်စဉ်းစားပြီး နေ့စဉ်လုပ်နေတဲ့ အသေးအဖွဲတွေကို ရှောင်သင့်တယ်။ အရာရာကို ပြီးပြည့်စုံအောင် ဖြစ်စေချင်တဲ့ စေတနာကြောင့် စိတ်ဖိစီးမှုတိုးလာရုံမက ခန္ဓာကိုယ်လည်း ထိခိုက်နိုင်မှာဖြစ်တယ်။

လောကမှာပြီးပြည့်စုံမှုမရှိနိုင်ပါဘူး။ အစဉ်တိုးတက်အောင်သာ ကြိုးစားအားထုတ်ရမှာသာဖြစ်ပါတယ်။



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရဲတပ်ဖွဲ့တပ်ဖွဲ့မှူးရဲမှူးကြီး ကျော်ဆွေဦးဆောင်၍ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၅၀ သည် စက်တင်ဘာ ၉ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ စုပေါင်းသွေးလှူဒါန်းကြစဉ် တင်စိုး(မြန်မာ့အလင်း)

## သောက်သုံးရေဖူလုံစေရန် ပိဒုံးကိုင်းရေပိုက်လိုင်းသစ်သွယ်တန်း

**ရှာငံ စက်တင်ဘာ ၁၁**

သန့်ရှင်းသောသောက်သုံးရေ ရာနှုန်းပြည့်ဖူလုံစေရန် ရှမ်းပြည်နယ်ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ပိဒုံးကိုင်းတိုးချဲ့ရေပိုက်လိုင်းသစ်ကို ဖေဖော်ဝါရီလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လာမည့် အောက်တိုဘာ ၃၀ ရက်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှာငံမြို့သည် အိမ်ခြေပေါင်း ၁၂၆၂ တွင် လူဦးရေ ၅၀၀၀ ခန့်နေထိုင်ပြီး တစ်နေ့တာ ရေလိုအပ်ချက်မှာ ဂါလန်တစ်သိန်းခန့်ဖြစ်သည်။ လက်ရှိရေပေးဝေနိုင်မှုမှာ ၆၇ ရာခိုင်နှုန်းသာဖြစ်သောကြောင့် ရာနှုန်းပြည့်လွှမ်းခြုံမှုရရှိစေရန်နှင့် နွေရာသီရေပေးဝေနိုင်မှု အခက်အခဲမရှိစေရန် ဂျပန်နိုင်ငံ JICA အဖွဲ့၏ ODA ချေးငွေရယူ၍ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစည်သူဝင်းထံမှ သိရသည်။

ပိဒုံးကိုင်းရေပိုက်လိုင်းသစ်သည် သဘာဝစိမ့်စမ်းရေထွက်မှ သွယ်ယူခြင်းဖြစ်ပြီး ရှာငံမြို့၏အရှေ့ဘက် ၁၁ ဒသမ ၅ မိုင်အကွာနှင့် ပိဒုံးကိုင်းကျေးရွာတွင်တည်ရှိသည်။ နွေရာသီတွင် တစ်နာရီလျှင် ရေဂါလန် ၁၄၀၀၀ ထွက်ရှိသော်လည်း မိုးအခါတွင် ရေဂါလန် ၄၂၀၀၀ အထိ ထွက်ရှိသောကြောင့် ၅၀၀၀ ခန့်သော လူဦးရေသာမက မြို့နှင့်နီးစပ်လျက်ရှိသော အင်းကုန်း၊ ငါးဆူ၊ လက်ပံပင်၊ နွားဘန်းကြီး၊ ပွေးနဖားနှင့် တောင်ခေါင်းပွာကျေးရွာများမှ ပြည်သူများလည်း လိုအပ်လျက်ရှိသော သောက်သုံးရေကိုအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း-ရှာငံ**

# ယခု တစ်ပတ်အတွင်း ဈေးနှုန်းအပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် သီးနှံများ

● ဖြိုးလွင်အောင် (AMIA)

**ယခုတစ်ပတ်အတွင်းမှာ ဆန်ဈေးတွေက တည်ငြိမ်နေပြီး သိသိသာသာ ဈေးနှုန်းတွေ ကျဆင်းနေတာကတော့ ပြည်ပကိုအဓိက တင်ပို့နေတဲ့ ပဲစင်းငုံနီ (RC)ပါ။ တစ်ပတ်အတွင်းမှာ တစ်တန်ကို ငွေကျပ်တစ်သိန်းကျော်အထိ ကျဆင်းနေပြီး မတ်ပဲ (FAQ/ RC) ကလည်းတစ်တန်ကို ငွေကျပ် ၅၀၀၀၀ ဝန်းကျင်ထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ အလားတူနှမ်းရောင်စုံ ဈေးတွေလည်း ဈေးအနည်းငယ်ကျဆင်းနေပြီး ဘုရင့်နောင်ကြက်သွန်နီဈေးကွက်မှာလည်း ဈေးနှုန်းအနည်းငယ်ကျဆင်းနေတာကို တွေ့ရပါတယ်။**

**ပဲစင်းငုံနီ (RC)ဈေးသိသိသာသာကျ**



ပြီးခဲ့သည့် တနင်္လာနေ့က ပဲစင်းငုံနီ (RC) တစ်တန် ငွေကျပ် ၁၁၉၂၀၀၀ ခန့်နဲ့ အရောင်းအဝယ်ဖြစ်နေရာကနေ သောကြာနေ့မှာတော့ တစ်တန်ငွေကျပ် ၁၀၈၀၀၀၀ အထိ ကျဆင်းသွားပြီး တစ်ပတ်အတွင်းမှာ တစ်တန်ငွေကျပ် တစ်သိန်းကျော်အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် လကတော့ ပဲစင်းငုံနီ (RC) တစ်တန်ကို ငွေကျပ် ၁၅၀၀၀၀၀ အထိ မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။

**မတ်ပဲ (FAQ/RC) ဈေးကျ**

အလားတူ ပြည်ပတင်ပို့တဲ့ ပဲ အမျိုးအစားတစ်ခုဖြစ်တဲ့ မတ်ပဲ (FAQ/RC)ကတော့ ယခုတစ်ပတ် တနင်္လာနေ့က ငွေကျပ် ၁၃၈၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ တစ်တန် ငွေကျပ် ၁၃၄၄၀၀၀ အထိ ကျဆင်းသွားပြီး တစ်ပတ်အတွင်း တစ်တန်ကို ငွေကျပ် ၄၀၀၀၀ ဝန်းကျင် ကျဆင်းသွားတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လပထမပတ်က မတ်ပဲ (FAQ/RC) တစ်တန် ငွေကျပ် ၁၆၄၂၀၀၀ အထိ မြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။



**ပဲတီစိမ်းဈေးတည်ငြိမ်**

ပဲတီစိမ်းကတော့ ယခုတစ်ပတ်လုံး ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမား မရှိဘဲ ပိဿာချိန် ၆၀ ကို ငွေကျပ် ၉၈၀၀၀နဲ့ ငွေကျပ် ၁၀၅၀၀၀ ကြားမှာ အရောင်းအဝယ်ဖြစ်နေပါတယ်။



**နှမ်းရောင်စုံဈေးကျ**

နှမ်းရောင်စုံဈေးတွေကတော့ အခုတစ်ပတ်အတွင်းမှာ အနည်းငယ်ကျသွားတာကို တွေ့ရပါတယ်။ တနင်္လာနေ့ဈေးအဖွင့်မှာ နှမ်းနက်(စမုံ) တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၅၈၀၀၀ ရှိရာကနေ



ယခု တစ်ပတ်ရဲ့ နောက်ဆုံးရက်ဖြစ်တဲ့ သောကြာနေ့မှာတော့ ငွေကျပ် ၁၅၃၀၀၀ ကို ကျဆင်းသွားပါတယ်။ နှမ်းနက်လည်း တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၁၂၅၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၁၂၀၀၀၀ အထိ ကျဆင်းသွားတာကို တွေ့ရပါတယ်။

နှမ်းညိုကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၇၈၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၇၅၀၀၀ အထိ ကျဆင်းသွားပါတယ်။ နှမ်းဖြူကတော့ တနင်္လာနေ့မှာ တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၈၉၀၀၀ ကနေ သောကြာနေ့မှာတော့ ငွေကျပ် ၉၅၀၀၀ အထိ မြင့်တက်လာပါတယ်။ ပန်းနှမ်းကတော့ တစ်အိတ်ကို ငွေကျပ် ၉၀၀၀၀ နဲ့ ယခုတစ်ပတ်လုံး ဈေးနှုန်း တည်ငြိမ်နေတာကို တွေ့ရပါတယ်။

**ဆန်ဈေးနှုန်းတည်ငြိမ်**

ယခုတစ်ပတ်မှာ ပေါ်ဆန်းမွှေးဆန် တစ်အိတ်ကို အမြင့်ဆုံး ငွေကျပ် ၄၅၅၀၀၊ ဧည့်မထဆန်တစ်အိတ် ငွေကျပ် ၂၀၈၀၀၊ ငစိန်ဆန်တစ်အိတ် ငွေကျပ် ၂၁၀၀၀၊ မြီးတိုးဆန် တစ်အိတ် ငွေကျပ် ၂၇၅၀၀၊ မိုးသုခဆန် ငွေကျပ် ၂၇၀၀၀၊ နှံ့သီးထပ်ဆန် တစ်အိတ် ငွေကျပ် ၂၀၃၀၀ နဲ့ တစ်ပတ်လုံး အပြောင်းအလဲမရှိ အရောင်းအဝယ်ဖြစ်နေပါတယ်။



**ကြက်သွန်နီဈေး အနည်းငယ်ကျ**

လက်ရှိ ဘုရင့်နောင် ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီဈေးတွေ အနည်းငယ် ကျဆင်းသွားတာကို တွေ့ရပါတယ် ယခုအပတ်အစ တနင်္လာနေ့က ဆိပ်ဖြူ၊ မုံရွာ၊ မိတ္ထီလာ၊ မြင်းခြံ၊ မင်းဘူး နယ်ဘက်တွေကထွက်တဲ့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံး ၂၇၅ ကျပ်မှ အမြင့်ဆုံး ၆၇၅ ကျပ်ဈေးနှုန်းနဲ့



အရောင်းအဝယ်ဖြစ်ခဲ့ပြီး သောကြာနေ့မှာတော့ ကြက်သွန်နီ တစ်ပိဿာကို အနိမ့်ဆုံးဈေး ၂၂၅ ကျပ် ကနေ အမြင့်ဆုံးဈေး ငွေကျပ် ၆၅၀ နှုန်း ဝန်းကျင်နဲ့ အရောင်းအဝယ်ရှိနေပါတယ်။

တစ်ပတ်အတွင်းမှာ ကြက်သွန်နီ တစ်ပိဿာကိုငွေကျပ် ၅၀ ခန့် ဈေးကျဆင်းသွားတာဖြစ်ပါတယ်။

# ဘုရင့်နောင် ပဲလောက ငွေကြေးအရှုပ်တော်ပုံမှ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို အချိုးကျခွဲကာ အကြွေးရရန်ရှိသည့် ကုန်သည်များကို ပေးချေ

● ဖြိုးလွင်အောင် (AMIA)၊ ဓာတ်ပုံ - ဟန်စော

**ရန်ကုန် စက်တင်ဘာ ၁၁**

ဘုရင့်နောင်ကုန်စည်ဒိုင် ပဲလောကတွင် ငွေကြေးအရှုပ်အရှင်းများ ဖြစ်ပေါ်နေသည့် သိန်းသန်းကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို အချိုးကျခွဲဝေကာ အကြွေးရရန်ရှိသည့် ကုန်သည်များကို စက်တင်ဘာ ၉ ရက်က ပေးချေခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ထုတ်ပြန်လိုက်သည်။

သိန်းသန်းကုမ္ပဏီ၏ လက်ရှိပိုင်ဆိုင်မှုမှာ သိန်းပေါင်း ၄၈၀၀၀၀ ဝန်းကျင်သာရှိပြီး အကြွေး ပေးရမည့်ပမာဏမှာ သိန်းပေါင်း တစ်သိန်းဝန်းကျင်အထိ ရှိသည့်အတွက် အကောက်ခွန်ဦးစီးဌာန အပါအဝင် အကြွေးရရန်ရှိသည့် ကုန်သည်များနှင့် စက်တင်ဘာ ၇ ရက်က တွေ့ဆုံညှိနှိုင်းမှုအရ လက်ရှိပိုင်ဆိုင်မှုကို သာခွဲဝေပေးရန် သဘောတူဆုံးဖြတ်ခဲ့သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြီးခဲ့တဲ့လတွေက ပဲဈေးတွေက မြင့်လိုက်၊ ပြန်ကျလိုက်နဲ့ဖြစ်တော့ သိန်းသန်းကုမ္ပဏီ အနေနဲ့ ရောင်းမှား၊ ဝယ်မှားတွေဖြစ်ကုန်တာ ပါ။ အဲဒီမှာ အရှုံးများပြီး သူတို့ကိုယ်တိုင် အသင်းကိုညှိနှိုင်းဖြေရှင်းပေးဖို့ တောင်းဆိုလာလို့ အသင်းအနေနဲ့ ကြားဝင်ဆောင်ရွက်ပေးတာပါ”ဟု ပြောသည်။

သိန်းသန်းကုမ္ပဏီ၏ အကူအညီတောင်းမှုအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံ တင်ပြကာ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်နှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများပါဝင်သည့် ကော်မတီကို စက်တင်ဘာ ၂၃ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် အကြွေး ရရန်ရှိသည့် ကုန်သည်များကို ပဲ၊ နှမ်းအသင်းသို့ ဩဂုတ် ၂၉ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရန် ထုတ်ပြန်ခဲ့ပြီး အကြွေးရရန်ရှိသည့် ကုန်သည် ၁၆ ဦးခန့် ရှိကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။ ၂၀၁၄ ခုနှစ်က ပဲလောကအတွင်း ငွေကြေးပြဿနာ သုံးကြိမ်ခန့် ဖြစ်ပေါ်ပြီးနောက် အရောင်းအဝယ် ပြုလုပ်ရာတွင် ရောင်းသူဝယ်သူနှစ်ဦးလုံး၏ အာမခံ စပေါ်ငွေထားသည့်စနစ်နဲ့ပြုလုပ်ရန် ထိန်းချုပ်ထားသော် လည်း ကုန်သည်အချို့ကြောင့် ငွေကြေးအရှုပ်အရှင်းပြဿနာများ ဆက်လက်ရှိနေဆဲ ဖြစ်ကြောင်း သိရသည်။





စပါးခင်းများတွင် ပျပိုးများ ကျရောက်မှုကြောင့် စပါးပင်များပျက်စီးနေသည်ကို တွေ့ရစဉ်

# စပါးစိုက်ခင်းများတွင် ပျပိုးများကျရောက်၍ တောင်သူများအခက်တွေ့နေ

● ခင်ကို(ကျောက်တံခါး)

**ကျောက်တံခါး စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဇောခိကွင်းကျေးရွာ အုပ်စုစဉ်း အိုးလှကျေးရွာကွင်းအမှတ်၅၁(ခ)ကွင်း၌ တောင်သူ ဦးမောင်ဦး စိုက်ပျိုးထားသော စပါးစိုက်ခင်းတွင် ယခုအခါ ပျပိုးများကျရောက်နေကြောင်း သိရသည်။

“ကျွန်တော် လယ်ယာလုပ်ငန်းလုပ်လာတာ နှစ်ပေါင်း ၃၀ ကျော် ရှိပါပြီ။ ယခုကျွန်တော်ပိုင်လယ်မြေရှစ်ဧကမှာ ဆင်းသုခ စပါးမျိုးစိုက်ပျိုးထားတာ စိုက်ရက်သုံးလခန့်ရှိချိန်မှာ ပျပိုးများ ကျရောက်လာတဲ့အတွက်ကြောင့် စပါးပင်အဖျားပိုင်းတွေ အဝါရောင်ပေါက်ပြီး ခြောက်လာပါတယ်။ ပိုးသတ်ဆေးတွေ ဝယ်ဖျန်းပေမယ့် ပျပိုးကတစ်နေ့တခြားပိုဆိုးလာတာကို တွေ့ရပါတယ်။ ကျွန်တော်ပိုင်စပါးစိုက်ခင်းတစ်ခုတည်းဖြစ်တာ မဟုတ်ဘဲ ဒီအနီးအနားတစ်ဝိုက်မှာရှိတဲ့ နံ့၉၊ တလိုင်းခင်၊ ဖျံတလင်း၊ ဖိုးတချောင်း၀၊ ဇောခိကွင်း၊ သုံးအိမ်စု၊ ရေလည်စု၊ ပေါက်ကုန်းကျေးရွာက ကွင်းတွေမှာလည်း ပျပိုးတွေကျနေလို့ တောင်သူတွေ စိတ်ညစ်နေရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ လာရောက်ကွင်းဆင်းပြီး လိုအပ်တဲ့ လမ်းညွှန်မှုတွေပြုလုပ်ပေးစေချင်ပါတယ်”ဟု စဉ်းအိုးလှရွာနေ တောင်သူ ဦးမောင်ဦးက ပြောသည်။

# မြန်မာ့နှမ်းနက်(စမုံ)ကို ဂျပန်နိုင်ငံမှ တိုးမြှင့်ဝယ်ယူရန် ကမ်းလှမ်း

● ဖြိုးလွင်အောင် (AMIA)

**နေပြည်တော် စက်တင်ဘာ ၁၁**

မြန်မာ့နှမ်းနက်(စမုံ)ကို လွန်ခဲ့သည့်သုံးနှစ်ခန့်မှစတင်ကာ ဂျပန်နိုင်ငံမှဝယ်ယူမှုကျဆင်းခဲ့ပြီး ယခုနှစ်တွင် ဂျပန်ကုမ္ပဏီကြီးသုံးခုမှ တိုးမြှင့်ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

"ဂျပန်ကိုပို့ရင် ဈေးကောင်းရသလို၊ အရည်အသွေးကလည်းကောင်းမှရတာပါ။ ဂျပန်က ကျွန်တော်တို့ဆီမှာ ဝယ်တာ ၁၅ နှစ်လောက်ရှိပြီး လွန်ခဲ့တဲ့သုံးနှစ်လောက်ကတော့ အဝယ်ကျသွားတယ်။ အခု ပြန်ဝယ်ဖို့ သူတို့ကိုယ်တိုင်ဒီက စိုက်ကွင်းတွေကို လိုက်ကြည့်နေတယ်။ သူတို့က ဒီကကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပြီးလုပ်တာဆိုတော့ ဘယ်လိုဝယ်မယ်၊ ပမာဏဘယ်လောက်ဆိုတာတော့ အသင်းအနေနဲ့မသိပါဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာ့နိုင်ငံမှ နှမ်းနက်(စမုံ)အပါအဝင် ဆီထွက်နှမ်းများကို ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများသို့ နှမ်းထွက်ရာသီဖြစ်သည့် ယခုစက်တင်ဘာလမှ စတင်ကာ တင်ပို့သွားမည်ဖြစ်ပြီး လက်ရှိတွင် နှမ်းနက်(စမုံ) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၀၀၀ ခန့်ပေါက်ဈေးရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှဒုတိယဥက္ကဋ္ဌ ဦးစိုင်းဘဉာဏ်က ပြောသည်။

"စက်တင်ဘာ၊ နိုဝင်ဘာ နှမ်းလှိုင်လှိုင်ပေါ်ချိန်ဆို ပြည်ပဈေးကွက်ကို တင်ပို့ကြတာပဲ။ ဂျပန်ထက် တရုတ်ဈေးကွက်ကို တင်ပို့တာများပါတယ်။ ဂျပန်ဈေးကွက်ကတော့ နှမ်းနက်(စမုံ)ပဲ တင်ပို့လို့ရတယ်။မနှစ်ကတော့ နှမ်းနက် (စမုံ) တစ်တန်ကို ဒေါ်လာ ၂၄၀၀ လောက်ရတယ်။ အခုက ရာသီအစဆိုတော့ ဈေးသိပ်မကောင်းသေးဘူး" ဟုပြောသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံမှ နှမ်းနက်(စမုံ) အပါအဝင် ဆီထွက်နှမ်းမျိုးစုံ တန်ချိန် ၈၀၀၀၀ ကျော်ကို ဂျပန်၊ တရုတ်၊ ကိုရီးယားဈေးကွက်များသို့ တင်ပို့ခဲ့ကြောင်း သိရသည်။



**မကွေးတိုင်းဒေသကြီးရှိ နှမ်းစိုက်ခင်းတစ်ခုတွင် တောင်သူများ နှမ်းရိတ်သိမ်းစဉ်**
ဓာတ်ပုံ - ဟန်စော

# ရေကြီးနစ်မြုပ်လယ်ယာများအတွက် စိုက်စရိတ်ချေးငွေ ပြန်ဆပ်မည့်ကာလကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အချိန်ရွှေ့ဆိုင်းပေးသွားမည်

● ဝတ်ရည်မွန် (AMIA)

**နေပြည်တော် စက်တင်ဘာ ၁၁**

ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသည့် လယ်၊ ယာပိုင်ရှင်များကို စိုက်စရိတ်ချေးငွေများပြန်ဆပ်မည့်ကာလကို အချိန်ရွှေ့ဆိုင်းပေးသွားမည်ဖြစ်ပြီး အတိုးနှုန်းများကို ပယ်ဖျက်ခြင်း၊ ရွှေ့ဆိုင်းပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"အခုသတင်းတွေထွက်နေတယ်။ ဆပ်ငွေလုံးဝပယ်ဖျက်ပေးမယ်ဆိုပြီးတော့။ တကယ်တော့ ပယ်ဖျက်တာက သေဆုံးသူ၊ ပြောင်းရွှေ့သူနဲ့ လယ်ယာမြေမဲ့သူတို့ကိုသာ သတ်မှတ်ထားတာပါ။ ဒါပေမယ့် အချိန်ကာလကိုတော့ ရွှေ့ဆိုင်းပေးမယ်။ မဖြစ်မနေတော့ ပြန်ဆပ်ရပါမယ်။ အချိန်ကာလ ရွှေ့ဆိုင်းလိုက်မယ်ဆိုရင်တော့ နောက်နှစ်အတွက် ချေးငွေတော့ မရနိုင်ပါဘူး"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဦးသန်းဌေးအောင်က ပြောသည်။

စိုက်စရိတ်ချေးငွေပြန်ဆပ်မည့် အချိန်ကာလကို တစ်နှစ်မှ ခြောက်လအထိ ရွှေ့ဆိုင်းပေးသွားမည်ဖြစ်ပြီး အချိန်ကာလ ရွှေ့ဆိုင်းမည်ဆိုပါက ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် တောင်သူများမှ အမှန်တကယ်နစ်မြုပ်ပျက်စီးကြောင်း အထောက်အထားနှင့် ရပ်ကွက်ထောက်ခံချက်များ လိုအပ်မည်ဖြစ်သည်။ အထောက်အထားများတင်ပြလာပါက ဌာနမှကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ပြီး မျက်မြင်အခြေအနေကိုသာ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင်၊ ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သည့် လယ်မြေပေါင်းသုံးသိန်း နီးပါးရှိပြီး ပျက်စီးခဲ့သည့် လယ်မြေဧကပေါင်း နှစ်သိန်းနီးပါးရှိကြောင်း သိရသည်။ ၂၀၁၆ ခုနှစ်အတွက် မိုးစပါးချေးငွေကို တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ငွေကျပ်သန်းပေါင်း သုံးထောင်ထုတ်ချေးပေးခဲ့ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။



# ယင်းတိုင်းတောင် ဆည်ရေသောက်လယ်များ မိုးစပါးစိုက်ပျိုး

**မြိုင် စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကွင်း ယင်းတိုင်းတောင်ဆည်ရေသောက် လက်ပံပန်ကန်အောက်ကွင်းအမှတ်(၈၅)၌ စက်တင်ဘာ ၉ ရက်က မိုးစပါး ဗီယက်နမ်မျိုး ခြောက်ဧက စိုက်ပျိုးကြသည်။

အဆိုပါ စိုက်ပျိုးမှုတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဇုန်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ချိုမူမူလွင်နှင့် ဝန်ထမ်းများလာရောက်ကြီးကြပ်ကြပြီး ကွင်းဇုန်တာဝန်ခံက သိပ္ပံနည်းကျစိုက်နည်းစနစ်အတိုင်း (၆ × ၆)လက်မ စိုက်နည်းစနစ်ဖြင့် ၁၀ တန်း ၁ တန်းလှပ် စိုက်ပျိုးရန်၊ ဓာတ်မြေသြဇာများကို အချိန်ကိုက်အချိုးကျ ထည့်သွင်းရန်၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာပေါင်းစပ်သုံးစွဲရန်၊ ပိုးမွှားရောဂါကျရောက်မှုအား မျက်ခြည်မပြတ် ကင်းထောက်စစ်ဆေးရန်နှင့်ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ရန်တို့ကို တောင်သူလယ်သမားများနှင့် ကောက်စိုက်သူများအား ရှင်းလင်းပြောကြားသည်။

ထိုကဲ့သို့ စိုက်နည်းစနစ်မှန်ကန်စွာ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ အလေအလွင့်မရှိအောင် ရိတ်သိမ်းခြွေလှေ့ခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တိုးတက်လာစေပြီး ပန်းတိုင်အထွက်နှုန်းရရှိစေမည်ဖြစ်ကြောင်း ထပ်မံရှင်းလင်းပြောကြားရာ တောင်သူများက သိလိုသည်များကို မေးမြန်းသဖြင့် ဇုန်တာဝန်ခံက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကောက်စိုက်သူများက လယ်ကွင်းအတွင်းသို့ မိုးစပါးများကို စိုက်ပျိုးကြကြောင်း သိရသည်။

● အောင်ကျော်မြင့်

# ငမြှောင်တောင်ပိုးကြောင့် ပန်ဆောင်မြို့နယ်အတွင်း ပျက်စီးခဲ့သည့် လယ်ယာမြေများအတွက် ထောက်ပံ့ပေးရန် အစိုးရကို တင်ပြသွားမည်

● ဝတ်ရည်မွန် (AMIA)

**ပန်ဆောင် စက်တင်ဘာ ၁၁**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ပန်ဆောင်မြို့နယ်အတွင်းတွင် ငမြှောင်တောင်ပိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လယ်ယာမြေများနှင့်ပတ်သက်၍ ထောက်ပံ့ပေးရန် ပြည်ထောင်စုအစိုးရသို့ ဆုံးရှုံးမှုတန်ဖိုးကို တင်ပြသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသန့်က "ငမြှောင်တောင်ပိုးက ဖြစ်ပြီဆိုရင် လုံးဝမနိုင်ဘူး ပျံ့နှံ့လွယ်တယ်။ ကြိုတင်ပြီး ကာကွယ်လို့လည်း မရဘူး။ သူ့ကြောင့် မိတ်ဆွေပိုးတွေပါ ဆုံးရှုံးသွားမှာစိုးလို့ ကြိုတင်ဆေးဖျန်းတာတွေ မလုပ်သင့်ဘူး။ အခုကတော့ တစ်နေရာနဲ့ တစ်နေရာ မပျံ့သွားအောင် လုပ်နေတယ် "ဟု ပြောသည်။

ငမြှောင်တောင်ပိုးသည် ကျရောက်မှုအလွန်မြန်သည့်အတွက် လက်ရှိတွင် ပိုးကျရောက်သည့် ကျေးရွာများကို ပိုးသတ်ဆေးပုံးများ ဖြန့်ဝေထားပြီး အသုံးပြုပုံ၊ သုံးစွဲပုံတို့ကို သင်တန်းပေးလုပ်ဆောင်နေကြောင်း သိရသည်။




ပန်ဆောင်မြို့အနီး နန်းယွန်းမြို့မှ စပါး၊ ပြောင်းစိုက်တောင်သူ မနှင်းလိတ်က "စိုက်ပျိုးရေးဌာနကတော့ အခု လယ်သမားတွေ အသုံးပြုနေတဲ့ ပိုးသတ်ဆေးတွေကို မသုံးခိုင်းဘဲ သူတို့စမ်းသပ်ထားတဲ့ ပိုးသတ်ဆေးကိုပဲ ပြောင်းလဲအသုံးပြုဖို့ ပြောထားပါတယ်။ ဒီလိုမျိုးပိုးကျရောက်တာမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး။ ဒါပထမဆုံးအကြိမ်ပါပဲ"ဟု ပြောသည်။

ပန်ဆောင်မြို့နယ် အတွင်းရှိ ထဟော၊ တောင်တင်း၊ တကုန်း၊ နောင်ယန်း၊ နောင်ပိုင်၊ ဝပ်ထမ်း၊ ပါပုန်၊ ယောကွမ်၊ နာလင်းအစရှိသော ရွာများမှ တောင်သူ ၁၆၄ ဦး၏ စပါးစိုက်ဧကပေါင်း ၁၇၆ ဧက ပိုးကျရောက်ခဲ့ပြီး ထိခိုက်မှုသည် ၁၃၁ ဧကအထိရှိ၍ ၃၁ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

ငမြှောင်တောင်ပိုးသည် သီးနှံမျိုးစုံကို ဖျက်ဆီးတတ်ပြီး လေးနှစ်တစ်ကြိမ် ဆိုးဆိုးရွားရွားကျရောက်တတ်ပြီး ရာသီဥတုဖောက်ပြန်သည့်နှစ်များတွင် သတိပြုရန် လိုအပ်ပြီး ငမြှောင်တောင်ပိုး ကျရောက်ပါက အပင်များသည် တံစဉ်ဖြင့် ရိတ်ထားသကဲ့ဖြစ်ပြီး စိုက်ခင်းတစ်ခင်းကို အချိန်ခဏအတွင်း ဖျက်ဆီးနိုင်ကြောင်း စိုက်ပျိုးရေးပညာရှင်အချို့က ပြောသည်။

# ဒေသနှင့် ကိုက်ညီမှုရှိသောမျိုးကို စိုက်ပျိုးနိုင်မှ ရော်ဘာထွက်ရှိမှု အားကောင်းမည်

**ရေး စက်တင်ဘာ ၁၁**

ပျိုးပင်မှန်ကို စိုက်ပျိုးနိုင်မှုအားနည်းပြီး အရည်အသွေးပိုင်းလည်း မမီနိုင်သေး၍ ကမ္ဘာ့ရော်ဘာဈေးကွက်ကို ယှဉ်ပြီး ရောင်းချနိုင်ခြင်း မရှိသေးကြောင်း မြန်မာ့ရော်ဘာထုတ်လုပ်သူများအသင်းမှ မွန်ပြည်နယ်အတွင်း ရော်ဘာထုတ်လုပ်သူများ အသင်းနဲ့ တွေ့ဆုံစဉ်က ရေးမြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ ဦးမောင်ဟင်းက ပြောသည်။

"ရော်ဘာမျိုးမှန်ရရှိရန် မြန်မာ့နှစ်ရှည်ပင်မှ မျိုးခွဲပညာရှင်များနှင့် ပူးပေါင်းပြီး ဒေသနဲ့ကိုက်ညီမှုရှိသောမျိုးကို စိုက်ပျိုးနိုင်မှသာလျှင် ရော်ဘာထွက်ရှိမှု အားကောင်းလာပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်ထက် ဝင်ငွေပိုရမည်ဖြစ်ကြောင်း၊ အရည်အသွေးပိုင်းကောင်းအောင်ထုတ်လုပ်လာလျှင် ကမ္ဘာ့ရော်ဘာဈေးကွက်သို့ ဝင်ဆံ့နိုင်မည်ဖြစ်ပြီး အရည်အသွေးပိုင်း ကောင်းမွန်ရန် ပညာရှင်များ ညှိနှိုင်းပြီး ခြံငယ်ရှင်များမှ ထုတ်လုပ်နိုင်ရန် ရေရှည်စီစဉ်



ပေးရန် လိုအပ်ကြောင်း ရေးမြို့နယ် ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌ က ဆက်ပြောသည်။

အဆိုပါ သဘာဝရော်ဘာကုန်ကြမ်းများကို တာယာနှင့်တာယာမဟုတ်သည့်အရာများ ထုတ်လုပ်မှု နှိုင်းယှဉ်လျှင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ တာယာ ၇၂ ရာခိုင်နှုန်းဖြစ်၍ တာယာမဟုတ်သည့်အရာများ ၂၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

● နေမျိုးထွဋ် (ရေး)

# တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ရန် ဆွေးနွေးဆဲအဆင့်သာရှိသေး

● ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ-သန့်ဇင်(မူဆယ်)

**နေပြည်တော် စက်တင်ဘာ ၁၁**

တရုတ်-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်ရေး တိုးမြှင့်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများ တိုးမြှင့်ဖွင့်လှစ်သွားရန် တရုတ်နိုင်ငံအစိုးရနှင့် ဆွေးနွေးနေဆဲ အဆင့်သာရှိနေသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။



လက်ရှိ ရှမ်းပြည်နယ်မှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်နေသည့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကို တရုတ်နိုင်ငံဘက်ခြမ်းတွင် တည်ထောင်ထားသည့် ရင်ကျန်းဗဟိုစီးပွားရေးဇုန်အနီးတွင် ပြောင်းရွှေ့ဖွင့်လှစ်ပေးရန် အပါအဝင် ကုန်သွယ်ရေးစခန်းအသစ်များ ထပ်မံဖွင့်လှစ်သွားရန် ဩဂုတ်လနောက်ဆုံးပတ်က တရုတ်အစိုးရနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ တွေ့ဆုံစဉ် တရုတ်အစိုးရက တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

"တရုတ် အစိုးရက ချင်းရွှေဟော်ကို ရင်ကျန်းဗဟိုစီးပွားရေးဇုန်အနီးသို့ ရွှေ့ပြောင်းပေးဖို့ တောင်းဆိုထားပါတယ်။ အခု ချင်းရွှေဟော်စခန်းကလည်း အဆင်ပြေနေတာပဲဆိုတော့ ရွှေ့ဖို့၊ မရွှေ့ဖို့ကတော့ ဆွေးနွေးနေဆဲပါပဲ" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိ မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နေသည့်ဆန်နှင့် သကြားအပါအဝင် လယ်ယာထွက်ကုန် များကို မြန်မာနိုင်ငံ အစိုးရ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှ တရားဝင်ကုန်သွယ်မှုအဖြစ် သတ်မှတ်ထားသော်လည်း တရုတ်နိုင်ငံဘက်မှ တရားမဝင်ကုန်သွယ်မှုအဖြစ် သတ်မှတ် ကာ ဖမ်းဆီးမှုများရှိနေကြောင်း ကုန်သည်များက ပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဘဏ္ဍာရေးမှူး ဦးအောင်မြင့်က "ကျွန်တော်တို့ဘက်က ကုန်စည်တင်ပို့မှုတွေကို နယ်စပ်ကုန်သွယ်ရေးအနေနဲ့ တရားဝင်ကုန်သွယ်မှုအဖြစ် သတ်မှတ်ထားပေမယ့် သူတို့ဘက်ခြမ်းက ကုန်လိုရင်လွှတ်ပေးပြီး မလိုတော့ရင်ဖမ်းတယ်။ သူတို့ဘက်က သကြားတို့၊ ဆန်တို့ဆိုရင် ကုန်သွယ်မှုတန်ဖိုးရဲ့ ၁၃ ရာခိုင်နှုန်းကို အခွန်အဖြစ်ပေးဖို့ သတ်မှတ်ထားတယ်။ သူတို့သတ်မှတ်တဲ့ အခွန်ကိုဆောင်မယ်ဆိုရင် ကုန်သည်တွေ မကိုက်တော့ဘူး"ဟု ပြောသည်။ ပြီးခဲ့သည့် ဩဂုတ် ၁၄ ရက်က မူဆယ်နယ်စပ် မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့မည့် မြန်မာကုန်သည်များပိုင် ဆန်နှင့် သကြား ကုန်ကား အစီးရေ ၂၀၀ ကျော်ကို တရုတ်နိုင်ငံဘက်ခြမ်းမှ တရားမဝင်ကုန်ပစ္စည်း အဖြစ် ဖမ်းဆီးထိန်းသိမ်းမှုကို ခံခဲ့ရကြောင်း သိရသည်။

လက်ရှိ တရုတ်-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး စခန်းများဖြစ်သည့် ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ လွယ်ဂျယ်နှင့် မူဆယ်ကုန်သွယ်ရေးစခန်းလေးခုအနက် တရုတ်နိုင်ငံ ရွှေလီမြို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် မူဆယ်ကုန်သွယ်ရေး စခန်းမှ ဆန်နှင့်သကြား အပါအဝင် မြန်မာ့လယ်ယာထွက်ကုန် အများဆုံးကို ကုန်သွယ်မှုပြုလုပ်နေခြင်းဖြစ်သည်။ လက်ရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငါးလကျော်အတွင်း တရုတ်နိုင်ငံနှင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံကျော် ကုန်သွယ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုစာရင်းများအရ သိရသည်။

# မြန်မာနိုင်ငံ၏ ကော်ဖီဈေးကွက်နှင့် အရည်အသွေးကို ထိန်းချုပ်မည်

● ဝတ်ရည်မွန် (AMIA)

**ရှာငံ စက်တင်ဘာ ၁၁**

အများပိုင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမလီမိတက်အသင်းကို တောင်သူ ၁၀၀ ကျော်ဖြင့် ဖွဲ့စည်း၍ မြန်မာနိုင်ငံ၏ ကော်ဖီဈေးကွက်နှင့် အရည်အသွေးကို ထိန်းချုပ်သွားမည် ဖြစ်ကြောင်း ရှာငံကော်ဖီအသင်းမှ သိရသည်။

"အခု တောင်သူတွေက အသီးအမှည့်တွေကိုပဲ တိုက်ရိုက်ရောင်းနေကြတော့ ဝင်ငွေအရနည်းတယ်။ မနှစ်ကဆိုရင် တကယ် စပါယ်ရှယ်ကော်ဖီဆိုရင်တစ်တန်ကိုဒေါ်လာ ၇၀၀၀ ကျော်ရတယ်။ အဲ့ဒါကြောင့် အဲ့ဒီ စပါယ်ရှယ်ကော်ဖီကို ကိုယ်တိုင်ပဲလုပ်ပြီး နိုင်ငံခြားကို တိုက်ရိုက်ရောင်းမယ်။ ကြားထဲက ပွဲစားတွေမဝင်နိုင်အောင် ဖြစ်ပါတယ်" ဟု ရှာငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ကျော်က ပြောသည်။


ရှာငံဒေသတွင် ခူးဆွတ်ပြီးကော်ဖီများ အခြောက်လှန်းထားသည်ကို တွေ့ရစဉ် ဓာတ်ပုံ - ကေဇူး

ရှာငံမြို့မှ ထွက်ရှိသည့် ကော်ဖီများကို အဆိုပါအသင်းကြီးမှတစ်ဆင့် ရောင်းချမည်ဖြစ်ပြီး ပြည်ပ အခြားနိုင်ငံများသို့ တင်ပို့မှုနှင့် ရောင်းချမှုများကိုလည်း အသင်းမှတစ်ဆင့် တိုက်ရိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောသည်။ ယင်းသို့ ရောင်းချနိုင်ရန်အတွက် USAID နှင့် WIN-ROCK အကူအညီနှင့် ကော်ဖီစက်ရုံကို တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှာငံဒေသတွင် ကော်ဖီအပြင် ထောပတ်သီး၊ မက္ကဒေးမီးယား၊ လက်ဖက်များကိုလည်း စိုက်ပျိုးကြသည့်အတွက် အဆိုပါ သီးနှံများကိုလည်း အသင်းမှတစ်ဆင့် စုရောင်းသည့်စနစ်ဖြင့် တိုက်ရိုက်ရောင်းချသွားမည်ဖြစ်သည်။ အဆိုပါကော်ဖီ စက်ရုံတွင် အခြားပုဂ္ဂလိက ကုမ္ပဏီများမှ ကော်ဖီကြိတ်ခြင်းများကိုလည်း လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရှာငံတွင် ထွက်ရှိသည့် ကော်ဖီသီးလုံးအမှည့်များကို မလေးရှား၊ ထိုင်းနှင့် တရုတ်နိုင်ငံများမှ တစ်ပိဿာလျှင် ငွေ ကျပ် ၈၀၀ ဖြင့်သာ ဝယ်ယူခဲ့ပြီး ကိုယ်တိုင်ထုတ်လုပ်မှု ပြုလုပ်ပါက ကော်ဖီအဆန် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။ ကော်ဖီအရည်အသွေးပိုင်းကို သေချာစိစစ် လုပ်ဆောင်သွားမည်ဖြစ်ပြီး ထိပ်တန်းကော်ဖီ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ ကျော်အထိရရှိသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ အဆိုပါ အများပိုင်ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမလီမိတက်အသင်းတွင် အသင်းဝင်အဖြစ် ပါဝင်လိုပါက အစုရှယ်ယာတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားပြီး စုရောင်းစနစ်မှရရှိသည့် အကျိုးအမြတ်တို့ကို ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

## ကနီမြို့နယ်တွင် ပင်ပွားချိန် မျိုးကွဲနုတ်ပယ်မှု တောင်သူပညာပေးသရုပ်ပြ

**ကနီ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာ တောင်သူ ဦးအေးကို ကွင်းအမှတ်(၁၂၉၅)၊ ဦးပိုင်အမှတ်(၁၀၉)ကွင်း၌ စိုက်ပျိုးထားသော ဆင်းသုခမျိုးသန့် ထုတ်စံပြကွက်တွင် ပင်ပွားစုံချိန် မျိုးကွဲနုတ်ပယ်မှုသရုပ်ပြပွဲကို စက်တင်ဘာ ၉ရက်က တောင်သူပညာပေးသရုပ်ပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြစိုက်ပွဲတွင် မျိုးကွဲနုတ်ပယ်မှု လက်တွေ့သရုပ်ပြရခြင်းအကြောင်းကို ယင်းမာပင်ခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများအား မျိုးသန့်ထုတ်စံပြကွက်တွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက မျိုးကွဲနုတ်ပယ်မှုကို လက်တွေ့သရုပ်ပြသခဲ့သည်။

ယခုနှစ်တွင် ယင်းမာပင်ခရိုင်အတွင်းတွင် မျိုးစေ့ထုတ်စပါး ရေမင်းစပါး ၈၀ ဧက၊ ဆင်းသုခ ဧက ၂၀ နှင့် ရွှေဘိုပေါ်ဆန်း ၁၀ ဧက စုစုပေါင်း ဧက ၁၁၀ စိုက်ပျိုးထားပြီး ယင်းမျိုးစေ့ထုတ်စိုက်ကွက်များမှ ခရိုင်အတွင်း ပြန်လည်ဖြန့်ဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည်ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

● သန်းဌေးအောင်(ကနီ)

# အထွက်နှုန်းနှစ်ဆရှိတဲ့ သဲနုန်းမြေတင်စိုက်ပျိုးခြင်း

● ဝတ်ရည်မွန် (AMIA)

ကျွန်မ ဒီတစ်ပတ်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် အတွင်းမှာရှိတဲ့ သဲကုန်းကျေးရွာလေးကို သွားရောက်လေ့လာဖြစ်ခဲ့တယ်။ ရွှေဘိုကနေ မိုင် ၄၀ နီးပါးသွားရင် သဲကုန်းရွာလေးကို ရောက်ရှိမှာဖြစ်ပါတယ်။ အဲဒီရွာလေးကို သွားတဲ့လမ်းတစ်လျှောက်မှာ သဲဖြူဖြူလေးတွေ တစ်ပုံစီခင်းထားတဲ့စိုက်ခင်းတွေကိုတွေ့ရသလို ပုံထားတဲ့ သဲတွေကို ပေါက်တူး၊ ဂေါ်ပြားတွေနဲ့ တစ်လှာချင်းညှိနေတဲ့ တောင်သူဦးကြီးတွေကိုလည်း တွေ့ရပါတယ်။ ရွာလမ်းတစ်လျှောက်မှာတော့ တဂျုံးဂျုံးနဲ့ ငါးမိနစ်ခြားတစ်ခါလောက်သွားနေတဲ့ သဲတင်ကားကြီးတွေကိုလည်း ဖြတ်သန်းသွားလာနေတာကို တွေ့ရပါတယ်။

သဲကုန်းကျေးရွာလေးကို လာရောက်လေ့လာဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ မြေပဲကိုတစ်ရွာလုံး စိုက်ပျိုးကြပြီး ကျွန်မအတွက် စိတ်ဝင်စားစရာအကောင်းဆုံးကတော့ စိုက်ပျိုးတဲ့နေရာမှာ သဲခင်းပြီးစိုက်ပျိုးကြတာပဲ ဖြစ်ပါတယ်။ ကျွန်မမြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းတွေဟာ သဲခင်းပြီးစိုက်ပျိုးဖို့အတွက် ပြင်ဆင်ထားတာတွေဖြစ်တယ်လို့လည်း ဒေသခံတောင်သူ ဦးတင်ဖေက ရှင်းပြပါတယ်။

"ဒါက အဘရဲ့မြေပဲခင်းပဲ။ အခု သူ့ကိုသဲချပြီး လုပ်ထားတာပါ။ လာမယ့်ဆောင်းသီးနှံမှာ မြေပဲစိုက်မှာပေါ့။ အခုက ကြက်ချေးနဲ့ နှပ်ထားတာ။ တချို့ကတော့ မြေကြီးကိုပေါက်ပြားတွေနဲ့ရော၊ လူတွေနဲ့ညှိကြတယ်။ တချို့ကလည်းစက်အားနဲ့ ညှိကြတယ်၊ မိုးမြေပဲချထားပြီးနေပြီ။ အဘကတော့ ဆောင်းသီးနှံမှာပဲချမှာဖြစ်လို့ ဒီတိုင်းနှပ်ထားတာ" လို့ ဆက်လက်ရှင်းပြပါတယ်။

သဲကုန်းကျေးရွာမှာ မြေပဲကိုသဲခင်းပြီး စိုက်ပျိုးတဲ့အတွက် တခြားရွာတွေနဲ့ယှဉ်ရင် တစ်ဧကကို မြေပဲတင်း ၅၀ လောက် ပိုထွက်လို့ တခြားရွာတွေကတောင် အဲဒီနည်းအတိုင်းတုပစိုက်ပျိုးလာနေကြတယ်လို့ သိရပါတယ်။

အခုလို မြေပဲကို သဲခင်းပြီးစိုက်ပျိုးတဲ့နည်းစနစ်ကိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ လောက်က ကာဘိုးဆည်ကြီး ကျိုးကျခဲ့ပြီးနောက် ရွာဒေသခံ ဦးရွှေကစပြီးတွေ့ခဲ့တာ ဖြစ်ပါတယ်။ ဆည်ကြီးကျိုးပြီး မူးရေထဲကနေတစ်ဆင့်ပါလာတဲ့ သဲတွေက သဲကုန်းကျေးရွာရဲ့ စိုက်ပျိုးမြေတစ်ပိုင်းလုံးကို ဖုံးသွားပြီး တစ်ပိုင်းကတော့ မြေသားပဲကျန်ခဲ့ပါတယ်။ စိုက်ထားတဲ့ အသီးအနှံတွေလည်းပျက်စီးပြီး သူ့အခင်းကလည်း သဲဖုံးသွားတဲ့အတွက် အဲဒီအချိန်ကာလတုန်းက တော်တော်ကိုစိတ်ညစ်ခဲ့ရတယ်လို့ ဦးရွှေက သူ့အကြောင်းကို ပြန်လည်ရှင်းပြပါတယ်။

"အဲဒီတုန်းက အဘအသက်က ၂၀ ကျော်လောက်ပေါ့။ မိန်းမကလည်းရပြီးခါစဆိုတော့ မိဘကပေးထားတဲ့ လယ်တစ်ကေအပေါ်မှာ စိုက်ပျိုးနေတာ။ သဲတွေဖုံးသွားတော့ ဘာမှလုပ်လို့မရတာနဲ့ အဲဒီအတိုင်းပဲ စိုက်ပျိုးလိုက်တာ။ ထူးထူးခြားခြားသဲဖုံးနေတဲ့တစ်ဝက်က မြေပဲတအားထွက်တာကို တွေ့ရတယ်။ အဘလိုက်ပြောပြတာပဲ။ တစ်ယောက်မှမယုံကြဘူး။ အခုတော့ ယုံသွားကြပါပြီ" လို့ အသက် ၈၀ ကျော်နေပြီဖြစ်တဲ့ ဦးရွှေက ရယ်ရယ်မောမောနဲ့ ကျွန်မကိုပြန်လည်ပြောပြပါတယ်။ ကာဘိုးဆည်ကြီးက ၁၉၅၆ ခုနှစ်မှာ ကျိုးကျခဲ့တာ ဖြစ်ပါတယ်။ ဦးရွှေရဲ့ စိုက်ပျိုးနည်းအောင်မြင်တာကိုတွေ့ရတော့ ရွာကဒေသခံတချို့က ၁၉၅၇ ခုနှစ်မှာ မြစ်ကနေသဲတွေကို နွားလှည်းနဲ့ သယ်ခဲ့ပြီး လှည်းတစ်စီးကို တစ်ကျပ်နှုန်းနဲ့စပြီး သဲတွေကို တိုက်ခဲ့ရတာဖြစ်တယ်လို့ သိရှိရပါတယ်။ သဲခင်းပြီး စိုက်ပျိုးတာဟာ ပုံမှန်စိုက်ပျိုးတာထက် ထွန်ရတာလွယ်ကူပြီး ပေါင်းတင်၊ ပေါင်းဖြတ်ရတာလည်း လွယ်ကြောင်းဦးရွှေက ထပ်မံရှင်းပြပါတယ်။

မြေပဲကို သဲချပြီးစိုက်ပျိုးတော့မယ်ဆိုရင် သဲတိုင်းလည်းချလို့မရဘဲ သဲကြမ်းနဲ့သဲနုဆိုပြီး ခွဲခြားထားတယ်လို့သိရပါတယ်။ သဲကြမ်းနဲ့စိုက်ပျိုးပါက အသီးတွေတစ်လုံးနဲ့တစ်လုံး အလုံးတွေထပ်ပြီးတော့ လေဟာတဲ့အတွက် မြေပဲအပေါက်နှုန်းနည်းပါတယ်။ မြေပဲစိုက်ပျိုးဖို့အတွက် သဲချတဲ့အချိန်ဟာ မတ်လမှာစတင်ချတာဖြစ်ပြီး ဆောင်းသီးနှံအတွက် စိုက်ပျိုးဖို့ ဧပြီလမှာမျိုးကို ဖော်တယ်လို့ သိရပါတယ်။ အဲဒီရတဲ့မျိုးကို လာမယ့် ဆောင်းသီးနှံအတွက် အောက်တိုဘာ ၁ ရက်ကနေ ၂၀ ရက်နေ့မှာအပြီး မြေပဲကိုစိုက်တယ်လို့ သိရပါတယ်။

စိုက်ပျိုးတဲ့အခါမှာတော့ ရှေးဦးစွာမြေပဲဆန်တစ်တင်းခွဲကို လူးနယ်ဆေးအသုံးပြုပြီး ဓာတ်မြေသြဇာကို တစ်ဧကမှာ တစ်အိတ်လောက် အသုံးပြုတယ်လို့သိရပါတယ်။ ပြီးရင်တော့ သဘာဝမြေသြဇာတွေဖြစ်တဲ့ နွားချေး၊ ကြက်ချေးတွေကိုလည်း ထည့်သွင်းအသုံးပြုတယ်လို့ တောင်သူ ဦးတင်ဖေက ရှင်းပြပါတယ်။ အပင်သန်ဆေး၊ အရွက်ဖျန်းဆေးတွေကို တစ်ဧက တစ်ပုလင်းလောက်ပဲသုံးပြီး သဲနုန်းသည်မြေသြဇာ အပြည့်အဝပါတဲ့အတွက် သွင်းအားစုတွေကိုလည်း အလွန်အကျွံအသုံးပြုဖို့ မလိုဘူးလို့လည်း ဦးတင်ဖေကပဲ ထပ်မံပြောပြပါတယ်။

သဲချစိုက်ပျိုးတာမှာ အားနည်းချက်က ဝေးလံတဲ့နေရာတွေက သယ်ယူမယ်ဆိုရင် ကုန်ကျစရိတ်များတာပဲ ဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးဖို့အတွက် တစ်ဧကကို သဲကားအစီးရေ ၂၂၀ လိုအပ်တယ်လို့သိရပါတယ်။ သဲတစ်စီးကို နေရာအကွာအဝေးလိုက် ငွေပေးရတာဖြစ်ပြီး အနည်းဆုံးငွေကျပ် ၈၀၀၀ နှင့်အထက်ရှိတယ်လို့ သိရပါတယ်။ သဲခြောက်လက်မကနေ ခုနစ်လက်မအထူထိ သဲချရတယ်လို့ သိရပါတယ်။ ပထမအကြိမ်မှာ သဲကားအများကြီးချရပေမယ့် ဒုတိယအကြိမ်မှာတော့ သဲကားအစီး ၁၀၀၊ ဒုတိယအကြိမ်မှာတော့ သဲကားအစီး ၅၀ နဲ့ တဖြည်းဖြည်းနည်းသွားမှာဖြစ်ပြီး တစ်ခါသဲချပြီးရင်တော့ ၁၀ နှစ်သက်တမ်းခံတယ်လို့ သိရပါတယ်။

လက်ရှိ အဆိုပါဒေသမှာတော့ ရေဆင်း ၁၁ မြေပဲအမျိုးအစားဖြစ်တဲ့ ဒေသအခေါ်ခါးတုတ်မျိုးကို စိုက်ပျိုးကြပါတယ်။ တစ်ဧကကိုမြေပဲဆန်တစ်တင်းခွဲ အသုံးပြုတယ်လို့သိရပါတယ်။ မြေပဲတစ်ဧကကို ပုံမှန်ထွက်ရှိနှုန်းက တင်း ၅၀ ဖြစ်ပေမယ့် သဲနုန်းမြေမှာတင်ပြီး စိုက်ရင်တော့ တစ်ဧကတင်း ၁၀၀ ကျော် ထွက်ရှိတယ်လို့သိရပါတယ်။ တောင်သူတစ်ဦးဆိုရင် တစ်ဧကတောင် မပြည့်ဘူးစိုက်တာ တင်း ၁၂၀ ထိတောင်ထွက်ပါတယ်။ ရိုးရိုးစိုက်ပျိုးတာနဲ့ သဲနုန်းမြေတင်စိုက်တာမှာ အထွက်နှုန်းပေါ်မူတည်ပြီး အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်ကလည်း အများကြီးကွာသွားတာကို တွေ့ရပါတယ်။

"ကျွန်တော်တို့လုပ်ထားတဲ့ စစ်တမ်းအရဆိုရင် ရိုးရိုးစိုက်ပျိုးတာက အကျိုးအမြတ်က ရတော့ရတယ်။ ဒါပေမယ့် အထွက်နှုန်းနည်းပါတယ်" လို့ ရွှေဘိုမြို့နယ် စားသုံးသူရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်ကျော်က ပြောပါတယ်။

ရာခိုင်နှုန်းအရ ရိုးရိုးစိုက်ပျိုးတာဟာ ၁၀၀ မှာ ၈၀ ရာခိုင်နှုန်းသာရှိပြီး သဲနုန်းမြေတင်စိုက်ပျိုးမှုက ၁၃၄ ရာခိုင်နှုန်းအထိ အကျိုးအမြတ်ရရှိတယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ သဲကုန်းကျေးရွာပတ်လည်မှာရှိတဲ့ အက်တောကျေးရွာ၊ တက်သစ်ကျေးရွာတို့မှာ စိုက်ပျိုးနေပြီး ဧက ၁၀၀၀ နီးပါး စိုက်ပျိုးနေကြပါပြီ။ သဲချစိုက်ပျိုးတာဟာ အကုန်အကျများတဲ့အတွက် လက်ရှိမှာနိုင်ငံတော်က စိုက်ပျိုးစရိတ်တွေကို ပံ့ပိုးနိုင်ဖို့အတွက် တင်ပြထားတယ်လို့ ၎င်းကပဲ ဆက်လက်ပြောပြပါတယ်။

အခုလို သဲချပြီးစိုက်ပျိုးတာကိုတော့ အခြားရောဝတီမြစ်ရိုးတစ်လျှောက်၊ ချင်းတွင်းမြစ်တစ်လျှောက်အပြင် အခြားသဲနုန်းတင်ရှိတဲ့နေရာတွေမှာပါ စိုက်ပျိုးနိုင်တယ်လို့ သိရပါတယ်။

ကျွန်မရဲ့ အပြန်လမ်းတစ်လျှောက်မှာတော့ စိမ်းစိုနေတဲ့ မြေပဲခင်းကြီးတွေ၊ သဲပုံဖြူဖြူလေးတွေနဲ့ သဲတွေအတင်အချပြုလုပ်နေတဲ့ အလုပ်သမားတွေနဲ့အတူ ကာဘိုးဆည်ကြီးကတော့ ဒီရွာရဲ့ အမှတ်အသားတစ်ခုအဖြစ်နဲ့ ကျန်ရှိနေပါတော့တယ်။



ရွှေဘိုခရိုင် သဲကုန်းကျေးရွာ၌ သဲနုန်းမြေတင် စိုက်ပျိုးရန်ထွန်ယက်ထားသည့် ယာခင်းတစ်ခုကို တွေ့ရစဉ် ဓာတ်ပုံ - ဟန်စော

# တောင်သူများသို့ မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများပေးအပ်

● စောမျိုးမင်းသိန်း (ပြန်/ဆက်)

ဘားအံ စက်တင်ဘာ ၁၁

ကရင်ပြည်နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဖာပွန်၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ်များရှိ တောင်သူလယ်သမားများသို့ မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများ ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၈ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး ရဲသူရခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်က ယခုနှစ်စပါးစိုက်ခင်းများတွင် မြို့နယ်များအလိုက် ဖြုတ်ပိုးကျရောက်မှုအခြေအနေ၊ ကာကွယ်နှိမ်နင်းရာတွင် သိရှိလိုက်နာရမည့်အချက်အလက်များအား အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက ဖာပွန်၊ ကော့ကရိတ်၊ လှိုင်းဘွဲ့မြို့နယ်များရှိ တောင်သူလယ်သမားများအား ရေကျနောက်စိုက်ရေယာများအတွက် စိုက်ပျိုးရန် ရေမြုပ်ခံစပါးမျိုးစေ့များ၊ ဘက်စုံသုံးဆေးဖျန်းပုံးများ၊ သီးနှံကာကွယ်ရေးဆေးများပေးအပ်ရာ တောင်သူလယ်သမားများက လက်ခံယူကြသည်။

အဆိုပါ မျိုးစေ့၊ ဆေးဖျန်းပုံး၊ သီးနှံကာကွယ်ရေးဆေးများ ပေးအပ်ရာတွင် ဖာပွန်မြို့နယ်အတွက် Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ဒါနဒင်ပိုးသတ်ဆေး ၁၀ လီတာ၊ ရိုးရိုးဆေးဖျန်းပုံး ငါးပုံး၊ လှိုင်းဘွဲ့မြို့နယ် နောင်ဘိုကြီးကျေးရွာအတွက် Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ဒါနဒင်ပိုးသတ်ဆေး ၁၀ လီတာ၊ ဘက်စုံသုံးဆေးဖျန်းပုံးငါးပုံး၊ ရွက်ဖျန်း တစ်ဖာ၊ ပုလဲသွယ်တင်း ၂၀၊ ကွမ်ဘီကျေးရွာအတွက် ဘက်စုံသုံးဆေးဖျန်းပုံးနှစ်ပုံး၊ Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ရွက်ဖျန်းတစ်ဖာ၊ ကော့ကရိတ်မြို့နယ်အတွက် Vitagro ပိုးသတ်ဆေး ၁၀ ပုလင်း၊ ရွက်ဖျန်း နှစ်ဖာ၊ ဘက်စုံသုံးဆေးဖျန်းပုံး သုံးပုံးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

# ပွင့်ဖြူမြို့နယ်၌ စပါးဆစ်ပိုးကာကွယ်နှိမ်နင်းခြင်းဆောင်ရွက်

သတင်း-ဇူလိုင်မိုး၊ဓာတ်ပုံ-ချစ်သမီး

ပွင့်ဖြူ စက်တင်ဘာ ၁၁

ပဋိဇီဝဌာန(နေပြည်တော်ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်း၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ သီးနှံကာကွယ်ရေးဌာနခွဲ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ဝင်း၊ ခရိုင်သီးနှံကာကွယ်ရေးဌာနခွဲ ဦးစီးအရာရှိ ဦးသိန်းဝင်းနှင့် တာဝန်ရှိဝန်ထမ်းများပူးပေါင်း၍ စက်တင်ဘာ ၉ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၏ မိုးစပါးစိုက်ခင်းများတွင် စပါးဆစ်ပိုးကာကွယ်နှိမ်နင်းခြင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ အသိပညာပေးဟောပြောပွဲများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ ကွင်းအမှတ် (၉၁၀) တောင်သူ ဦးကျော်မောင်၏ ရောမင်းမိုးစပါး စိုက်ဧက ၂၀ တွင် လည်းကောင်း၊ ဥယျဉ်ကျစ်ကျေးရွာအုပ်စု ရွှေဘိုကျေးရွာ ကွင်းအမှတ် (၇၀၃) တောင်သူ ဦးအောင်မြင့်စိန်၏ ရတနာတိုးနှင့် ရောမင်းမိုးစပါး စိုက်ဧက ၁၀ တွင်လည်းကောင်း၊ စလင်းမြို့နယ် မကျည်းပင်ပုကျေးရွာ ကွင်းအမှတ် (၅၇၃) တောင်သူ ဦးချစ်ခင်၏ ရောမင်းမိုးစပါးစိုက်ဧက ၂၀ တွင်လည်းကောင်း စပါးဆစ်ပိုးကာကွယ်နှိမ်နင်းခြင်းများကို လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးရာ ဒေသခံတောင်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ ထို့နောက် အဆိုပါအဖွဲ့က ဒေသခံတောင်သူများကို စပါးဆစ်ပိုးကာကွယ်နည်းများနှင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



"စပါးဆစ်ပိုးကာကွယ်တဲ့နေရာမှာ ဇီဝနည်းနဲ့ကာကွယ်နှိမ်နင်းနည်း၊ ဘက်စုံသီးနှံကာကွယ်နည်းဆိုပြီး နှစ်မျိုးရှိပါတယ်။ စပါးဆစ်ပိုးကာကွယ်နှိမ်နင်းတဲ့အခါမှာ လိုအပ်မှသာ ဆေးကိုသုံးပါတယ်။ အဲဒါက ဇီဝနည်းနဲ့ကာကွယ်နည်းပေါ့။ ဆေးမလိုအပ်ဘူးဆိုရင်တော့ ပိုးဥတွေကို လက်နဲ့ပဲ ကောက်ပါတယ်။ ဒါကတော့ ဘက်စုံသီးနှံကာကွယ်နည်းခေါ်တာပေါ့။ စပါးဆစ်ပိုးက ဥအနေနဲ့ရှိနေတဲ့အချိန်မှာ အချိန်မီနှိမ်နင်းနိုင်ရင် ပိုကောင်းပါတယ်။ စပါးဆစ်ပိုးဥတွေက စပါးအုံတစ်အုံမှာ ဥ ၂၀၀ လောက်ကပ်ပါတယ်။ သူ့ကို ဥကပ်ပါးနကျယ်ကောင်လို့ ခေါ်ပါတယ်။ ဥတွေက စပါးရွက်မျက်နှာပြင်မှာ အစုလိုက်ကပ်နေတတ်တယ်။ အဲဒါကို တောင်သူတွေက စောစောစီးစီး သတိထားမိရင် စပါးရွက်ကလေးတွေကို လိုက်ဖြတ်လိုက်ရုံနဲ့ ကာကွယ်ပြီးသားဖြစ်ပါတယ်။ အဲဒီအချိန်မှာဆို ဆေးသုံးစရာမလိုပါဘူး"ဟု ဦးသိန်းဝင်းက ပြောသည်။

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၂-၉-၂၀၁၆** ရက်နေ့မှ စတင်၍ **၂၆-၁၁-၂၀၁၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁-၁-၂၀၁၇** မှ **၂-၁-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်အတွင်း မြစ်သာရေလှောင်တမံစီမံကိန်းအနီးရှိ ပြောင်းရွှေ့ကျေးရွာ(၄)ရွာသို့ ဓာတ်အားပို့လွှတ်လိုင်း(11 KV)နှင့် ဖြန့်ဖြူးလိုင်း (0.4KV)များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအား ပြင်ပလုပ်ငန်းရှင်များထံ လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၁၂-၉-၂၀၁၆ရက်မှ၂၂-၉-၂၀၁၆ရက်အထိ နေ့စဉ် ၉:၃၀ နာရီမှ ၁၆:၀၀ နာရီအတွင်း

**တင်ဒါနောက်ဆုံးတင်သွင်းမည့်ရက်** - ၂၄-၉-၂၀၁၆ ရက် ၁၆:၀၀ နာရီအတွင်း

**တင်ဒါဖွင့်မည့်ရက်** - နောက်ဆုံးတင်သွင်းရက်မှ တစ်ပတ်အတွင်း

**တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မင်းဘူးမြို့

၃။ လုပ်ငန်းအတွက် အရောက်ပို့စနစ်ဖြင့် ပေးသွင်းရမည့်ပစ္စည်းစာရင်း၊ ဆောင်ရွက်ရမည့်ဓာတ်အားလိုင်း ပြုပြင်သွယ်တန်းခြင်းလုပ်ငန်းပမာဏ၊ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ မင်းဘူးမြို့တွင် ၁၂-၉-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း တစ်စုံလျှင် (၁၀၀၀၀ိ-)ကျပ်ဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအားလျှပ်စစ်ဌာနခွဲ(၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့**
**ဖုန်း-၀၆၅-၃၀၂၈၇၊ ၀၉-၄၅၂၅၂၂၅၀၊ ၀၉-၇၇၉၅၉၁၀၃၈**

---

## THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR
## MINISTRY OF ELECTRICITY AND ENERGY LNG BUSINESS SECTOR IMPLEMENTATION AND DEVELOPMENT CENTRAL COMMITTEE

**Dated: 6 September,2016**

INVITATION FOR LETTER OF EXPRESSION OF INTEREST TO CONDUCT LIQUEFIED NATURAL GAS(LNG) BUSINESS IN MYANMAR

1. LNG Business Sector Implementation and Development Central Committee ("the Committee")under the Ministry of Electricity and Energy, the Republic of the Union of Myanmar is planning to implement bulk import and regasification of LNG project(s)in Myanmar through private sector participation.
2. All interested foreign companies are cordially invited to submit a non-binding Letter of Expression of Interest, together with the following documents:-
   (a) Article of Association
   (b) Memorandum of Association
   (c) Certificate of Incorporation
   (d) Latest Audited Annual Report
   (e) Company's Track Record in bulk LNG import and/or regasification
3. All documents shall be submitted in a sealed envelope superscripted "Confidential" "Myanmar LNG Business"to the following address not later than 04:30 pm, by 28th October,2016.
   LNG Business Sector Implementation and Development Central Committee
   Myanma Oil and Gas Enterprise(MOGE)Office
   Ministry of Electricity and Energy
   Buliding No.44,Nay Pyi Taw
   The Republic of the Union of Myanmar
4. The Committee plans to select private sector participant(s) to implement bulk LNG import and/ or regasification project(s)through a competitive selection process.
5. For further inquiry(and/or)information, please contact any of the following:-
   (a) Managing Director
   Myanma Oil and Gas Enterprise
   Ministry of Electricity and Energy
   Building No.44,Nay Pyi Taw
   The Republic of the Union of Myanmar
   Fax:95-67-411125/411178
   (b) Director(Production)
   Myanma Oil and Gas Enterprise
   Ministry of Electricity and Energy
   Building No.44,Nay Pyi Taw
